www.burmeseclassic.com

# ဧဒိ

## ဝိညာဉ်လိပ်ပြာနက်ခေါင်သောင်ရာ

BURMESE CLASSIC .com

ပန်းချီ သိန်းရွှေကြည် 2011

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၂၅၁၁၀၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၄၂၁၁၁၁
ထုတ်ဝေသူ ♦ ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊
ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ ♦ ရွှေခြသေ့ပုံနှိပ်တိုက်
အမှတ် (၂၂၅)၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်
ရန်ကုန်မြို့။
ပုံနှိပ်ခြင်း ♦ ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ။
အုပ်ရေ ♦ ၅၀၀ အုပ်
တန်ဖိုး ♦ ၁၀၀ ကျပ်
ဖြန့်ချိရေး ♦ ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ ၃-လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764, 095089894

ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း (CIP)

၈၉၅.၈၃
ဒေဝီ
ဝိညာဉ်လိပ်ပြာနက်ခေါ်ဆောင်ရာ/ဒေဝီ။ -ရန်ကုန်။
ရဲအောင်စာပေ၊ ၂၀၁၁။
(၂၅၆) စာ၊ ၁၂ စင်တီမီတာ x ၁၇.၇ စင်တီမီတာ
(၁) ဝိညာဉ်လိပ်ပြာနက်ခေါ်ဆောင်ရာ

## အခန်းစဉ်

- ညလုံးပေါက်ဆေးခန်းသို့ ရောက်လာခဲ့သော လူထူးလူဆန်း
- သင်္ချိုင်းဇရပ်ပျက်ပေါ်က ကလေးငိုသံ
- ဓမ္မစေတီမင်းဂါထာနှင့် ဝိတိုရိယဘုရင်မမြိတ်ထုံးဒင်္ဂါးများ
- လိပ်ပြာတောင်ပံခတ်သံများနှင့် ခရီးနှင်သူ
- ကျောက်ဖြူရဲတိုက်ကြီးပိုင်ရှင် စော်ဘွားလေး
- အိပ်မက်ဆိုးများသားကောင်
- ဂျပန်လေယာဉ်ပျံပျက်ကြီးထဲက ရွှေဒင်္ဂါးနှင့် ရွှေချောင်းများ
- ၃၆-ကောင် ပေါက်ကောင်ဖွင့်မယ်
- အမြွှာညီအစ်ကို
- ချစ်သူ့ရင်ခွင်ထဲမှာ တစ်သက်လုံး

www.burmeseclassic.com

www.burmeseclassic.com

# ညလုံးပေါက်ဆေးခန်းသို့ ရောက်လာသော လူထူးလူဆန်း

မြန်မာနိုင်ငံအား အင်္ဂလိပ်အစိုးရ အုပ်ချုပ်နေသော အချိန်ကာလဖြစ်သည်။

လွန်ခဲ့သော်မှ အေးစိမ့်နေသောဆောင်းညတစ်ညလည်းဖြစ်သည်။

ကောင်းကင်ပြင်တစ်ခုလုံးမှုန်မှိုင်းနေသော်လည်း ဖျိုးဖျိုးဖျတ်ဖျတ်နှင့် ကြယ်ရောင်လေးများ လင်းလက်နေကြသည်။ ပိုးတဝါးလရောင်များထိုးကျလျက်ရှိနေသည်။ သစ်ရွက်သစ်ခက်များပေါ်မှ စီးယိုကျလာသော နှင်းရည်အစက်အပေါက်များ၏ ဖျောက်ဖျောက်ကျသံကို ကြားနေရသည်။ သိပ်သည်းသော ညဉ့်ဆုပိတ်ပိတ်ကြီးက လောကဓာတ်တစ်ခုလုံး ပိတ်ဖုံးလျက် ငြိမ်ဆိတ်ရှိနေပေသည်။

နိုးလှိုင်ညွှန့်စာပေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဘရုတ်ကင်းလမ်းပေါ်ရှိ တိုက်တစ်တိုက်၏ ဒုတိယထပ်သည်မီးရောင်များလင်းလျက်ရှိသည်။ အခြားတိုက်ခန်းများမှာ လွန်စွာမှ ချမ်းအေးသောဆောင်းညအား အံတုရင်မဆိုင်ရဲဘဲ လုံလုံခြုံခြုံနွေးနွေးထွေးထွေးမီးပိတ်ကာ စောင်ခြုံကွေးနေသော်လည်း ဒေါက်တာ သုရိန်တစ်ယောက်သာ အိပ်မပျော်နိုင်သေးဘဲ ရှိနေသည်။

ထိုညက သူသည် လွန်စွာမှ စိတ်ဝင်စားဖွယ်ကောင်းသော စာရေးဆရာရှေလင်းယုန်အမည်ခံ ဂျာနယ်ကျော်ဦးချစ်မောင်၏ 'သူ'ဝတ္ထုကိုဖတ်လျက်ရှိသည်။ ဝတ္ထုထဲတွင်ပါဝင်သော ဆရာဝန်ကိုမြင့်မောင်၏ ထူးဆန်းလှတ်အနှစ်နာခံမှု မြင့်မြတ်သော စိတ်ထား လူတစ်ဖက်သားအပေါ် လွန်စွာမှ အားနာတတ်မှုများကို စိတ်ဝင်စားဖွယ်ဖတ်ရှုလျက်ရှိသည်။

ဝတ္ထုဇာတ်လမ်းများက အဆုံးထိဖတ်ချင်အောင်ဆွဲခေါ်သွားသဖြင့် ယခင်ညများက အိပ်ချိန်ရောက်သည့်တိုင် မအိပ်နိုင်ဘဲစိတ်ဝင်တစား ပြီးဆုံးအောင်ဖတ်ဖြစ်သွားသည်။

ဥတ္တိုရွာကလေးသို့ဆရာဝန်ကိုမြင့်မောင်ရောက်လာပြီး ပုလိပ်ရောဂါဖြစ်ပွားမှုများကို ဆေးကုသပေးလျက်ရှိသည်။ အဆို





ပါရွာတွင် ဒူလာ ငန်းဖမ်းရောဂါနှင့် အိပ်ရာထဲတွင်လဲနေသူ လူမမာဦးဖိုးကူးဆိုသည့် အဖိုးကြီးတစ်ယောက်ရှိသည်။ ပုလိပ်ရောဂါကာကွယ်ရေးအတွက် အမှိုက်များကိုမီးရှို့ရာကနေ ရွာရှိအိမ်များ မီးစွဲလောင်ခဲ့သည်။

မီး … မီး ဟုဆိုသောအခါ လူမာစောင့်များကလည်း လန့်ဖြန့်လျက် ကမန်းကတန်း ဆင်းပြေးကြကာ ဦးဖိုးကူးကို မေ့ထားခဲ့ကြသည်။ သတိရ၍ ကြည့်လိုက်ချိန်တွင် ဦးဖိုးကူးအိမ်က မီးစွဲလျက်ရှိနေသည်။ ဆရာဝန်ကိုမြင့်မောင်သည် မီးစွဲလောင်နေသော အိမ်ထဲသို့ အတင်းပြေးဝင်ကာ ဦးဖိုးကူးအား ထမ်းထုတ်လာပြီး ကယ်တင်နိုင်ခဲ့သည်။

အပြင်ဘက်မှ စောင့်နေသူများကို ဦးဖိုးကူးအား လှမ်းပေးပြီးနောက် မထင်မှတ်ဘဲ မီးစွဲလောင်နေသော တိုင်ကြီးက သူ့အပေါ် ပိကျခဲ့သည်။

ဆရာဝန်ကိုမြင့်မောင်သည် လဲကျသွားပြီး အောက်တွင်ခံနေသော သံပြားစောင်းနှင့် မျက်နှာကိုရိုက်မိသွားသည်။ ကိုမြင့်မောင်ကိုလည်း မီးစွဲနေသည့်ကြားမှ မနည်းဆွဲထုတ်ယူခဲ့ရသည်။ ဒဏ်ရာကပြင်းထန်လွန်းသည်။ ခြေထောက်တစ်ဖက်ကို ဖြတ်ပစ်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။ မျက်နှာမှာလည်း ကန့်လန့်ဖြတ် အမာရွတ်ကြီးဖြစ်သွားသည်။ ခြေထောက်တစ်ဖက် မရှိသောကြောင့် ဂျိုင်းထောက်နှင့်လမ်းလျှောက်ရသည်။

ဝတ္ထုထဲက ဆရာဝန်ကိုမြင့်မောင်သည် စိတ်သဘောထားမြင့်မြတ်ပြီး ရက်ရက်ရောရော ခွင့်လွှတ်တတ်သည့် ရှားရှားပါးပါး ဆရာဝန်ကြီးတစ်ဦးဖြစ်သည်။ ဒေါက်တာသူရိန်ကိုယ်တိုင်ကလည်း 'သူ' ဝတ္ထုထဲက ဇာတ်ကောင်ဖြစ်သော ဆရာဝန်ကိုမြင့်မောင်လို စိတ်ထားမျိုးနှင့် ဆင်းရဲဒုက္ခရောက်နေသူများကို ကူညီစောင့်ရှောက်ဆေးဝါးကုသဖို့ အချိန်ပြည့်တွေးနေသူဖြစ်သည်။

မြန်မာပြည်အစွန်အဖျားဒေသများနှင့် တောကျေးခြုံကြား မကျန် နယ်လှည့်ဆေးကုသပေးရန် ဆုံးဖြတ်ထားသူဖြစ်သည်။ ဆောင်းကတော့ ဆောင်းပီသစွာ အေးစိမ့်လျက်ရှိနေသည်။ အချိန်က မစောတော့ ဒေါက်တာသူရိန်သည် ဧည့်ခန်းတွင် ချိတ်ထားသော တိုင်ကပ်နာရီကို တစ်ချက်မော့ကြည့်လိုက်သည်။

'အော်... ည (၂)နာရီကျော်နေပြီပဲ ...'

ဟုတွေးလိုက်ရင်း စာဖတ်နေရာမှ ထလိုက်သည်။





အနွေးထည်များထပ်ဝတ်လိုက်သည်။ ဓါတ်ဘူးထဲတွင်ရှိသော ရေနွေးပူပူနှင့် ကော်ဖီမှုန့်ကိုနှပ်ရင်း ကော်ဖီပူပူတစ်ခွက်ဖျော်သောက်လိုက်သည်။ သူ့အတွေးများသည်လည်း ကာလကတ္တားတွင် ဆေးပညာသင်ယူရင်း ဆေးကျောင်းတက်ခဲ့သည့် ဘဝများကို ပြန်လည်မြင်ယောင်လာမိသည်။

သူတက္ကသိုလ်ဝင်စာမေးပွဲ အောင်သည့်နှစ်မှာပင် အားအားရာ မိဘနှစ်ပါးစလုံး မမျှော်လင့်ဘဲ ရှေ့ဆင့်နောက်ဆင့် ဆိုသလို ကွယ်လွန်သွားကြသည်။ တစ်ဦးတည်းသောသားဖြစ်သူ့အတွက် မိဘနှစ်ပါးထားခဲ့သော ဥစ္စာများကလည်း သုံးမကုန်ဆောင် များပြားလှသည်။

အဆိုပါပစ္စည်းဥစ္စာများနှင့် သူဌေးလေး ဖြစ်လာသော သူရိန်မှာ အများနှင့်မတူသော ထူးခြားသည့် စိတ်ကူးရှိသူဖြစ်သည်။

မိဘ၏ လက်ငုပ်လက်ရင်းအလုပ်များကို ဆက်လက်လုပ်ကိုင်သွားယုံမျှနှင့် သူ့ဘဝအတွက် ပြည့်စုံကြွယ်ဝပြီးသား၊ စိတ်အေးချမ်းသာစွာနေနိုင်ပါသော်လည်း သူရိန်မှာ သူဌေးဖြစ် လိုသူမဟုတ်၊ သူဝါသနာပါသောဆေးပညာဖြင့် သတ္တဝါတို့၏

www.burmeseclassic.com



အသက် ချမ်းသာရာရမှု ကျန်းမာရေးစောင့်ရှောက်မှုကို ကယ်တင်စွမ်းဆောင်ပေးလိုသည့် စိတ်ဓါတ်များက ပြင်းပြလျက်ရှိသည်။

ထို့ကြောင့် ပိုင်ဆိုင်သည့် ပစ္စည်းများကို ထုခွဲရောင်းချပြီး ကာလကတ္တားတွင် ဆေးပညာရပ်များ ဆက်လက်သင်ယူခဲ့သည်။

ပြင်းပြသောဝါသနာနှင့် အပတ်တကုတ်ကြိုးစားခဲ့ရာ ဘာသာရပ်တိုင်းတွင် ထူးချွန်စွာအောင်မြင်ခဲ့သလို နောက်ဆုံးနှစ်တွင် စိတ်ရောဂါနှင့်ပတ်သက်၍ ဆေးပညာကျမ်းတစ်စောင် ရေးသားတင်ပြနိုင်ခဲ့သည်။ ဆေးဘက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့်တကွ အိန္ဒိယအစိုးရကပါ ထူးချွန်သူဖြစ်သောကြောင့် နှစ်ခြိုက်သဘောကျကြပြီး သူရိန်အား ဆုတော်ငွေများကိုပါ ချီးမြှင့်ခဲ့ကြသည်။

ကာလကတ္တားဆေးကျောင်းတွင် (၅)နှစ်တာ ဆေးပညာသင်ကြားခဲ့ပြီး ဆရာဝန်ဖြစ်လာခဲ့သည်။ ထို့နောက် မြန်မာပြည်သို့ပြန်လာခဲ့သည်။ ရန်ကုန်သို့ပြန်ရောက်လျှင် မိဘများကွယ်လွန်ပြီး နေစရာအိမ်လည်း မရှိသောကြောင့် ရိုင်ရယ်ဟော်တယ်တွင် ခေတ္တမျှတည်းခိုနေထိုင်ခဲ့သည်။ အိန္ဒိယသို့ဆေးပညာမသင်ယူခင်





'အင်ပီရီရယ်' ဘဏ်တွင် အပ်နှံထားခဲ့သော လက်ကျန်ငွေများကို သွားရောက်ထုတ်ယူကြည့်ရာ (၃၀၀)၊ ကျပ်ကျော်ခန့်သာလျှင် ရှိနေတော့သည်။ မထူးတော့သဖြင့် ငွေများကို အကုန်ထုတ်ယူပြီး ဘဏ်စာရင်းကိုပါ ပိတ်လိုက်သည်။

နိုင်ငံခြားတွင် ဆေးပညာသင်ယူခဲ့စဉ်က ကလကတ္တားဘဏ်တိုက်ခွဲမှ ထုတ်ယူသုံးစွဲခဲ့ခြင်းကြောင့် ပညာသင်စရိတ်ငွေများမှာ မိဘများထားခဲ့သည့် ပစ္စည်းဥစ္စာများ ကုန်သလောက်နည်းပါးဖြစ်သွားခဲ့ရသည်။

ထိုအချိန်က ဘဏ်တိုက်မှ ငွေများ အကုန်ထုတ်ယူပြီး ရိုင်ရယ်ဟော်တယ်တွင် ခေတ္တတည်းခိုခဲ့ရာမှ မိမိ၏ ဘဝရှေ့ခရီးကို မည်သို့မည်ပုံ ဆက်လက်စခန်းသွားရမည်ကို စဉ်းစားကြည့်မိသည်။

အိမ်ငှားစားသော ရေဝတီအမျိုးသမီးကြီးတစ်ဦးနှင့် ဆက်သွယ်မိပြီး ဘရုတ်ကလင်းလမ်းရှိ တိုက်တစ်တိုက်မှ ဒုတိယထပ်တွင် စပေါ်တင်၍နေကာ ဆေးခန်းဖွင့်လိုက်သည်။ ထိုအချိန်က ဆရာဝန်ရှားပါးသောအချိန်ဖြစ်၍ ကိုယ်ကျိုးစီးပွားအတွက် ငွေရှာမည်ဆိုပါက ဆေးပညာထူးချွန်သော ဒေါက်တာသူရိန်

www.burmeseclassic.com



အတွက် တခြားဆရာဝန်များထက်ပို၍ပင် စီးပွားဖြစ်လာနိုင်စရာ အကြောင်းရှိသည်။

သို့သော် ဒေါက်တာသူရိန်မှာ ကိုယ်ကျိုးစီးပွားအတွက် ငွေရှာလိုသော အသည်ပြာဆရာဝန် မဖြစ်လိုပေ။ အများအကျိုးကို ရှေ့တန်းတင်ဆောင်ရွက်လိုသော စေတနာဆရာဝန်ဖြစ်သည့်အလျောက် စီးပွားရေးဆန်ဆန်မတွေးမိပေ။ ငှားထားမိသော ဒုတိယ ထပ်အခန်းမှာလည်း နံချာသောအခန်းဖြစ်သဖြင့် လူနာများကလည်း ခြေညောင်းခံပြီး တိုက်အပေါ်သို့ တက်လာခြင်း မရှိ။

ဆရာဝန်ဆိုင်းဘုတ်လေးမှာလည်း တိုက်ခန်းတံခါးဝတွင် မထင်မရှားပင် ချိတ်ထားသည်။ ဆရာဝန်တစ်ယောက် ငှားရမ်းနေထိုင်သည်ကိုပင် သိပ်မသိကြပေ။ စာရေးဆရာကြီး ရွှေလင်းယုန်ရေးသော 'သူ' ပတ္တူထဲကဆရာဝန် ကိုမြင့်မောင်ကိုအားအားကျ၍ သူ့တိုက်ခန်းရှေ့တွင် · · ·

'ဆရာဝန်သူရိန်'

'အချိန်မရွေးတွေ့နိုင်သည်'

ဟုပင်စာတမ်းလေး ရေးဆွဲချိတ်ထားသည်။





တစ်လခန့်မျှကြာအောင် ဆေးခန်းဖွင့်ထားသော်လည်း လူနာတစ်ယောက်မျှ လာရောက်ပြသခြင်း ကုသခြင်း မရှိခဲ့ပေ။ သို့သော် ဒေါက်တာသူရိန်မှာ စိတ်ပျက်စိတ်လျှော့သောလူ တစ်ဦးမဟုတ်၊ ဖွဲကောင်းကောင်းနှင့်ပင် ဆေးခန်းကို ဆက်လက်ဖွင့်ထားဆဲပင်ဖြစ်သည်။

ဆေးခန်းစဖွင့်သည်မှစ၍ တစ်နေ့ကုန် လူနာထိုင်စောင့်ရင်း ပျင်းရိငြီးငွေ့စွာ အချိန်များကုန်ဆုံးခဲ့ရသလို ဆေးပညာရပ်များကို ထပ်မံလေ့လာခဲ့သည်။ ဆရာဝန် ဇာတ်ကောင်များပါရှိသော ဝတ္ထုများကိုသာ ဖတ်ရှုရင်းအချိန်များကုန်ဆုံးလာခဲ့သည်။

ယနေ့ညသည် လွန်စွာအေးသော ဆောင်းညတစ်ညဖြစ်သည်။ လမ်းမတွင်လူသွားလူလာမရှိ၊ တိတ်ဆိတ်ငြိမ်သက်ခြောက်ကပ်နေပေသည်။ အိမ်တိုင်းလိုလိုတွင် တံခါးများ စောစီးစွာပိတ်၍ မီးများမှိတ်ကာ အိပ်ယာဝင်ကုန်ကြပြီဖြစ်သည်။ ဒေါက်တာသူရိန်အဖို့ ထိုထက်မကသော ကာလကတ္တားဆောင်းရာသီ အအေးဒဏ်ကို ခံစားတွေ့ကြုံဖူးသူဖြစ်၍ သိပ်မမှုလှပေ။

ယနေ့ညလည်း ဆေးခန်းအဖြစ် အသုံးပြုထားသော အိမ်ရှေ့ဧည့်ခန်းထဲတွင် မီးသွေးမီးဖိုလေး ဘေးနားထားကာ



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာ ရွှေလင်းယုန်၏ 'သူ'ဝတ္ထုတွင် နစ်မျောပါသွားလျက်ရှိသည်။

တစ်စတစ်စနှင့် အချိန်(၃)နာရီကျော်လာသည်ကိုပင် ဒေါက်တာသူရိန်သတိမထားမိတော့ပေ။ ထိုအချိန်မှာပင် ခြေဖွဖွနင်း၍ တိုက်ခန်းအပေါ်ဘက်သို့ တက်လာသော ခြေသံများကို ကြားလိုက်ရသည်။

ဝတ္ထုထဲတွင် စိတ်က စွဲလမ်းနေသည်များလား မသိ၊ ဆရာဝန် ကိုမြင့်မောင်ကိုယ်တိုင် ကျိုင်းထောက်ကြီးကို တစ်ဒေါက်ဒေါက်ထောက်ကာ တက်လာသည်လားဟု ထင်မိလိုက်လေသည်။

သူ့အခန်းဝတွင်ပင် ခြေသံများက ရပ်သွားသည်။ ဒေါက်တာသူရိန်သည် ဝတ္ထုဖတ်နေရာမှ နားစွင့်လိုက်သည်။

အိမ်ရှေ့တံခါးအား တံခါးခေါက်သံ ကြားလိုက်ရသည်။

'ဒေါက် ... ဒေါက် ... ဒေါက်'

တံခါးခေါက်သံနှင့် အတူ စကားပြောသံထွက်ပေါ်လာသည်။

'ဒေါက်တာများရှိပါသလားခင်ဗျာ...'





ဟုမေးသံကြားလိုက်ရသည်။ ဒေါက်တာသူရိန်သည် အတော်လက်စ 'သူ'ဝတ္ထုအား အသာအယာ စားပွဲပေါ်သို့ ချလိုက်သည်။ ပြန်လည်အသံပြုလိုက်သည်။

'ဘယ်သူများပါလိမ့်ခင်ဗျာ အချိန်မတော် ညနက်သန်းခေါင် ကျော်နေပြီဘဲ ကျွန်တော်ရှိပါတယ်။ ဝင်လာခဲ့ပါ တံခါးက နေယုံပဲ စေ့ထားတာပါ'

အခန်းတံခါးပေါက်အားဖြတ်ကျော်ပြီး လူတစ်ယောက် ဝင်လာသည်။

'ထိုင်ပါခင်ဗျာ၊ ကျွန်တော်ဒေါက်တာသူရိန်ပါ ...'

ဝင်ရောက်လာသူမှာ ထိုင်ခုံတွင် အေးအေးဆေးဆေး ဝင်ထိုင်လိုက်သည်။ ဒေါက်တာသူရိန်မျက်နှာအား စေ့စေ့စပ်စပ် စူးစိုက်ကြည့်လိုက်သည်။ ထို့နောက်အလေးအနက်ထားစဉ်းစားဟန်နှင့် ငေးငေးငိုင်ငိုင်ပြန်သွားဖြစ်သည်။ အတန်ကြာမှ ဖျတ်ခနဲ သတိရသလိုဖြစ်လာသည်။

'အောက်ထပ်မှာ ဆိုင်းဘုတ်ကလေးရေးထားတာတွေ့တယ်၊ အချိန်မရွေးတွေ့နိုင်တယ်၊ ဒီအပေါ်ထပ်မှာ ဆရာဝန်ရှိတယ် ဆိုလို့တက်လာတာပါ'



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာသူရိန်သည် ညနက်သန်းခေါင်ကျော်မှ ရောက်လာသော သူအား အကဲခတ်ကြည့်လိုက်သည်။ ထူးတော့ထူးဆန်းနေပေသည်ဟု ပြောရမည် ဖြစ်သည်။ ဒီလိုအချိန်မျိုးမှာ လူနာတစ်ယောက်အနေနှင့် ဆရာဝန်တစ်ယောက်ထံလာရောက်ပြသခြင်းမျိုး မဖြစ်နိုင်ပေ။ ဒေါက်တာသူရိန်က ဝင်ရောက်လာသူအား သေချာစွာအကဲခတ်ကြည့်ရှုမိလိုက်သည်။ လူဆိုးသူခိုး သို့မဟုတ် ညဘက်တွင်လှုပ်ရှားသွားလာတတ်သော ဒုစရိုက်သမားတစ်ဦးလည်းမဖြစ်နိုင်ပေ။

ထိုသူသည် ကာကီရောင်ဖျော့ဖျော့ လောင်းကုတ်အင်္ကျီရှည်ကြီးကို ဒူးဆစ်အောက်နားထိအောင် ရှည်လျားစွာဝတ်ဆင်ထားသည်။ နှင်းတောထဲမှ ဖြတ်လာခဲ့သောကြောင့် အကောင်းစားသိုးမွေးခေါင်းစွပ်အား နှုမ်းနားရွက် မေးစေ့များပါ လုံအောင်ဖုံးကွယ်ထားသည်။ ဥပမိရုပ်ကောင်းကောင်းနှင့် အသက် ၂၅နှစ်နှင့် ၃၀ ကြား အရွယ်ကောင်းသည့် လူငယ်တစ်ဦးဖြစ်နေပေသည်။

ဖြောင့်စင်းသောနှာတံ တိကျသော နှုတ်ခမ်းအထက်တွင် နှုတ်ခမ်းမွေးစိမ်းမြမြနှင့် ယောကျ်ားပီသခန့်ငြားသူဖြစ်သည်။ အကောင်းစားဝတ်စုံများကိုလည်း ဝတ်ဆင်ထားသည်။ အထူး





သဖြင့် နက်မှောင်ရှူးရှသော မျက်လုံးတောက်တောက်များက အရောင်များတောက်ပနေသကဲ့သို့ရှိသည်။

'ဒါ့ထက် ... ခုလောက်ဆို ဘယ်အချိန်များရှိနေမလဲ ... မသိဘူး ...'

ထိုသူက တစ်စုံတစ်ရာကို လေးလေးနက်နက်စဉ်းစားဟန် ပုံစံမျိုးနဲ့ မေးလိုက်သည်။ ဒေါက်တာသူရိန်က ညှော်ခန်းနံရံပေါ်တွင် ချိတ်ထားသော နာရီကို တစ်ချက် မော့ကြည့်လိုက်ပြီး...

'အင်း... ၃နာရီနဲ့ မိနစ် ၃၀ ရှိပါပြီ ဒီကမိတ်ဆွေက ဘယ်လိုအကြောင်းကိစ္စမျိုးရှိလို့ပါလဲ ... ခင်ဗျာ'

'ကျွန်တော်အိပ်ယာက ထလာတာဆိုတော့ နာရီကပါလာဘူး ... ဘယ်အချိန်ရှိပြီလည်းဆိုတာ အခုဒေါက်တာပြောမှပဲသိတော့တယ်· မကြာခင် အရုဏ်တောင်တက်တော့မှာပါလား၊ အချိန်မနည်းတော့ဘူး၊ မကြာခင် မိုးစင်စင်လင်းတော့မယ်၊ ချမ်းချမ်းစီးစီးနဲ့လူတွေကလည်း အိပ်ယာထဲဝင်ကွေးကုန်ကြတော့ တစ်ညလုံးလည်း တိတ်ဆိတ်နေတာဘဲ၊ လိမ်းပေါ်မှာနှင်းကျလွန်းတော့ ဗာဖျောက်ဖျောက်ကြားနေရတယ်... အော်... ဒါ့ထက်



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာကရော ဒီလောက်ညဉ့်နက်တဲ့အထိ မိုးလင်းကာနီး ရောက်တော့မယ်ဘာကြောင့် မအိပ်သေးတာလဲ ခင်ဗျာ'

ဒေါက်တာသူရိန်စိတ်ထဲတွင် နားမလည်နိုင်အောင်ဖြစ်သွားသလို တစ်မျိုးကြီးခံစားလိုက်ရသည်။ ဘယ့်နှယ့် သူကမေးရမဲ့အစား အချိန်မတော်ရောက်လာတဲ့ သူစိမ်းက သူ့အား မေးခွန်းရှည်ကြီးများထုတ်နေသောကြောင့် ကသိကအောက်ဖြစ်သွားသည်။

စိတ်သဘောထားပြည့်ဝသည့် ဆရာဝန်တစ်ဦးဖြစ်သည့်အလျောက် အဆင်ပြေစွာပင် ပြန်ပြောလိုက်သည်။

'ဒီလိုပါ၊ တစ်နေ့ကုန်လူနာတိုင်စောင့်ရင်း ညဉ့်နက်လာတော့ အိပ်ကလည်း မအိပ်ချင်သေးတာနဲ့စာရေးဆရာရွှေလင်းယုန်ရဲ့ 'သူ'ဝတ္ထုကို ဖတ်နေတာပါ'

'ဝတ္ထုထဲက ဇာတ်လိုက်ဖြစ်တဲ့ ဆရာဝန်ကိုမြင့်မောင်လိုလူမျိုးက ရှားပါတယ်ဗျာ၊ အပြင်မှာတွေ့ဖို့ဆိုတာ ဘယ်လွယ်ပါမလဲ၊ ဒါကလည်း ဂျာနယ်ကျော်ဦး ချစ်မောင်ရဲ့ အရေးအသားကလည်း ကောင်းပေတာကိုး၊ ဒေါက်တာကိုယ်တိုင်ကလည်း ဆရာဝန်ကိုမြင့်မောင်လိုလူမျိုးဖြစ်တာဘဲ မဟုတ်လား၊ ဆရာဝန်





သူရိန့်အချိန်မရွေးတွေ့နိုင်သည်ဆိုတဲ့ဆိုင်းဘုတ်လေး ချိတ်ထားဘယ်လေ ဝတ္ထုထဲကအတိုင်းဘဲ'

ဒေါက်တာသူရိန် အံ့ဩသွားသည်။ ထိုသူ၏အကြည့်က ...င်ထဲသို့ ထိုးဖောက်လျက် စိတ်ထဲက ကြံစည်ထားသမျှကို ထုတ် ...မြင်နိုင်စွမ်းအောင် ကြံ့မျှားပင် သိနေရှာသလား။ ဒေါက်တာသူရိန်၏ စိတ်ကူးအကြံအစည်များကို သူကဘယ်လိုလုပ်၍ သိနေရပါသနည်း။

ဆန်းဘော့လည်း ဆန်းကြယ်လျက်ရှိနေပေသည်။

'ဒါထက် မိတ်ဆွေကရော အခုလိုညဉ့်နက်သန်းခေါင် ...ခေါ်မှာ တစ်ယောက်တည်း လျှောက်သွားနေတာရော အန္တရာယ် ...လှပေဘူးလားဗျာ မတော်လို့များ လူဆိုးသူခိုး ဒုစရိုက်သမား ...နဲ့တွေ့ရင်အခက်ပဲ၊ ဒီညရာသီဥတုကလည်း သိသိသာသာ ...ဘယ်မဟုတ်လား'

'ရာသီဥတု အေးတာကတော့ ကျွန်တော့်အတွက် ...ကြောင်းမဟုတ်ပါဘူး၊ စိုးရိမ်ဖို့ကောင်းတာက ဒေါက်တာဘဲ။ ...ဖြစ်လို့လဲဆိုတော့ ညအချိန်မတော်ကြီးမှာ ဒေါက်တာ အခန်း ...ခန်းပဲ မီးတွေလင်းနေတယ်။ တံခါးကိုလည်း စေ့ရုံသာ



www.burmeseclassic.com

www.burmeseclassic.com



နေထားတယ်၊ တကယ်လို့ ကျွန်တော်သာလူဆိုးတစ်ယောက် ဖြစ်နေရင် ဒေါက်တာ မခက်ပေဘူးလား…'

ဒေါက်တာသူရိန်က ခေါင်းကိုညင်သာစွာခါလိုက်သည်။

'ကျွန်တော့်စိတ်အထင်တော့ ခင်ဗျားကလူဆိုးတစ်ယောက် မဟုတ်ပါဘူး၊ အဆင့်အတန်းရှိပြီး ရည်မွန်တဲ့ လူကြီးလူကောင်း တစ်ယောက်ဖြစ်မယ်ဆိုတာ အကဲခတ်ရုံနဲ့ သိသာပါတယ်'

ဒေါက်တာသူရိန်က အေးအေးဆေးဆေးတည်ငြိမ်စွာပင် ပြန်ပြောလိုက်သည်။

'ဒါပေမယ့် … ခုလိုညကြီးအချိန်မတော်မှာ ခုလိုတံခါး ကိုလုံလုံခြုံခြုံပိတ်မထားတာတော့ စိုးရိမ်စရာကောင်းလှပါတယ်'

'ကျွန်တော်ကတော့ ဘာမှ မစိုးရိမ်ပါဘူး၊ တကယ်လို့ လူဆိုးတစ်ယောက်ဝင်လာရင်လည်း ကျွန်တော့်ဆီက ဆေးထိုး အပ်တစ်ချောင်းကလွဲလို့ ဘာမှ ရမှာမဟုတ်ပါဘူး… ကျွန်တော် ကခင်ဗျားမြင်တဲ့အတိုင်းဘဲ ချမ်းသာတဲ့ ဆရာဝန်တစ်ယောက်မှ မဟုတ်တာ၊ ဝင်လာတဲ့ လူဆိုးတောင် ကျွန်တော့်ကိုကြည့်ပြီး စိတ်ပျက်လက်ပျက်နဲ့ ဝမ်းနည်းစွာပြန်ထွက်သွားမှာဘဲ'

'အင်း… ဒေါက်တာက ဒီလိုပြောတော့လည်း ဟုတ်





တော့လည်း ဟုတ်တာပါဘဲလေ၊ ဒေါက်တာနေတဲ့ အခန်းနဲ့ အခန်းကလည်း သေးသိမ်နုံချာလှပါတယ်၊ ဒါထက် ဒေါက်တာ က ကာလကတ္တားကပြန်လာတာ သိပ်မကြာသေးဘူးထင်တယ်'

သူ့အကြောင်းကို သိထားပုံရသောကြောင့် ဒေါက်တာ သူရိန် အံ့သြသွားသည်။

'ဟုတ်ပါတယ် … ဒီရန်ကုန်ပြန်ရောက်တာ လပိုင်း လောက်ဘဲ ရှိပါသေးတယ်'

'ဒေါက်တာကို မမြင်ဘူးပေမယ့် ဒေါက်တာ့အကြောင်း တော့ လွန်ခဲ့တဲ့ တစ်လလောက်က မြန်မာ့အလင်းသတင်းစာ မှာ ဖတ်လိုက်ရတယ်၊ ကာလကတ္တားဆေးကျောင်းမှာ စိတ် ပညာနဲ့ ပတ်သက်ပြီး ကျမ်းတစ်စောင်တင်သွင်းနိုင်ခဲ့လို့ အိန္ဒိယ အစိုးရကိုယ်တိုင်က ဆုငွေချီးမြှင့်ခံရတယ်ဆိုတာ ဖတ်လိုက်ရပါ တယ်၊ တော်ပါပေတယ်၊ ဗမာလူမျိုးတစ်ယောက်ဖြစ်တဲ့ ဒေါက် တာလိုလူမျိုးက ထူးချွန်တဲ့ ဆရာဝန်တစ်ယောက် စိတ်ပညာနဲ့ ပတ်သက်လို့ စာတစ်စောင်ရေးသားပြုစုနိုင်ခဲ့တယ်ဆို တာ ဂုဏ်ယူစရာပါဘဲ'

ပြောပြောဆိုဆို လက်ကမ်းပေးလိုက်သောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာသူရိန်က ကမန်းကတန်းပင် လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။ ထိုသူ၏လက်ဖျားမှာ ကြမ်းတမ်းခြင်းမရှိ သိမ်မွေ့နူးညံ့ပျော့ပျောင်းသောကြောင့် အဆင့်အတန်းမြင့်မားပြီး လူ့ဂုဏ်တန်ချွမ်းသာကြွယ်ဝသူတစ်ဦးဖြစ်ရမည်ဟု ခံစားသိရှိလိုက်ရသည်။

'ဒေါက်တာ့ဆိုင်းဘုတ်ကိုတွေ့တော့ ကျွန်တော့်စိတ်ထဲမှာ ဝေခွဲမရဖြစ်နေတဲ့ မေးခွန်းတွေကို သတိရလာတယ်၊ ဒေါက်တာ့ဆေးခန်းပေါ်တက်ပြီး မေးကြည့်ရင်ကောင်းမလားဆိုတဲ့စိတ်ကူးနဲ့တက်လာတာပါ ... ဒေါက်တာက စိတ်ပညာနဲ့ပတ်သက်ပြီး ထူးထူးချွန်ချွန်ဖြစ်လာတဲ့ ဆရာဝန်ဆိုတော့ မေးပါရစေ'

ထိုသူက တလေးတစားနှင့် ခွင့်တောင်းလိုက်သည်။ ဒေါက်တာသူရိန်ကလည်း

'မေးပါ ... မေးနိုင်ပါတယ်၊ ဘာများသိချင်လို့ပါလဲခင်ဗျာ ...'

'စိတ်ရောဂါလို့ဆိုတဲ့ စိတ်ဖောက်ပြန်နေတာဟာ ရူးနေတယ်လို့ ပြောနေတာများလား ဒေါက်တာ'





ဒေါက်တာသူရိန့်ခေါင်းတစ်ချက် ညိတ်လိုက်သည်။

'ဆေးပညာအရပြောရရင်တော့ တော်တော်နက်နဲကျယ်ဝန်းပါတယ်၊ ကြောက်လွန့်စိတ်ကြောင့် ကျစိတ်၊ စိတ်ကျရောဂါ စိတ်ကြွရောဂါ စိတ်ကစဉ့်ကလျားဖြစ်တာ ခန္ဓာကိုယ်ကြောင့် ဖြစ်တဲ့ စိတ်ရောဂါတွေအများကြီးဘဲ၊ လူနာရဲ့စိတ် ခံစားမှုမျိုးစုံကိုလိုက်ပြီး စိတ်ရောဂါဝေဒနာအမျိုးမျိုးဖြစ်တတ်ပါတယ် ဆေးပညာအရ ရောဂါလက္ခဏာရပ်တွေပေါ်ကြည့်ပြီး သုံးသပ်[illegible]ပြီးကုသရပါတယ်'

'ဒေါက်တာက စိတ်ရောဂါတွေနဲ့ပတ်သက်လို့ အတော်ကျွမ်းကျင်တယ်ဆိုပါတော့'

'ဒီလိုတော့မဟုတ်ပါဘူး ကျွန်တော်အင်မတန်စိတ်ဝင်စားတဲ့ ပညာရပ်ဖြစ်တာကြောင့် ကြိုးကြိုးစားစားနဲ့ လေ့လာဆည်းပူးခဲ့တာပါ၊ နံ့စပ်တယ်လို့ပြောရင်ရပေမယ့် ကျွမ်းကျင်သူတော့ ဝါရင့်သမားတော်ကြီးတွေကမှသာ ဖြစ်ပါလိမ့်မယ်'

'ထားပါတော့၊ ဒေါက်တာတို့ ဆေးပညာရပ်တွေက အဆင့်မြင့်ပါတယ်၊ သာမာန်လူတွေ နားမလည်နိုင်ပါဘူး... ကျွန်တော်တစ်ခုပဲသိချင်ပါတယ်၊ ဒေါက်တာ့အနေနဲ့ လူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို ကြည့်ပြီး ဒီလူဟာ ရူးနေတဲ့လူ စိတ်ရောဂါဖြစ်နေတဲ့သူလို့ မြင်ရုံနဲ့သိနိုင်ပါ့မလား … အဲဒါကိုသိချင်ပါတယ်…’

‘ဒါကတော့ဒီလိုရှိပါတယ်၊ လူတစ်ယောက်မှာ စိတ်ရောဂါရှိတယ်မရှိဘူးဆိုတာ သူ့ရဲ့အပြောအဆို အပြုအမူ အနေအထိုင် အလေ့အထ စိတ်ခံစားမှုတွေကို လေ့လာသုံးသပ်ပြီးအဖြေရှာဆုံးဖြတ်ရပါတယ်။ ခဏတစ်ဖြုတ်လေး မြင်တွေ့ရုံနဲ့ သတ်မှတ်လို့မရပါဘူး။ မိတ်ဆွေလည်း တွေ့ဖူးတာဘဲ၊ လမ်းပေါ်မှာ သွပ်သွပ်ခါအောင်ရူးပြီး ပြောချင်ရာပြော လုပ်ချင်ရာလုပ်နေတဲ့ အရူးတွေ၊ လွန်ကဲသွားသူတွေရဲ့ ပြင်ပလက္ခဏာရပ်များမှ ပုံသဏ္ဍာန်တွေဟာ သိသာထင်ရှားပေမယ့် တချို့ကလည်း သာမန်လူကောင်းတွေလိုဘဲ ယဉ်ယဉ်လေးနဲ့ ရူးနေကြသူတွေကျတော့ စိတ်ရောဂါရှိနေတယ်လို့ မြင်ရယုံနဲ့ပြောလို့မရပါဘူး’

‘အေးဗျာ…ဒေါက်တာပြောတာ မဆိုးပါဘူး၊ ဒါပေမယ့် သာမန်လူတွေထက် ဆရာဝန်တွေဆိုတာက ပိုပြီးသိသာတယ် မဟုတ်လား… ဆိုပါတော့ဗျာ၊ အခု ဒေါက်တာ့ဆီကို ညဉ့်နက်သန်းခေါင် အချိန်မတော်ရောက်လာတဲ့ လူတစ်ယောက်က အခု စကားတွေပြော နေတယ်ဗျာ၊ ကျွန်တော့်ကိုရော စောစောက





ဒေါက်တာပြောသွားသလို ယဉ်ယဉ်လေးနဲ့ရူးနေသူတစ်ယောက်လို့ ဒေါက်တာ့အနေနဲ့ မထင်ဘူးလား’

ဒေါက်တာသူရိန်တွေဝေသွားသည်၊ ယဉ်ယဉ်လေးနှင့်ရူးနေသူတစ်ယောက်၊ သူပြောသည့်အတိုင်းသာဆိုလျှင် ညဉ့်နက်သန်းခေါင် နှင်းတွေ တဖွဲဖွဲကျနေချိန်တွင် လောင်းကွတ်အင်္ကျီရှည်ကြီး ဝတ်သိုးမွေးနှင်းကာ ခေါင်းစွပ်ဆောင်ထားပြီး သူ့ထံသို့ရောက်လာသော၊ ကာလကတ္တားတွင် ဆေးပညာထူးချွန်ဆုရရှိခဲ့သည့် အကြောင်းကိုသိသော၊ ချိုးမွှမ်းဂုဏ်ပြု လက်ဆွဲနှုတ်ဆက်ခဲ့သော သူသည် ယဉ်ယဉ်လေးနှင့် ရူးသွပ်စွာ ရောက်လာသူဖြစ်သော ဒေါက်တာသူရိန်ကိုယ်တိုင် ရူးချင်ချင်ဖြစ်သွားသည်။

မျက်လုံးများကို သေသေချာချာလေ့လာ အကဲခတ်ကြည့်လိုက်သည်။ မျက်လုံးများက တည်ငြိမ်သည်။ ရူးသွပ်ပုံလွှင့်သော အရိပ်လက္ခဏာများမတွေ့ရ။ သန့်စင်ကြည်လင်၍ စိုရွှန်းတောက်ပသော မျက်လုံးများနှင့် သူ့ကိုယ်သူ ယဉ်ယဉ်လေးနဲ့ ရူးသွပ်နေသူဟု ပြောဆိုနေသည်မှာ မဖြစ်နိုင်။

‘မိတ်ဆွေကို ကြည့်ရတာတော့ မိတ်ဆွေပြောတဲ့အတိုင်း ယဉ်ယဉ်လေးနဲ့ရူးသွပ်နေတယ်ဆိုတာ မဖြစ်နိုင်ပါဘူး မိတ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေက စိဘ်အင်အားကောင်းတဲ့မျက်လုံးမျိုးတွေပါပဲ ရှုးသွပ်ဖောက်ပြန်တယ်ဆိုတဲ့ ရောဂါလက္ခဏာတစ်စုံတရာ ဘာမှ မတွေ့ပါဘူး'

'ကျေးဇူးတင်ပါတယ် ဒေါက်တာ… ဒေါက်တာ့အရင် ကျွန်တော်ပြသခဲ့တဲ့ စိတ်ရောဂါကု သမားတော်ကြီးတွေကလည်း ဒီလိုပဲပြောကြပါတယ်၊ ကျွန်တော့်ကို မရှုးပါဘူးတဲ့ ခက်တာက ကျွန်တော့်အကြောင်းကို ကျွန်တော်ပဲသိတယ် ဒေါက်တာ၊ ကျွန်တော့်မှာ စိတ်ရောဂါမရှိဘူးဆိုရင် ဘာတွေဖြစ်နေတာလဲ၊ ဘာကြောင့် ဒီလိုဖြစ်လာရတာလဲ စဉ်းစားရတော်တော်ခက်ပါတယ် ဒေါက်တာ'

'မိတ်ဆွေကဘာတွေဖြစ်နေလို့လဲ ဘာတွေခံစားနေရတယ်ဆိုတာ ပြောပြမှ သိမှာပေါ့၊ ဆရာဝန်ဆိုတာ လူနာကိုယ်တိုင် ဘာတွေဖြစ်နေတယ်ဆိုဝဘ ပြောပြမှသိရမှာမဟုတ်လား၊ အနာ သိရင်ဆေးရှိပါတယ် မိတ်ဆွေ၊ စိုးရိမ်စရာမရှိပါဘူး ဖြစ်တဲ့ အကြောင်းအရင်းကိုသိမှပဲ ကုသလို့လွယ်ကူမယ်မဟုတ်လား'

'ဒေါက်တာပြောတာဟုတ်ပါတယ်၊ ကျွန်တော်လက်ခံပါတယ်၊ ခက်တာက ကျွန်တော့်ကို ဘယ်လို ဆေးဝါးနဲ့ပဲကုကု





ပျောက်မယ်မထင်ဘူး၊ အခုဘဲကြည့်လေ ကျွန်တော် အိပ်မက်ဆိုးတွေကနေ လန့်နိုးပြီးထလာတာပဲ၊ အဲဒီလိုအိပ်မက်ဆိုးတွေက အမြဲတမ်းမက်တယ် အိပ်မက်ဆိုးတွေမက်ပြီးရင်လည်း ဆက်အိပ်လို့မရတော့ဘူး'

'အိပ်မရတော့လည်း အိပ်ရာထဲကထ အပြင်ထွက်ပြီး လမ်းလျှောက်ထွက်လာတာပဲ၊ ဒီနားရောက်တော့ ဒေါက်တာရဲ့ ဆိုင်းဘုတ်လေးကိုတွေ့ပြီး အချိန်မရွေးတွေ့နိုင်ပါတယ် ဒေါက်တာ သူရိန်လို့ရေးထားတယ်မဟုတ်လား၊ ဒေါက်တာက 'သူ'ဝတ္ထုထဲက ဆရာဝန်ကိုမြင့်မောင်ကို တော်တော်သဘောကျတယ်ထင်တယ်၊ အဲဒီဝတ္ထုထဲမှာလည်း ဆရာဝန်ကိုမြင့်မောင်ရဲ့ ဆေးခန်းမှာ ဆရာဝန်မြင့်မောင်အချိန်မရွေးတွေ့နိုင်တယ်လို့ ရေးထားတယ်လေ ...'

'ကျွန်တော့်အပေါ်ထပ်ကိုမော့ကြည့်လိုက်တော့ ဒေါက်တာ့အခန်းတစ်ခန်းဘဲ မီးလင်းနေတာတွေ့ရတယ်၊ အချိန်မရွေးတွေ့နိုင်ပါတယ်ဆိုတဲ့ ဒေါက်တာသူရိန်ဟာ မီးလင်းပေါက်ဖွင့်ထားတဲ့ဆေးခန်းလားလို့ ဒီလိုဆေးခန်းမျိုးကတွေ့ရခဲတယ်လို့ ထူးထူးဆန်းဆန်းပဲ တွေးမိသေးတယ် ...'



www.burmeseclassic.com

www.burmeseclassic.com



လောင်းကုတ်ရှည်ကာကီရောင်ဖျော့ဖျော့ဝတ်ထားပြီး သိုးမွေးခေါင်းစွပ်စွပ်ထားသော ယောက်ျားပီသစွာ ဥပဓိရုပ်ကောင်းသည့် ညမိတ်ဆွေက စိတ်ဝင်တစားပြောဆိုလျက်ရှိသည်။ သူ့ကိုသူလည်းရူးသွပ်နေသူတစ်ယောက်ဟု ထင်မှတ်ထားသည်။ ထိုကဲ့သို့ စိတ်ခံစားမှု ထင်မြင်ယူဆပုံများမှာ မကောင်းပေ။ စိတ်ရောဂါအစပျိုးရန် တာစူနေသောအနေအထားဖြစ်သည်။

'အချိန်မရွေးတွေ့နိုင်ပါတယ်လို့ ရေးထားတာက ဆရာဝန်ကိုမြင့်မောင်လို ခွင့်လွှတ်အနစ်နာခံစိတ်ကို သဘောကျနှစ်ခြိုက်ဂုဏ်ပြုထားသလို ကျွန်တော်က အစိုးရဆရာဝန်တစ်ယောက်လည်းမဟုတ်ဘူး ပြင်ပက ဆရာဝန်ဆိုတော့ အိမ်မှာအမြဲတမ်းရှိနေတာပဲ၊ ဒါကြောင့်မို့လို့ အချိန်မရွေးတွေ့နိုင်ပါတယ်လို့ ရေးထားတာပါ…'

'ဒေါက်တာဒီလောက်ထူးချွန်နေပါလျက်နဲ့ အစိုးရဘက်မှာဘာဖြစ်လို့ ဝင်အလုပ်မလုပ်တာလဲ၊ အစိုးရဘက်မှာသာ ဝင်ပြီးအမှုထမ်းလိုက်မယ်ဆိုရင် ခဏလေးနဲ့ စီးပွားဖြစ်မယ် သူဌေးတစ်ယောက်ဖြစ်လာမယ်မဟုတ်လား …'

'လူတွေက တစ်ယောက်နဲ့တစ်ယောက် အတွေးအခေါ်





အယူအဆတွေကမတူကြပါဘူးမိတ်ဆွေ၊ ကျွန်တော့်မိဘတွေရှိစဉ်အခါတုန်းက ကျွန်တော်ဟာ သူဌေးတစ်ယောက်ပါပဲ၊ ကျွန်တော်ဟာ သူဌေးမဖြစ်ချင်ဘူး ကျွန်တော်ပညာရှင်ဘဲ ဖြစ်ချင်တယ်၊ ဆင်းရဲဒုက္ခရောက်နေတဲ့သူတွေကို စေတနာသန့်သန့်နဲ့ ကယ်တင်ချင်တဲ့စိတ်ပဲရှိတယ်၊ တတ်မြောက်ထားတဲ့ ဆေးပညာနဲ့ ကိုယ်ကျိုးစီးပွားရှာတဲ့အလုပ် မလုပ်ချင်ဘူး … လူအများကောင်းကျိုးအတွက် ဆောင်ရွက်ပေးဖို့ကိုပဲ စိတ်အားသန်တယ်၊ ဒါကြောင့်မို့လို့လဲ ကျွန်တော်ပိုင်တဲ့ပစ္စည်းဥစ္စာကို ဆေးပညာနဲ့ လဲလှယ်ပြီးကြိုးစားသင်ယူခဲ့တာပါ …'

'ခုလိုဆေးခန်းဖွင့်ထားတာကလဲ မဖွံ့ဖြိုးသေးတဲ့ တောင်တန်းဒေသ တိုင်းရင်းသားတွေ ကျေးလက်တောရွာက ဆင်းရဲသားတွေကို အခမဲ့ လှည့်လည်ဆေးကုသပေးဖို့အတွက် ဖွင့်ထားရတာပါ … ဒီဆေးကုခန်းက ရတဲ့ငွေနဲ့ လိုအပ်တဲ့ဆေးဝါးတွေ ခရီးစရိတ်တွေ လုံလောက်စွာရရင် ဒီဆေးခန်း လေးကိုပိတ်ပြီးအစွန်အဖျားဒေသတွေကို ခရီးထွက် ဆေးကုသဖို့ ရည်ရွယ်ထားပါတယ် …'

'ကောင်းပါတယ်လေ၊ ဒေါက်တာ့ရဲ့စိတ်စေတနာ ရည်



www.burmeseclassic.com

www.burmeseclassic.com



ရှယ်ချက်တွေက အင်မတန်သန့်စင်မွန်မြတ်တဲ့ စိတ်နေစိတ်ထားပဲ လေးစားဂုဏ်ယူပါတယ်၊ ကျွန်တော့်ဘဝမှာ ထူးခြားတဲ့ ဒေါက်တာတစ်ယောက်ကို ဒီလိုထူးခြားတဲ့ညမှာ စတွေ့ရတာပါပဲ၊ ဒါပေမယ့် ခုလိုပုံစံမျိုးနဲ့တော့ ဒေါက်တာ့ရည်ရွယ်ချက်တွေ အောင်မြင်ဖို့ အချိန်အများကြီးစောင့်ရလိမ့်ဦးမယ်ထင်တယ် ဒေါက်တာက စေတနာ့ဝန်ထမ်းလုပ်ငန်းအတွက် ငွေရှာမယ်ဆိုရင် ဒီလိုစုတ်ချာပြီးလူမသိတဲ့ တိုက်ခန်းလေးထဲမှာ ဆေးခန်းဖွင့်လို့ကတော့ သိပ်ဟန်မယ်မထင်ဘူး၊ လူသွားလူလာစည်ကားပြီးလမ်းကျယ်ကျယ် မြေညီထပ်လိုအခန်းမျိုး ဖွင့်သင့်တယ်မဟုတ်လား ...'

'မှန်ပါတယ် .... မိတ်ဆွေပြောတဲ့ အကြံဉာဏ်ဟာ ကောင်းပါတယ်၊ ကျွန်တော်လည်းဒီလိုပဲ တွေးမိပါတယ် ခမ်းခမ်းနားနား ထည်ထည်ဝါဝါဖွင့်နိုင်ဖို့အခြေအနေက ပေးမလာသေးဘူး၊ ကျွန်တော့်မိဘများထားခဲ့တဲ့ ငွေကြေးကလည်း မနည်းပါဘူး၊ ဒါပေမယ့် ဆရာဝန်တစ်ယောက်ဖြစ်လာဖို့ ကာလကတ္တားမှာ ကုန်သွားခဲ့တော့ ဘယ်တတ်နိုင်ပါ့မလဲ၊ ဖြစ်လာတဲ့အခြေအနေမှာ ဖြစ်သလောက် ဖန်တီးရတာပေါ့၊ နောင် တဖြည်းဖြည်း





တိုးတက်လာအောင် ဒီလိုနဲ့ပဲ တစ်စ့တစ်စ ကြိုးစားရမှာပါပဲ၊ အခွင့်သင့်ရင်တော့ ကျွန်တော့်ရည်ရွယ်ချက် မြန်မြန်အထမြောက်မှာပေါ့လေ၊ ခုထက်ထိတော့ ဒီဆေးခန်းဖွင့်ထားတာ တစ်လယောက်ရှိပြီ၊ လူနာတစ်ယောက်မှရောက်မလာဘူး ဘယ်သူမှလည်းရောက်မလာဘူး၊ မိတ်ဆွေကတော့ နှင်းသဲတဲ့ညသန်းခေါင်မှာ ပထမဆုံး ရောက်လာတဲ့ လူနာတစ်ယောက်လို့ထင်ထားပြီးလူနာမဟုတ်တဲ့ လူထူးဆန်းတစ်ယောက် ပါပဲ ...'

'ကောင်းပါတယ် ဒေါက်တာရည်မှန်းထားတဲ့ စေတနာ့ဝန်ထမ်းလုပ်ငန်းတွေ အထမြောက်အောင်မြင်အောင် နယ်စွန်နယ်များက မဖွံ့ဖြိုးသေးတဲ့ ဒေသနေတိုင်းရင်းသားတွေကို စေတနာ့ဝန်ထမ်းဆေးကုသပေးမယ့်လုပ်ငန်းတွေအထမြောက်အောင်မြင်ပါစေလို့ပဲ ဆုတောင်းပါတယ်၊ ကဲ စကားတွေလည်း ကောင်းလိုက်တာ ခွင့်ပြုပါဦး ...'

ထိုသူက လာစဉ်အတိုင်း ခြေသံဖွဖွနင်းပြီးလှေကားမှ ဆင်းသွားသည်။

ညသည် နှင်းစက်နှင်းပေါက်များ တဖောက်ဖောက်ကျလာသည်မှလွဲ၍ ထူးခြားစွာတိတ်ဆိတ်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခန်းအသီးသီးမှာလည်း မီးရောင်များကင်းမဲ့လျက် အခန်း တံခါးများကိုပိတ်ထားကြသည်။

ဒေါက်တာသူရိန်မှာ ထိုသူပြန်သွားသည့်တိုင်အောင် မအိပ်နိုင်တော့ပေ။ ဆေးခန်းစတင်ဖွင့်ခဲ့သည့်မှစ၍ ယနေ့ထိ လူနာတစ်ဦးတစ်ယောက်မျှ ရောက်ရှိလာခြင်းမရှိသော်လည်း ယခုညအဖို့ သူ့အား ဆရာဝန်တစ်ယောက် အဖြစ်အသိအမှတ်ပြုပြီး ကိုယ့်ကိုကိုယ် ရူးသွပ်နေသူဟုထင်မှတ်ထားသော မိတ်ဆွေ လူထူးလူဆန်းတစ်ယောက်ကို စတင်တွေ့ရှိလိုက်ပါတော့သည်။

* * *



## သင်္ချိုင်းဇရပ်ပျက်ပေါ်က ကလေးငိုသံ

ရန်ကုန်-မန္တလေးသွား ကားလမ်းဘေးတွင် သင်္ချိုင်းတစ် ရှိသည်။

ကျိုးပဲ့ပျက်စီးနေသော သင်္ချိုင်း ဇရပ်တစ်ဆောင် မြေပုံ အုတ်ဂူများ၊ ခြုံနွယ်ပိတ်ပေါင်းများနှင့် အုပ်အုပ်ဆိုင်းဆိုင်း ရှိနေပေသည်။ သင်္ချိုင်းဇရပ်နှင့် မနီးမဝေးတွင် မြေပုံမို့မို့ (၃)ခုကို မြင်တွေ့ရသည်။ မြေပုံများမှာလည်း အစဉ်အမြဲ ရှင်းထားသောကြောင့် သပ်သပ်ရပ်ရပ်လေး တည်ရှိနေပေ

မြေပုံ(၃)ခုအနီးတွင် အရိုင်းဆန်သော ဗုဒ္ဓသရဏံ ပန်း ရှိသည်။ ရောင်စုံဖူးပွင့်ဝေဆာနေသော ဗုဒ္ဓသရဏံ ပန်းများ သည်း လေအသွဲ့တွင် ပြေပြေနှဲ့နှဲ့ ယိမ်းကနေကြသည်။ မြေပုံ



www.burmeseclassic.com

www.burmeseclassic.com



များပေါ်တွင် ကျဲဖြန့်ထားသော ပန်းပွင့်ကလေးများကို တွေ့ရတတ်သည်။

ညဘက်ဆိုလျှင် အမွှေးနံ့သာတိုင်လေးများ ထွန်းညှိထားသလို ဖယောင်းတိုင်မီးပူဇော်ထားသောကြောင့် ညအမှောင်ထဲတွင် မီးအရောင်လေးများ တလက်လက် ထွက်ပေါ်လာသည်။

ထိုမြေပုံ(၃)ခုအား ကြည့်ရှုစောင့်ရှောက်ထားသူတစ် ဦးရှိ၏။ ထိုသူမှာ သင်္ချိုင်းစောင့် စန္ဒာလ လူငယ်လေးတစ်ယောက်ဖြစ်သည်။

ရုပ်ရည်သန့်ပြန့်ပြီး သင်္ချိုင်းနှင့် မတန်လှပေ။ မြေပုံမို့မို့လေး(၃)ခုမှာ ကွယ်လွန်သွားသော သူ၏မိဘနှစ်ပါးနှင့် သူ့အား လူ့လောကထဲရောက်အောင် ကျေးမွေးပြုစုသော မွေးစားမိခင် အဖွားကြီး၏ မြေပုံပင်ဖြစ်လေသည်။

အလယ်၌တည်ရှိသောမြေပုံမှာ သူ့မိခင်၏ မြေပုံဖြစ်သည်။ ကွယ်လွန်သွားသော သူ့မိခင်၏ ဝိညာဉ်သည် လိပ်ပြာနက်ကလေး တစ်ကောင်ဖြစ်နေသည်ဟု သူယုံကြည် ထားသည်။ မိခင်မြေပုံမို့မို့လေးပေါ်တွင် နိုးနားနေသော လိပ်ပြာနက်ကလေးသည် အတောင်ပံတစ်ဖျတ်ဖျတ်ခတ်ရင်း သူ့လက်ဖမိုးပေါ်တွင်





နားနိုလိုက် ညာဘက်ပုခုံးပေါ်တွင် ပြောင်းရွှေ့နားလိုက်ညာဘက်ပါးပြင်ထက်သို့ ပျံသန်းလိုက်ဖြင့် ဝဲပျံနေတတ်သည်။

သူ့ဘဝတွင် တစ်ခုခု ဖြစ်တော့မည်ဆိုလျှင် လိပ်ပြာနက်ကလေးသည် ထူးဆန်းစွာရောက်ရှိလာတတ်သည်။ လိပ်ပြာနက်ကလေးသည်ပင် သူ့မိခင်၏ ဝိညာဉ်ဖြစ်နေသည်ဟု စွဲမြဲစွာယုံကြည်ထားသည်။

ဟော …

ပြောရင်းဆိုရင်းမှာပင် လိပ်ပြာနက်ကလေး ဝဲပျံလာသည်။ သူ၏ ညာဘက်ပုခုံးပေါ်တွင် ငြိမ်ငြိမ်သက်သက်ကလေး နားနေ၏။

သင်္ချိုင်းတွင် လှည့်လည်သွားလာနေတတ်သော ခွေးနက်ကြီးတစ်ကောင်သည် သူ့ပုခုံးထက်မှ လိပ်ပြာနက်ကလေး အားမြင်ပြီးရင်း မနားတမ်းတိုးဟောင်လေတော့သည်။

‘ဝုတ် … ဝုတ် … ဝုတ် …’

သင်္ချိုင်းတစ်ခုအတွင်းဝဲပျံနေသော ဝိညာဉ်ဝင်ပူးနေသည့် လိပ်ပြာနက်ကလေးတစ်ကောင် မြေကျင်းတူးသော စန္ဒာလလူငယ်လေးတစ်ယောက်နှင့် ခွေးနက်ကြီးတစ်ကောင် ရူးရူးဝါးဝါး ဟိုး



www.burmeseclassic.com

www.burmeseclassic.com



ဟောင်ရင်း အသံရှည်ဆွဲအူလိုက်သော ခွေးအူသံများမှာ ချောက်ချားကြောက်မက်ဖွယ်ကောင်းလှသည်။

တိရိစ္ဆာန်တို့၏ မျက်လုံးများကား သရဲတစ္ဆေများကို မြင်နိုင် သည်ဟု ပြောကြသည်။ လိပ်ပြာနက်ကလေးအား ရူးရူးဝါးဝါး ထိုးဟောင်တတ်သည့် ခွေးနက်ကြီးသည်ပင် သရဲတစ္ဆေ ဝိညာဉ်များကို မြင်တွေ့ရသောကြောင့် ဟောင်လိုက်ခြင်းဖြစ်မည်လား၊ မည်သို့ပင်ဖြစ်စေ လိပ်ပြာနက်နှင့် လုငယ်လေးတစ်ယောက်မှာ သိသာထင်ရှားစွာ ပက်သက်ဆက်နွယ်လျက်ရှိသည်။

လူငယ်လေးသည် သူ့ပုခုံးပေါ်တွင်နားနေသော လိပ်ပြာနက်ကလေးအား စောင်းငဲ့ကြည့်ရင်း အထီးကျန်ဆန်လှသော သူ့ [illegible] ဘဝနှင့် သင်္ချိုင်းထဲနေ စဏ္ဍာလ တစ်ဦး၏ ဆိုးဝါးသော ဘဝ [illegible] အတွေ့အကြုံများကို တွေးမိရင်း မျက်ရည်များဝဲကျလာသည်။ ကွယ်လွန်သွားသော မွေးစားအဖွားအို၏ အတိတ်ဘဝများသည် မျက်စိထဲတွင် ပျောက်ဖျက်မရအောင် ပြန်လည်မြင်ယောင်လာမိသည်။

* * *





မိုးမှောင်ကြီးကျနေသော အကာလ ညအချိန်ဖြစ်သည်။

ဝုန်းဝုန်းဒိုင်းဒိုင်း … သဲသဲမဲမဲရွာချနေသော မိုးရေ [illegible]ကော်အပေါက်များနှင့်အတူ လေပြင်းကလည်း ကြမ်းကြမ်းတမ်းတမ်း တိုက်ခတ်လျက်ရှိသည်။

ပေါက်ပြဲဖွာလန်နေသော သင်္ချိုင်းဇရပ်ပျက်မှ သွပ်မိုးများမှာ ဆူညံဝုန်းဒိုင်းကြဲလျက် ရှိသည်။

ဇရပ်ပျက်ကြီးအနီးတွင် ကြီးမားသော သက်ရင့်ညောင် [illegible]ဆိတ်ပင်ကြီးတစ်ပင်ရှိသည်။ ညောင်မုတ်ဆိတ်ပင်အမြစ် [illegible]များသည် သစ်ကိုင်များမှ ဖြာထွက်ပြီးမြေပြင်ပေါ်သို့ တွဲလွဲ [illegible]လျက်ရှိသည်။

မိုးထဲရေထဲတွင် ညောင်မုတ်ဆိတ်တစ်ပင်လုံးသိမ့်သိမ့် [illegible]ခါလှုပ်ယမ်းသွားသည်မှာ သင်္ချိုင်းစောင့်တစ္ဆေကြီးတစ်ကောင် [illegible] ရှည်လျားသော လက်ချောင်းကြီးများအား ဆန့်တန်းခြောက် [illegible]သကဲ့သို့ ကြောက်မက်ဖွယ်ကောင်းလှသည်။ ကြီးမားသော [illegible]ကိုင်းကြီးများကလည်း ဇရပ်သွပ်အမိုးအား တရွတ်တိုက် [illegible]ခတ်လျက်ရှိရာ တစ္ဆေကြီးတစ်ကောင်ညည်းတွားနေသကဲ့သို့ [illegible]များထွက်ပေါ်လာသည်။

နိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လျှပ်ရောင်များက ဝင်းခနဲ လက်သွားသလို ပြင်းထန်သော မိုးချိန်းသံများ တချိန်းချိန်းထွက်ပေါ်လာသည်။

'ဝေါ ... ဝေါ ... ရှိုး ... ဝေါ'

'ဂျိန်း ... ဂျိန်း ...ဂျိန်း... ဝေါ'

သင်္ချိုင်းမြေပေါ်မှ အုတ်ဂူမှိုင်းမှိုင်းများ မြေပုံမို့မို့များ ခြုံတောစပ်များအား လျှပ်ရောင်ကြားတွင် ရှုးရဲစွာ မြင်တွေ့လိုက်ရသည်။ ခွေးလေခွေးလွင့်များတူးယက်ထားသောကြောင့် မြေပုံဟောင်းများမှ အရိုးများ ပေါ်ထွက်လာသည်။ မျက်လုံးဟောက်ပက်ဖြစ်နေသော လူဦးခေါင်းခွံများသည် မိုးရေစီးကြောင်းထဲတွင် မျောပါလာသည်။

ယခုလို မိုးမှောင်ကြီးကျ အကာလ ညအချိန်များတွင် မည်သူတစ်ဦးတစ်ယောက်မှ သင်္ချိုင်းနယ်မြေထဲသို့ သွားလာဝံ့ကြမည်မဟုတ်ပေ။ သွားဖို့နေနေသာသာ စိတ်တောင်ကူးရဲကြမည်မဟုတ် သို့သော် မိုးသက်လေပြင်းကျနေသော ယခုလိုအချိန်ကာလမျိုးတွင် သင်္ချိုင်း ဇရပ်ပျက်ဟောင်း ပေါ်ရှိ ထောင့်အကွယ်နေရာလေးမှ မီးရောင်များတလက်လက် ထွက်ပေါ်လာသည်။

ရန်ကုန်မန္တလေးကားလမ်းဘေးမှ ထုထပ်သိပ်သည်းစွာ





ပေါက်ရောက်နေသော သစ်ပင်တောအုပ်ချုံနွယ်ပိတ်ပေါင်းများ ဆတ်ကီဘုရားအပြိုအပျက်များနှင့် သင်္ချိုင်းဖြစ်သည်။ သင်္ချိုင်းနှင့် ဝေးကွာလှသော နေရာတွင် ရွာကလေးများ တည်ရှိနေကြသည်။

မီးရောင်တလက်လက် ထွက်ပေါ်လာသော ဇရပ်ထောင့်အားတွင် အရုပ်ဆိုးဆိုး အဖွားကြီးတစ်ယောက်သည် မိုးသက်လေပြင်းကျနေသည်များကို တွေဝေငေးမောစွာကြည့်လျက်ရှိသည်။

အဘွားအိုမှာ အလွန်မှ အရုပ်ဆိုး၏။ မျက်နှာပေါ်တွင် အဘုက်ပေါက်ရာကြီးများလည်းရှိသည်။ ခါးလည်း ကုန်း၏။ ကြီးတိုးကျဲတဲဆံပင်ဖြူများက ပုခုံးပေါ်ဝဲကျလျက်ရှိ၏။ အမှောင်ထဲမှာ မြင်တွေ့မိပါက စုန်းမကြီးအလား ကဝေမကြီးအလား ထင်မှားရ၏။

ရွာထဲမှ လူများက ဝိုင်းကြဉ်ထားသောကြောင့် ရွာပြင်ရှိ ဇရပ်ပျက်ကြီးပေါ်တွင် တစ်ယောက်တည်း မကြောက်မရွံ့နေထိုင်လျက်ရှိသောအဘွားကြီးဖြစ်သည်။

သင်္ချိုင်းနယ်မြေက သူမအတွက် အထူးအဆန်းမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရွံခြင်းကင်းစွာ နေထိုင်နိုင်သူဖြစ်၏။

အရုပ်ဆိုးဆိုး ခါးကုန်းကုန်း အဖွားကြီးအမည်မှာ ရုပ်လက္ခဏာနှင့် လိုက်ဖက်ညီအောင် ဒေါ်ကျည်းတန်ဟုခေါ်ကြသည်။

ငယ်စဉ် မွေးဖွားကာစထဲက ကျောရိုးကောက်ကွေးသော လက္ခဏာရှိခဲ့ပုံရသည်။ မိခင်ဝမ်းဗိုက်ထဲ၌ သန္ဓေတည်ကာစမှာပင် ရောဂါဝေဒနာတစ်ခု ခံစားရခဲ့ဟန်တူ၏။ ထို့ကြောင့်လည်း မွေးဖွားလာသောအခါ ရုပ်အဆင်းအင်္ဂါချို့တဲ့ခြင်းဖြစ်လာသည်။

'အမယ်လေး ... ဆိုးလိုက်တဲ့ရုပ် မကောင်းဆိုးဝါး ဝင်ပူးလာတဲ့အတိုင်းပဲ၊ ကြောက်စရာကောင်းလိုက်တာ ... ဒီကောင်မလေးကို တခြားနာမည်မပေးနဲ့ ... မကျည်းတန်လို့ပဲ မှည့်လိုက်ပါတော့ ...'

မိရိုးဖလာ လယ်ယာလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်း ပြုနေသော ရွာမှလူများက မွေးဖွားလာစထဲက သူမအား အနှစ်သွာအမည်ပေးလိုက်ကြသည်။ ရွာကလေးမှာ အိမ်ခြေ သိပ်မရှိလှ။ ဆင်းရဲနုံချာပြီး အသိဉာဏ်ပညာ ဗဟုသုတမရှိသော ရွာသားများသာဖြစ်ကြသည်။





မကျည်းတန် ငယ်ဘဝကား ဆိုးဝါးကြမ်းတမ်းစွာ ဆက်ရှင်သန်ခဲ့ရပေသည်။ ပညတ်သွားရာ ဓါတ်သက်ပါဆိုသည့်အတိုင်း ဘဝကံကြမ္မာကပါ အကျည်းတန်သည်။ မကျည်းတန်လေးငယ်စဉ်မှာပင် မိခင်ရော ဖခင်ပါ ကွယ်လွန်သွားခဲ့ကြသည်။

ဆွေမျိုးသားချင်းများကလည်း မိခင်ကိုပင် ခိုက်သော [illegible]လေးပါလားဟု အပြင်တင်အထင်များကာ ပစ်ပယ်ထားကြသည်။ မည်သူကမှလည်း လက်ခံကျွေးမွေးခြင်းမပြု။

မကောင်းဆိုးဝါးများ ဝင်ပူးကပ်နေသည်ဟု အထင် [illegible]နေသော မကျည်းတန်လေးအား သနားသော အားဖြင့် အရပ်ဝမ်းဆွဲသည်မိန်းမကြီးက ကျွေးမွေးစောင့် ရှောက်[illegible]ခဲ့သည်။ ကြင်နာပြီးစိတ်ကောင်းရှိသော ဝမ်းဆွဲသည်ကြီးက သူတတ်ကျွမ်းထားသော ကလေးမီးဖွားခြင်းပညာရပ်များကို သင်ကြားပေးခဲ့သည်။

ဝမ်းဆွဲသည်ကြီးသေဆုံးသွားသောအခါ မကျည်းတန် [illegible]သည် ဝမ်းဆွဲသည်အဖြစ် အသက်မွေးဝမ်းကျောင်းခဲ့ရသည်။ မကျည်းတန်ဘဝသည် ကံကြမ္မာကသာ အကျည်းတန်အရုပ်ဆိုး



www.burmeseclassic.com

www.burmeseclassic.com



အောင် ဖန်တီးခဲ့သော်လည်း ရပ်ရွာအပေါ် သူမသည် စိတ်စေတနာကောင်းရှာသွားခဲ့သည်။

တတ်နိုင်သမျှ အကျိုးပြုသည်။ ရွာထဲရှိလူငယ်လူရွယ်မှန်သမျှ မှာ သူမ၏ တတ်နစ်ဖက်ဖြင့် လောကကြီးထဲသို့ ပို့ဆောင်ပေးခဲ့သူများသာဖြစ်ကြသည်။ ရွာသူရွာသားများအပေါ် စိတ်ကောင်းစေတနာကောင်းနှင့် အနစ်နာခံ မည်သို့ပင်နှိမ့်ချဆက်ဆံစေကာမူ သူမ၏ဆိုးဝါးသော အဝေးတကြမ်းမှာ ရုပ်ဆိုးအကျည်းတန်မှုများက စိတ်ဆင်းရဲခြင်းကို ခံစားနေရသည်။

ကလေးမီးဖွားချိန်ကျမှ မကျည်းတန်ကို အရေးတကြီး သတိရပြေးခေါ်တတ်ကြသည်။ ကျန်သည့်အချိန်များတွင် ဝေးဝေးကပင် ရှောင်နေကြသည်။

'ငါ့ကလေးမွေးလာရင် မကျည်းတန်လို အရုပ်ဆိုး အကျည်းတန်လေးဖြစ်သွားမှာကို အရမ်းစိုးရိမ်တာပဲ ... ဒါကြောင့် ကိုယ်ဝန်ရှိတုန်းမှာသူကိုမလာပါနဲ့အေ၊ မွေးခါနီးဖွားခါနီးမှတဲ့ ညည်းကိုခေါ်လိုက်ပါ့မယ် ...'

ဟုရက်ရက်စက်စက် ပြောခဲ့ရသည်။ သူမပေါ်ဘယ်လိုပင်သဘောထားကြပါစေ မကျည်းတန်သည် ရွာသားများအပေါ်





စေတနာမပျက်ခဲ့ပေ။ သူနှင့် တွေ့ကြုံဆက်ဆံကြသူများ အား... စေတနာမေတ္တာထား၍ ကူညီပေးမြဲပေးခဲ့သည်သာဖြစ်သည်

ယခုတော့ မကျည်းတန်လေးဘဝသည်ပင် ဒေါ်ကျည်းတန် ဖြစ်လာသည်။ နှစ်ကာလအချိန်များ အလီလီပြောင်းခဲ့သည်။ ခေါင်းမဖွမ်းရှိလာချိန်တွင် လုပ်ကိုင်ရာမှ မစားသောက်နိုင်ပေ... သေ။ သူ့ဘဝသူ့ကံကြမ္မာကို သူ့ဘာသာ ဖန်တီးခဲ့ရသည်။ ... ထဲကမှ သူ့အပေါ်တွင် မနှစ်မြို့သော ရွာသူရွာသားများနှင့် ကား... သော သင်္ချိုင်းဇရပ်ပျက်ကြီးတွင် တစ်ယောက်တည်း နေထိုင်... သည်။

မည်သူ့ကိုမှလည်း သူ့အတွက် ဒုက္ခမရှာ အကူအညီ... ကောင်းခဲ့ လူရှင်များကို မွေးဖွားခဲ့ပေးခဲ့သော ဒေါ်ကျည်းတန်... သများရှိရာ သင်္ချိုင်းသည် သူ့ဘဝအတွက် စိတ်ချမ်းသာ... ကောင်းဆုံးဖြစ်ခဲ့သည်။

အိုကြီးအိုမနှင့် လုပ်ကိုင်မစားသောက်နိုင်သော ဒေါ်ကျည်းတန်အား ရွာဘုန်းတော်ကြီးက သနားသဖြင့် ကျွေးမွေးခဲ့သည် ကျောင်းမှ စားစရာသောက်စရာများကို ဘုန်းကြီးကျောင်းသားလေး များအား ပို့လွှတ်ပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးကျောင်းနှင့် သင်္ချိုင်းသည်ပင် ဝေးကွာလှသည် တော့ မဟုတ်ပေ။

မိုးကလည်းဒီညကျမှကောင်းလှသည်။

တစ်နေကုန် မိုးကြီးသည်းထန်စွာ ရွာသွန်းလျက်နေရာ ညနက်ပိုင်းအချိန်ရောက်လာသည့်အထိ မတိတ်သေးပေ။ ဘယ် အငြိုးနှင့် ဆိုးဆိုးဝါးဝါး နှိပ်စက်ရွာချနေသည်တော့ မသိ။ ဒေါ်ကျည်းတန်မိုက်ထဲမှာလည်း တကြွတ်ကြွတ်နှင့် ဆာလောင် မွတ်သိပ်လျက်ရှိသည်။ မိုးကြီးသည် သည်းထန်စွာရွာသွန်းနေ သောကြောင့် ယနေ့ညနေပိုင်းတွင် ဘုန်းတော်ကြီးကျောင်းမှ စားကြွင်းစားကျန်ကလေးများကိုကျောင်းသားလေးများ ခါတိုင်းလို လာပို့နိုင်တော့မည် မထင်တော့ပေ။

မိုးရေများခံထားသော ရေအိုးထဲမှ ရေကိုခပ်သောက်ပြီး ဆာလောင်မှုဝမ်းကိုဖြေမ်းလိုက်ရသည်။ ညကလည်း နက်နေပြီ ဘုရားရှိခိုးကန်တော့ပြီး အိပ်မှဖြစ်တော့မည်။ ဒေါ်ကျည်းတန်သည် ဇရပ်ထောင့်ကွေးရှိ မိုးလုံရာနေရာလေးတွင် လှဲချလိုက်သည်။ စုတ်စုတ်ပြတ်ပြတ်ဖာဖာထေးထေး စောင်ပိုင်းလေးကိုလွှမ်းခြုံ လိုက်သည်။





ထိုအချိန်တွင် မိုးချိန်းသံကြီးကဲ့သို့ ကျယ်လောင်သော အသံကြီးတစ်ခုကို ကားလမ်းပေါ်မှ ကြားလိုက်ရသည်။ ဒေါ်ကျည်း တန်လန့်သွားပြီး ငုတ်တုတ်ထထိုင်လိုက်မိသည်။

'တစ်နေ့ကုန်မိုးလည်းကောင်းနေတာ ... ဒီအသံကြီးက ကားလမ်းပေါ်ကကြားလိုက်ရတဲ့အသံပဲ၊ ဘုရား ... ဘုရား ဒို့စိတ်ထဲမှာ ထင်ထားသလိုမဖြစ်ပါစေနဲ့၊ မိုးရေတွေနဲ့ ချော်နေတဲ့ ကားလမ်းပေါ်မှာ ခရီးသွားတဲ့ကားတွေ ဘာမှ မဖြစ်ပါစေနဲ့ --- ဘေးအန္တရာယ်အပေါင်း ကင်းရှင်းကြပါစေ ...

အားလုံးသတ္တဝါတွေ

- ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ
- စိုးရိမ်ခပ်သိမ်း ကင်းငြိမ်းကြပါစေ
- ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ
- • ချမ်းသာသုခ ပြည့်ဝကြပါစေ ...'

ဒေါ်ကျည်းတန်သည် နှုတ်မှ တစ်ဖွဖွ ရွတ်ဆိုဆုတောင်း ၏ မေတ္တာပို့အမျှဝေလျက်ရှိသည်။ ထိုသို့ အမျှဝေနေစဉ်မှာပင် ကားအနည်းငယ် စဲသွားသည်။ လေတိုက်နှုန်းများကလည်း သိသိ သာသာ လျော့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သံချိုင်းအဝင်အဝနားမှ သူမအမည်ကိုခေါ်သံ ကြားလိုက်ရသည်။

'အမေကျည်းတန် … ဗျို့ … အမေကျည်းတန် အိပ်နေပြီလား … အရေးကြီးလို့ပါ …'

ခေါ်သည့်အသံကို ကျက်မိလိုက်သည်။ ဘုန်းတော်ကြီးကျောင်းမှ ကျောင်းသားလေး သာဂိအသံပဲ။ ညကြီးအချိန်မတော်မိုးချုပ်မှပဲ။

သာဂိဘာကိစ္စနဲ့ ရောက်လာရပါလိမ့် … ထိုသို့တွေးမိရင်း …

'သာဂိလားဟေ့ …'

'ဟုတ်ပါတယ် … အမေကျည်းတန်…'

'ဇရပ်ပေါ်တက်လာခဲ့လေ … အမေရှိပါတယ် …'

အသံလှမ်းပြုရင်း ဒေါ်ကျည်းတန်မော့ကြည့်လိုက်သည်။ ဘုန်းတော်ကြီးကျောင်းမှ သာဂိနှင့် ချက်စုတို့နှစ်ယောက်သည် ငှက်ပျောခိုင်တစ်ခိုင်ကိုထမ်းပြီး သံချိုင်းဇရပ်ပေါ်သို့ တက်လာကြသည်။ ယခုလိုအချိန်မျိုးတွင် သာဂိနှင့်ချက်စုတို့ ဘုန်းကြီးကျောင်းသားလေးနှစ်ယောက်ရောက်လာသည့်အတွက် အံ့သြသွားမိသည်။





အံ့သြမိသည်နှင့်အတူ သူတို့နှစ်ယောက်နောက်တွင် အမျိုးသမီးနှစ်ဦးကိုပါ မြင်တွေ့လိုက်ရသည်။ တစ်ကိုယ်လုံးတွင် မိုးရေများလည်း ရွှဲစိုနေကြသည်။ အမျိုးသမီးတစ်ဦးကို အဖော်ဖြစ်ဟန်တူသော အမျိုးသမီးကတွဲခေါ်လာသည်။ သူတို့မျက်နှာများမှာလည်း စိုးရိမ်ထိတ်လန့်နေကြသလို ကြောက်ရွံ့နေကြပုံရသည်။

ထိတ်လန့်တုန်လှုပ်ဖွယ် အဖြစ်အပျက်များနှင့် ကြုံတွေ့လာခဲ့ဟန်တူသည်။

'ဟဲ့ … သာဂိနဲ့ ချက်စု နင်တို့နဲ့ အတူပါလာတာ ဘယ်သူတွေလဲ …'

'စောစောက လမ်းပေါ်မှာ ကားမှောက်သွားတယ်။ အမေကျည်းတန် အသံမကြားလိုက်ဘူးလား။ ဆရာတော်က ဒီကအကြီးတွေကို အမေကျည်းတန်ဆီအမြန်ခေါ်သွားကြလို့ အမှာရှိလိုက်တာနဲ့ လိုက်ပို့ရတာပါ …'

'ဟေ… စောစောကထင်တော့ထင်သားပဲ … ငါကြားလိုက်မိတယ် လမ်းပေါ်မှာတော့ တစ်ခုခုဖြစ်ပြီလို့ထင်နေတာ —အို … ဖြစ်မှဖြစ်ရလေ ဘုရား …ဘုရား … ဘယ်သူတွေ



www.burmeseclassic.com

www.burmeseclassic.com



ဘာများဖြစ်သွားကြသေးလဲ … ဘေးကင်းကြပါစေ … လာ … လာ … မိန်းကလေးတို့ မိုးရေတွေလည်း ရွှဲလို့ပါလား'

ဒေါ်ကျည်းတန်က လှမ်းခေါ်လိုက်သဖြင့် မိန်းကလေးနှစ်ဦးသံချိုင်းဇရပ်ပေါ်သို့ မရွံ့မရဲတက်လာကြသည်။ မိန်းကလေးတစ်ဦးက အခြားမိန်းကလေးတစ်ဦးကို တွဲခေါ်လာရာ အဆိုပါမိန်းကလေးမျက်နှာမှာ ရှုံ့မဲ့လျက်သူမခါးကို လက်နှစ်ဖက်နှင့်ဖိထားရင်း ပြင်းထန်သော ဝေဒနာတစ်ရပ်ကို ခံစားနေရပုံရသည်။

ဒေါ်ကျည်းတန်က ကားမှောက်သွားသောကြောင့် ပြင်းထန်သော ဒဏ်ရာများရခဲ့လေသလားဟု စိုးရိမ်သွားသည်။ ရှုံ့မဲ့နေသော မိန်းကလေးမှာ တကျွတ်ကျွတ်နှင့်စုတ်သတ်လျက်ရှိသည်။ ဒေါ်ကျည်းတန်ကြည့်လိုက်မိသည်တွင် …

'အလို … ဒီမိန်းကလေးက ကိုယ်ဝန်ကြီးနဲ့ပါလား…'

'ဟုတ်တယ် … အမေကျည်းတန် အဲဒီကားမှောက်သွားတုန်းက ထိခိုက်သွားတာ … အခုဗိုက်နာနေတယ်ဆိုလို့ ဆရာတော်ကလွှတ်လိုက်တယ် …'

'အို… ဒီလိုမဖြစ်သေးပါဘူး၊ လာ…လာ မိန်းကလေး အနေ့အိပ်ယာပေါ်လှဲနေ ကဲ … ကဲ သဂိနဲ့ ချက်စု ကျောင်းကို





ပြန်ကြပေတော့၊ ပြန်ရဲတယ်မဟုတ်လား၊ တော်ကြာ ဆရာတော်က စိတ်ပူနေဦးမယ်…'

'ကျွန်တော်တို့က အမေကျည်းတန်ဆီ အမြဲလာနေကျဘဲ ကြောက်ပါဘူး … ဒါဆို ကျွန်တော်တို့ပြန်မယ်၊ ဒီမှာ ငှက်ပျောနိုင်ထားခဲ့ပြီ …'

'အေး …အေး … သွားကြ … သွားကြ မနက်ကျမှ ဆရာတော့်ဆီ ငါလာလျှောက်မယ် လို့ပြောလိုက်နော်…'

'ဟုတ်ကဲ့ …'

သာဂိနှင့် ချက်စုတို့သည် မိုးတဖွဲဖွဲ ကျနေသော သံချိုင်းဂူများကြားတွင် ပျောက်ကွယ်သွားကြသည်။ ဒေါ်ကျည်းတန်သည် မှန်အိမ်လေးအား မီးစာမြှင့်တင်လိုက်ပြီးထုပ်တန်းတွင် ချိတ်ထားသောသံချိတ်၌ ဆွဲထားလိုက်သည်။ မလင်းတလင်းမှန်အိမ်အလင်းရောင်အောက်တွင် ဒေါ်ကျည်းတန်ကို မြင်တွေ့လိုက်ရသော မိန်းကလေးနှစ်ယောက်မှာ တစ္ဆေသရဲကို မြင်တွေ့လိုက်ကြသည့်အလားခေါင်းနပန်းကြီးကာ ကြက်သီးမွေးညှင်းများထောင်ထသွားကြသည်။ ကြောက်လန့်သွားသည်မှာလည်း ဆိုဖွယ်ရာမရှိ၊ သံချိုင်း ဇရပ်ပေါ်မှ အတင်းဆင်ပြေးရန် ဟန်ပြင်လိုက်ကြသည်။

www.burmeseclassic.com



'အမလေး … ကြောက်စရာကြီးပါလား …'

ဒေါ်ကျည်းတန်၏ ရုပ်အဆင်းမှာလည်း သည်းထိပ်ရင်ဖို ဖွယ်ကောင်းလှအောင် ဆိုးရွားလှသည်။ ရောက်နေသည့်နေရာမှာလည်းအုတ်ဂူများ မြေပုံများ ချုံနွယ်ပိတ်ပေါင်းများ ဘုရားစေတီ အပြိုအပျက်များနှင့် သင်္ချိုင်းနယ်မြေ၊ သင်္ချိုင်းဇရပ်ပေါ်တွင် တွေ့ လိုက်ရသော အဖွားကြီးမှာလည်း ခါးကကုန်းကုန်း မျက်နှာပေါ်တွင် ကျောက်ပေါက်မာများနှင့် နီကြောင်ကြောင်ဆံပင်ဖားလျား ချထားရာ မကောင်းဆိုးရွားအဖြစ်ထင်မှတ်ရပေသည်။

ရင်တုန်ပန်းတုန်ဖြစ်ကြသည်။ ကြက်သီးမွေးညှင်းများ ထောင်ထလာပြီး မိန်းကလေးနှစ်ဦး လန့်မည်ဆိုက လန့်လောက် ပေသည်။ ရုပ်ပျက်ဆင်းပျက်ကြောက်လန့်တကြားဖြစ်နေသော မိန်းကလေးနှစ်ဦးအား ဒေါ်ကျည်းတန် ပြုံးရင်း သက်ပြင်းချ လိုက်သည်။

'မိန်းကလေးတို့မကြောက်ပါနဲ့ကွယ်၊ အဖွားက သင်္ချိုင်း ဇရပ်ပေါ်မှာ နေပေမယ့် မကောင်းဆိုးဝါးတစ္ဆေသရဲမဟုတ်ပါဘူး၊ ဘဝရဲ့ ကုသိုလ်ကံမကောင်းလို့ ဒီဘဝမှာ အခုလို ရုပ်ပျက်ဆင်း ပျက်ဖြစ်နေရတာပါ။ အဖွားက မိန်းကလေးတို့လိုဘဲ သာမန်





လူသားတစ်ယောက်ပါကွယ်။ ခုချိန်မှာ အင်အားချိနဲ့ ပိန်ချုံးပြီး ဒုက္ခိတအဖွားအိုကြီးတစ်ယောက်ပါ …'

'မိန်းကလေးတို့ကို ဘာမှ ရန်မပြုနိုင်တဲ့ အဖွားအို ကြီး တစ်ယောက်ပါ မကြောက်ကြပါနဲ့၊ စိတ်ကို အေးအေးထားပါ … မိန်းကလေးတို့ အဖွားနဲ့တွေ့တာ ကံကောင်းပါတယ်ကွယ် အဖွားက အရင်တုန်းက ကျွမ်းကျင်တဲ့ ဝမ်းဆွဲသည်တစ်ယောက် ပါ၊ ဟိုမိန်းကလေးက နေ့စေ့လစေ့ ကိုယ်ဝန်ကြီးနဲ့၊ ဒါကြောင့် လည်း ဆရာတော်က အဖွားဆီလွှတ်လိုက်တာပေါ့ …'

'အဖွားကမလုပ်နိုင်မကိုင်နိုင်ပဲ ဒီရွာသင်္ချိုင်းကဇရပ်ပျက် ကြီးပေါ်မှာ သူများပေးတာကမ်းတာ စားပြီးနေလာရတဲ့သူပါ … ကျောင်းကဆရာတော်ကပဲ အဖွားကို ကြည့်ရှုစောင့်ရှောက်ထား တယ်၊ ဘာမှ မကြောက်ကြနဲ့နော်၊ အခုဟိုမိန်းကလေး ဗိုက်နာနေ တယ်ဆိုတာ … မြင်တာနဲ့ အဖွားသိပါတယ် … အဲဒီမိန်းကလေး ကိုကူညီနိုင်ခွင့်ရရင် အဖွားအကူအညီပေးပါရစေ'

ဒေါ်ကျည်းတန်က ရှည်လျားစွာ ရှင်းပြပြောပြသည် ကို မိန်းကလေးနှစ်ဦးသဘောပေါက်သွားကြသည်။ အကြောက် အလန့်ပြေသွားကြသလို အခုမှပင် စိတ်အေးသွားရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



[illegible] ရဲရဲတိုးလာကြသည်။ ခေါ်ကျည်တန်မေတ္တာသုတ်နှင့် အဒိုသိဓာလသုတ်ရွတ်ဆိုသံများသည် တိတ်ဆိတ်ငြိမ်သက်နေသော သင်္ချိုင်းဇရပ်ပျက်ပေါ်တွင် ထွက်ပေါ်လာသည်။

ဗိုက်မှာနေသည့် မိန်းကလေးမှာလည်း ဒေါ်ကျည်းတန်၏ အိပ်ယာအစုတ်လေးပေါ်တွင် လဲလျောင်းလျက်ရှိသည်။ ကိုယ်ဝန်ဆောင်မိန်းကလေးများစွာကို ဒေါ်ကျည်းတန်မွေးဖွားပေးခဲ့ရဖူးသည်။ ယခုတွေ့လိုက်ရသော ကိုယ်ဝန်ဆောင်မိန်းကလေးမှာ ထူးတော့ထူးခြားလှသည်။ သည်လိုသတ္တိရှိသော မိန်းကလေးမျိုးကို ဒေါ်ကျည်းတန် ယခုမှ တွေ့ရသည်။

သူမသည် စိတ်ဓာတ်ကြံ့ခိုင်သည့် မိန်းကလေးဖြစ်သည်။ တကျွတ်ကျွတ်စုတ်သပ်ယုံမှလွဲ၍ သူမခံစားနေရသော အာဝေဒိကာဒုက္ခကို တစ်ချက်ကလေးမှ ညည်းညူအော်ဟစ်ခြင်း မပြုပေ ဝါဝင်းသောအသားအရေ တင်းမာခတ်ထန့်သောမျက်နှာနှင့် အဆင့်အတန်းရှိသော အသိုင်းအဝိုင်းထဲမှ ဖြစ်ပုံရသည်။

အဖော်ပါလာသော မိန်းကလေးမှာ သူမ၏ အစေအပါး ဖြစ်ပုံရသည်။ ကိုယ်ဝန်ဆောင်ထားသော မိန်းကလေးအား ကျိုးနွံ ရိုသေစွာဖြင့် တလေးတစားဆက်ဆံကြောင်း ဒေါ်ကျည်းတန်ရိပ်





ားအကဲခတ်မိသည်။ ဒေါ်ကျည်းတန်ဘဝတစ်လျှောက်လုံး ကိုယ်ဝန်ဆောင်မိန်းကလေးများကို မွေးဖွားပေးခဲ့ဖူးရာ အတွေ့အကြုံများစွာ ရှိခဲ့သည်။ ထို့ကြောင့် လည်း ယခုမိန်းကလေးမီးဖွားနိုင်ရန်အတွက် အစွမ်းကုန်ပြုစုဆောင်ရွက်ပေးလျက်ရှိသည်။

မိန်းကလေးနှစ်ဦးကိုယ်တိုင်လည်း ဒေါ်ကျည်းတန်အပေါ် နားလည်စိတ်ချယုံကြည်သွားကြသည်။ ကျောက်ပေါက်မာဗလပွ ကျက်နှာ ရုပ်ဆိုးဆိုး ခါးကုန်းကုန်း စုန်းကဝေမကြီးနှင့်တူသောအဖွား အိုကြီး၏ အတွင်း အစျွတ္တသဏ္ဍာန်မှာ နူးညံ့ဖြူစင်ပြီးကြင်နာ တတ်သောအသဲနှလုံးရှိမှန်းသိသွားကြသည်။ လောကကြီးကား ဆန်းကြယ်လှသည်။ အပြင်ဘမ်းအားဖြင့် ရုပ်ဆိုးသလောက် စိတ်ရင်းစေတနာကောင်းသူများရှိကြောင်း မိန်းကလေးနှစ်ဦးယခု မှပင် နားလည်သွားကြသည်။

ထိုစဥ် အစေအပါးဖြစ်ဟန်တူသော အဖော်ပါလာသည့် မိန်းကလေးက မေးလိုက်သည်။

"အဖွားကို တစ်ခုလောက်မေးပါရစေ … ဒီမှာ ကလေး မီးဖွားပြီးသွားရင် ကျွန်မတို့ ခရီးဆက်ထွက်သွားလို့ ဖြစ်ပါ့မလား ဟင် …"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကျည်းတန်အံ့ဩသွားသည်။ မေးခွန်းက ဒေါ်ကျည်းတန်ဘဝတွင် မကြားဘူးသောမေးခွန်းဖြစ်သည်။ အဖော်ပါလာသည့်မိန်းကလေး မျက်နှာအား ထူးဆန်းစွာကြည့်လိုက်ရင်း …

'ဘယ်လိုမေးလိုက်တာလဲကွယ်၊ မီးဖွားပြီးကာစဆိုတာ သွေးနုနုသားနုနု နဲ့ ဘယ်လိုလုပ်ပြီးခရီးဆက်သွားလို့ဖြစ်ပါ့မလဲကွယ် … ဒီလိုအခြေအနေမျိုးနဲ့ ခုလို မိုးတွေရွာနေတဲ့အချိန်မျိုးမှာ မဖြစ်ပါဘူးကွယ်၊ အင်း… မိန်းကလေး ကြည့်ရတာ အဖွားသိသလောက်ပြောရရင် သူကစိတ်ဓါတ်ပြင်းတယ် … သတ္တိရှိတယ်၊ ဒါပေမယ့် သွေးအားမကောင်းဘူး၊ စိတ်ကမာပေမယ့် လူကမမာဘူး၊ အရမ်းအားနည်းနေတယ်၊ ဒီလိုမှမဟုတ်ဘဲ ရာသီဥတုကလည်း ခြောက်ခြောက်သွေ့သွေ့နွေးနွေးထွေးထွေး သာသာယာယာ ရှိမယ်၊ မီးဖွားပြီးစမိန်းကလေးကလည်း ကျန်းမာရေးကောင်းမယ်ဆိုရင်တော့ မိန်းကလေးပြောတာဖြစ်နိုင်ပါတယ် … ခုဟာက …'

ဒေါ်ကျည်းတန်ရှေ့ဆက်စကားမဆိုတော့ …

အိပ်ရာထဲတွင် လဲလျောင်းရင်း တကျွတ်ကျွတ်စုတ်သပ်နေသော ကိုယ်ဝန်ဆောင်မိန်းကလေးသည် တစ်ချက်မျှ တွေခဲ့





ဖြစ်သွားသည်။ အလေးအနက်စဉ်းစားနေပုံလည်း ရသည်။ အတန်ကြာအောင်ငြိမ်သက်စွာတွေဝေငေးမောနေရာမှ ဒေါ်ကျည်းတန်အား မေးလိုက်သည်။

'ကျွတ် … ကျွတ် · အဖွား ကျွန်မမွေးဖို့ ဘယ်လောက်လိုသေးလဲဟင် အင်း … ဒီအတိုင်းဆိုရင်တော့ … ကျွတ် …ကျွတ် ကျွတ်၊ ခင်သုန်ကိုဘဲ တစ်ယောက်တည်းပြန်လွှတ်ရလိမ့်မယ် …'

ကိုယ်ဝန်ဆောင်မိန်းကလေးမှာ သူ့အကြောင်းနှင့်သူစဉ်းစားဆုံးဖြတ်နေဟန်ရှိသည်။ အဖော်ဖြစ်သူ မိန်းကလေးအားအနားသို့ တိုးကပ်လာရန် လက်ဟန်ပြလိုက်ရင်း သက်ပြင်းတစ်ချက်ချလိုက်သည်။

'ခင်သုန် …'

'မှန်ပါ့မမလေး ဘုရား …'

'သေချာနားထောင် ကျွတ် … ကျွတ် ငါဘာလေးမွေးဘယ်ဆိုတာ စောင့်ကြည့်ပြီးသာ သွားပေတော့၊ တကယ်လို့ မီးဖွားပြီး ငါတစ်စုံတစ်ရာဖြစ်သွားရင်တော့ ငါ့ကိုထားခဲ့တော့ ကျွတ် …ကျွတ် ကလေးကိုယူသွားပြီး မရောက်ရောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



သွားပါ၊ ခမည်းတော် မယ်တော်တို့ဆီကို ရောက်အောင်သွားပါ ကျွတ်…ကျွတ် ကလေးကယောက်ျားလေးဖြစ်ရင် အင်း မိုးတွေ သဲသဲ မဲမဲရွာတဲ့ညဆိုတော့ ညမိုးလို့နာမည်ပေး၊ တကယ်လို့ မိန်းကလေးဖြစ်ရင် ခမည်းတော်မယ်တော်တို့သင့်သလို အမည် ပေးကြလိမ့်မယ်၊ ကျွတ် …ကျွတ် သေချာမှတ်ထားနော် ခင်သုန် အား …အား နာလိုက်တာ …'

ခင်သုန်ဟုခေါ်ခံရသည့် အဖော်ပါလာသော မိန်းက လေးမှာ မျက်နှာမကောင်းတော့ပေ။ မျက်ရည်စများယစ်ဝဲလာ သည်။ ရှိုက်သံငိုသံပါသော စကားများထွက်ပေါ်လာသည်။

'မှတ်မိပါတယ် သခင်မလေး၊ ခင်သုန်မှတ်မိပါတယ် မမလေး အမိန့်တော်အတိုင်း ကျေပွန်အောင်ဆောင်ရွက်ပါ့မယ် … ဒါပေမယ့် သခင်မလေးမရှိတော့ဘူးဆိုတဲ့ စကားတော့မပြော ပါနဲ့ သခင်မလေးရယ် … ခင်သုန်အားငယ် ဝမ်းနည်းလွန်းလို့ပါ သခင်မလေး ဘာမှ မဖြစ်ပါဘူး၊ စိတ်ကိုတင်းထားတော်မူပါ…'

ကိုယ်ဝန်ဆောင်ထားသော သခင်မလေးဟုအခေါ်ခံရ သည့်မိန်းကလေးက အံကိုတင်းတင်းလေးကြိတ်လျက် ခေါင်း ညိတ်ပြလိုက်သည်။ သူမ၏နူထွေးပျော့ပျောင်းသော လက်က





ေသးများသည် ဒေါ်ကျည်းတန်နှင့် ခင်သုန်တို့လက်တစ်ဖက် တစ်ချက်စီအား တင်းတင်းကျစ်ကျစ် ဆုပ်တွယ်ထားရင်း အံ တစ်ချက် ကြိတ်လိုက်သည်။

နက်မှောင်စိုရွှန်းသောမျက်သန်းထောင့်များမှ မျက်ရည် ပေါက်ကလေးများ တလိမ့်လိမ့်စီးကျလာသည်။ မကြာမီပင် ဝါး တန်ကလေးငိုသံကြားလိုက်ရသည်။ ဒေါ်ကျည်းတန်က ကျွမ်း ကျင်စွာ ချက်ကြိုးဖြတ်ပေးလိုက်သည်။

'အင်း…ဟင်း … ဟင်း … ဘာလေးလဲ အမွှား…'

'ယောက်ျားလေးကွယ့် … ဖြူဖြူတုတ်တုတ်နဲ့ တကယ့် ချစ်စရာကောင်းတဲ့ သားလေးပါဘဲ မိန်းကလေးရယ် … '

ဒေါ်ကျည်းတန်ကိုယ်တိုင် ရွှင်လန်းဝမ်းသာအားရသွား သည်။ လူသားတစ်ယောက်ကို မွေးဖွားပေးနိုင်ခဲ့လေပြီ။ ကမ္ဘာ မြေကြီးပေါ်ခြေချမည့် ကလေးတစ်ယောက်ရောက်ရှိလာခဲ့သည်။ ဝင်ပန်းနွမ်းနယ်နေသည့် မိန်းကလေးထံမှ တိုးလျှည်သော သော စကား သံဖွဖွထွက်ပေါ်လာသည်။

'… သား….လေး…ည….မိုး '

စကားသံအဆုံးတွင် သက်ပြင်းရှည်ကြီးများလေးတဲ့မှာ



www.burmeseclassic.com

ချလိုက်ရင်း မျက်ဖြူများလန်ကာ ငြိမ်သက်သွားသည်။ ခင်သုန်ကလည်း အလန့်တကြား အော်ဟစ်လိုက်သည်။

'သခင်မလေး … သခင်မလေး … ဘုရား၊ ခင်သုန့်ကို ထားခဲ့ပြီးလား … ဘုရား…'

ထိုအချိန်မှာပင် ရေနံဆီခမ်းသွားသော ဒေါ်ကျည်းတန်မှန်အိမ်လေးမှာ ဟုတ်ကနဲ အသံမြည်ပြီး မီးငြိမ်းသွားသည်။ သင်္ချိုင်းဇရပ်တစ်ခုလုံး အမှောင်ကျသွားသည်။ ဒေါ်ကျည်းတန်သည် မိန်းကလေးလက်အား သွေးစမ်းကြည့်လိုက်သည်။ မှောင်ထဲတွင် ခေါင်းယမ်းပြနေသော ဒေါ်ကျည်းတန်အား မမြင်ရသော်လည်း စိတ်ပျက်လေးတွဲစွာ အသံကထွက်ပေါ်လာသည်။

'အသက်မရှိတော့ဘူး မိန်းကလေး …'

ဒေါ်ကျည်းတန်၏ ဝမ်းနည်းကျေကွဲဖွယ်အသံကိုကြားလိုက်ရ၍

'ဟင် … 'ခနဲဖြစ်သွားသော ခင်သုန်သည် မယုံကြည်နိုင်လောက်အောင် မင်သက်တွေဝေသွားသည်။ အတန်ကြာမှ သတိဝင်လာပြီး ဒေါ်ကျည်းတန် အဝတ်ဟောင်းများနှင့်ပတ်ထားသော ကလေးအား ပွေ့ချီပြီး သင်္ချိုင်းဇရပ်ပေါ်မှ အပြေးဆင်းသွား





တော့သည်။ ခင်သုန်အပြေးဆင်းသွားသည်ကို ဒေါ်ကျည်းတန်မ်းအော်ပြီး တားဆီးလိုက်သည်။ သို့သော် ခင်သုန်ကတော့ နောက်ဘက်သို့ တစ်ချက်လေးမျှ လှည့်မကြည့်တော့ပေ။

'ဟဲ့ … မိန်းကလေး မပြေးနဲ့လေ၊ နေဦးလေ၊ အို… တ်တော့တာဘဲ …'

မိုးရေထဲတွင် အပြေးထွက်သွားသော ခင်သုန်သည် ဒေါ်ကျည်းတန်စကားများကို ကြားနိုင်တော့မည်မဟုတ်၊ ကားမ်းမဘက်ဆီသို့ အပြေးထွက်သွားသည်။ ဒေါ်ကျည်းတန်သည် ျာကယာပင် ဖယောင်းတိုင်များရှာဖွေ ထွန်းညှိလိုက်ရာ ချိုင်းဇရပ်ကလေးသည် မှောင်နေရာမှ ဖယောင်းတိုင်မီးများ အလင်းရောင်များ ထွက်ပေါ်လာသည်။

ဒေါ်ကျည်းတန်သည် ကလေးမီးဖွားပြီးကာစ ကံဆိုးရှာသည့်မိန်းကလေးအား စိတ်မကောင်းစွာလှမ်းကြည့်လိုက်ရာမှ ျက်လုံးပြူးကျယ်သွားပြီးပါးစပ်အဟောင်းသားဖြစ်သွားသည်။ င်းတိုင်မီးရောင်အောက်တွင် သေဆုံးသွားသောမိန်းကလေး ိုက်သည် တလှုပ်လှုပ်ဖြစ်နေသည်။

'အလို…ဘုရား…ဘုရား ငါမျက်စိမှားနေတာလား…'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပြီး သေချာပြီ ငါမျက်စိမှားတာမဟုတ်ဘူး အထဲမှာကလေးတစ်ယောက်ကျန်နေသေးတယ် ...'

ဒေါ်ကျည်းတန်သည် သွက်လက်စွာဖြင့် လုပ်စရာရှိသည်များကို ဆက်လက်လုပ်ကိုင်လိုက်သည်။ မိန်းကလေးဝမ်းဗိုက် ပေါ်သို့ လက်နှစ်ဖက်တင်ပြီးလိုအပ်သလို ပြုပြင်လှည့်ပတ်၍ အားနှင့် ဖိနှိပ်ချလိုက်ရာ အချင်းတဲထွေးကြီးနှင့်အတူ ကလေးငယ်တစ်ယောက်သည် အောက်ခံနှီးသားဖျာပေါ်ပို့ကျလာသည်။

နောက်ထပ်မွေးလာသည့် ကလေးမှာလည်း ယောကျ်ားလေးပင်ဖြစ်သည်။ သံချိုင်းနယ်မြေပေါ်တွင် ထူးထူးဆန်းဆန်း အူဝဲ...အူဝဲဆိုသည့် ကလေးငိုသံများ ဆူညံစွာထွက်ပေါ်လာသည်။ အရပ်ဆိုးဆိုးခါးကုန်းကုန်းအဖွားအိုကြီးဒေါ်ကျည်းတန်သည် အားရပါးရပြုံးလိုက်သည်။

'အော်...မကျည်းတန် မကျည်းတန် အသက်ကြီးပြီး အဖွားကြီးဖြစ်လာကာမှ ကလေးတစ်ယောက်မွေးစားရတော့မှာပါလား ... အဲစောစောကကလေးကတော့ သူ့အမေက နာမည်ပေးသွားတယ်၊ ဘာတဲ့ မိုးတွေသဲသဲမဲမဲရွာတဲ့ညကြီးမှာမွေးတာကြောင့် ညမိုး ဟုတ်ပြီးမင်းကလေးကဘော့ သံချိုင်းတစ်ခုလုံးဆူ





ညံသွားအောင်အော်ဟစ်ငိုနေတော့တာပဲ၊ ရှေ့ဆင့်နောက်ဆင့် အမြွှာ ...မွေးလာကြတယ်ဆိုတော့ မင်းက ညစိုး ဟုတ်ပြီ ညမိုးရဲ့ညီ ညစိုး မကျည်းတန်ဘဝကို စိုးမိုးဖို့ရောက်လာတဲ့ ညစိုး လူကလေး ...ကျည်းတန်သားလေး ...'

ဒေါ်ကျည်းတန်သည် သူကိုယ်တိုင်အမည်ပေးလိုက်သော ညစိုးဆိုသည့်ကလေးငယ်အား အဝတ်ဟောင်းများနှင့် နွေးထွေး ...င်နှာစွာ ထုပ်လျက်ထွေးပွေ့ထားလိုက်လေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ဓမ္မစေတီမင်းဂါထာနှင့် ဗိတိရိယဘုရင်မကြီးမြိတ်ထုံး ရွှေဒင်္ဂါးများ

နောက်တစ်နေ့နံနက်တွင် ဒေါက်တာသူရိန်သည် နံနက်စာအဖြစ် ပေါင်မုန့်မီးကင်ထောပတ်သုတ် ကော်ဖီသောက်လျက် ပြတင်းပေါက်ဝနားတွင် ထိုင်လျက်ရှိသည်။ လမ်းမပေါ်တွင်သွားလာလျက်ရှိသော လူများအား ငေးကြည့်နေလေသည်။ ထုံးစံအတိုင်း သူ့ဆေးခန်းသို့ လာရောက်ကြမည့် လူနာများကို စောင့်မျှော်လျက်ရှိသည်။

ထိုနေ့က ဒေါက်တာသူရိန့်ဘဝတွင် မည်သို့မျှထင်မှတ်ထားခြင်းမရှိသော ဖြစ်ရပ်များသည် သူ၏ကြီးမားသော ရည်မှန်းချက်များ အောင်မြင်အထမြောက်စေရန် ဖန်တီးပေးလိုက်သကဲ့သို့ ဖြစ်ပေသည်။

သစ်လွင်တောက်ပြောင်သော မားစီဒီးကားကြီးတစ်စီး





သည် ဒေါက်တာသူရိန့်ဌားရမ်းနေထိုင်ရာ တိုက်ရှေ့တွင် ညင်သာစွာထိုးရပ်လိုက်သည်။

အိန္ဒိယ အမျိုးသားဒရိုင်ဘာတစ်ဦးက တံခါးဖွင့်ပေးလိုက်သည်။

ကားထဲမှ သေသပ်သပ်ရပ်စွာဝတ်ဆင်ထားသော အခြားအိန္ဒိယအမျိုးသားတစ်ဦးသည် လက်ထဲတွင် အထုပ်တစ်ထုပ်ကိုကိုင်လျက် ကားပေါ်မှ ဆင်းသက်လာသည်ကို မြင်တွေ့လိုက်ရသည်။

ဒေါက်တာသူရိန်၏ဆေးခန်းတည်ရှိရာ အပေါ်ထပ်သို့ ခေါင်းတစ်ချက်မော့ကြည့်လိုက်သည်။

သေချာသော အမူအရာနှင့် ခေါင်းတညိတ်ညိတ်လုပ်ရင်း လှေကားမှ တက်လာသည်။ ပြတင်းဝနားတွင် ထိုင်လျက် နံနက်စာ စားသောက်နေသော ဒေါက်တာသူရိန်မှာ ကားရပ်သွားပုံ အိန္ဒိယအမျိုးသားတစ်ယောက် လှေကားမှ တက်လာပုံများကို မြင်တွေ့နေရသည်။

သူ့စိတ်ထဲတွင်လည်း တခြားအခန်းများသို့ လာရောက်သော ဧည့်သည်ဟုထင်မှတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် ဘယ်လိုမှပတ်သက်မည် မဟုတ်၊ ပုံပန်းသဏ္ဌာန် ကြည့်ရခြင်းအားဖြင့် ဆေးခန်းလာပြမည့်လူနာလည်း မဖြစ်နိုင်ပေ။

တိုက်အပေါ်ထပ်သို့ တက်လာသော ခြေသံများက သူ့အခန်းတံခါးဝတွင် ရပ်လိုက်သလို အပြင်ဘက်မှ တံခါးခေါက်သံနှင့်အတူ မေးသံကြားလိုက်သည်။

'ဘရားဆပ် … ရှိပါသလား … ဘရားဆပ် …'

စောစောကမြင်တွေ့လိုက်ရသော အိန္ဒိယအမျိုးသားသည် သူ့အခန်းရှေ့မှနေ၍ သူ့အားမေးနေသောကြောင့် အံ့အားသင့်သွားသည်။

'ရှိပါတယ် တံခါးက စေ့ရုံသာစေ့ထားတာပါ … ဝင်လာလို့ ရပါတယ် …'

တံခါးချပ်များဖွင့်ဟသွားသလို သေသပ်တောက်ပြောင်စွာဝတ်ဆင်ထားသော အိန္ဒိယ အမျိုးသားသည် သူရှိရာအခန်းထဲသို့ တန်းတန်းမတ်မတ် လျှောက်လာသည်။

ဒေါက်သူရိန်ရှေ့သို့ ရောက်သောအခါ စစ်သားများကဲ့သို့ 'အတင်းရှင်း' ဆွဲသလို ခြေစုံရပ်လိုက်သည်။





'ဘရားဆပ် … ဘီအေဘီအယ် ဦးခင်မောင်မြင့်က စာတစ်စောင် ပေးခိုင်းလိုက်ပါတယ် …'

ဟုပြောဆိုလျက် စာတစ်စောင်ထုတ်ပေးသည်။

အိန္ဒိယအမျိုးသားမှာ ရုံးတစ်ရုံးတွင် အမှုထမ်းနေသော ချပရာစီ အိန္ဒိယလူမျိုးများဖြစ်၍ လွန်စွာမှ ကျိုးနွံသောအမူအရာ ရှိသည်။

ဒေါက်တာသူရိန်က စာကို ဖွင့်၍ ဖတ်ကြည့်လိုက်ရာ စာထိပ်တွင် ဘီအေ ဘီအယ် ဝတ်လုံတော်ရကြီးဦးခင်မောင်မြင့် အမှတ် (၂၈)ဘားလမ်း ရန်ကုန်မြို့ဟု လိပ်စာနှင့် ရက်စွဲများအား လက်နှိပ်စက် ရိုက်ထားသည်။

စာပါအကြောင်းအရာမှာ ဝတ်လုံတော်ဦးခင်မောင်မြင့်က အမှုသည် တစ်စုံတစ်ယောက်၏ တာဝန်ပေးချက်အရ ဒေါက်တာသူရိန်ထံသို့ အထုပ်တစ်ထုပ် ပေးပို့လိုက်ပါကြောင်းနှင့် ဒေါက်တာသူရိန်ထံတွင် လာရောက်ပြသဖူးသော လူနာမဟုတ်သော လူနာတစ်ဦးက ဆေးဖိုးအဖြစ် ပေးပို့လိုက်ခြင်းဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။

စာအဆုံး၌ ပူးတွဲပါလက်ခံပြေစာစာရွက်တွင် ပေးပို့လိုက်



www.burmeseclassic.com

www.burmeseclassic.com



သော ပစ္စည်းထုပ်အား လက်ခံရရှိပါကြောင်း လက်မှတ်ရေးထိုးပေးပါရန် ပါရှိလေသည်။

ဒေါက်တာသူရိန် စာဖတ်ပြီးသောအခါ ချာပရာစီ အိန္ဒိယလူမျိုးက သူ့လက်ထဲမှ အထုပ်အား ဒေါက်တာသူရိန့်လက်ထဲသို့ ရိုရိုသေသေ လှမ်းပေးလိုက်သည်။

'ဒီအထုပ်ပါဘဲ … ဘရားဆပ်…'

ဒေါက်တာသူရိန့်အနေနှင့် နားမလည်နိုင်အောင် ဖြစ်နေသလို စာထဲတွင်မည်သူမည်ဝါကပေးပို့ကြောင်း အမည်ပါမလာသဖြင့် စဉ်းစားရခက်သွားသည်။

ထို့ကြောင့်လည်း မည်သို့သော ပစ္စည်းများဖြစ်လေမလဲဟုသိလိုသောကြောင့် အထုပ်အား ဖြည်ကြည့်ရန် ဟန်ပြင်လိုက်သည်။

'အိုး…ဟို …ဟို ဘရားဆပ် အထုပ်ကိုနောက်မှ ဖွင့်ပါ ပြေစာမှာ လက်ခံရရှိကြောင်း လက်မှတ်အရင်ထိုးပေးပါ ဘရားဆပ် …ဦးခင်မောင်မြင့် ရုံးတက်မီအောင် ကျွန်တော်ပြန်ရပါမယ် …'

ဟု အလျှင်စလို ပြောဆိုလိုက်သည်။





ဒေါက်တာသူရိန်က ပြေစာစာရွက်တွင် လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးလိုက်ပြီး ချာဘရာဇီအား ပြန်ပေးလိုက်ရာ ဆလံများ အထပ်ထပ်ပေးရင်း ပြန်ထွက်သွားတော့သည်။

ဒေါက်တာသူရိန့်သည် အထုပ်ကိုကိုင်ထားရင်း တွေးနေမိသည်။

သူဆေးခန်းဖွင့်ခဲ့သည်မှာ တစ်လခန့်ရှိခဲ့သည်ဖြစ်သော်သည်း လူနာတစ်ဦးတစ်ယောက်မျှ ကုသပေးနိုင်ခြင်း မရှိခဲ့ပေ။

လူနာတစ်ဦးက ဆေးဖိုးဝါးခအဖြစ် ပေးပို့လိုက်ခြင်းဖြစ်သောကြောင့် စဉ်းစားရခက်နေသည်။

ထို့နောက်တွင် အထုပ်အား ဖွင့်ကြည့်လိုက်သည်။

အထုပ်ထဲမှ ကတ်ထူစက္ကူဘူးလေးနှင့် စာအိတ်တစ်အိတ်ထွက်ပေါ်လာသည်။

စာအိပ်အားထပ်မံဖွင့်ကြည့်လိုက်သောအခါ အကောင်းစား ခရေ့စကီ စာရေးစက္ကူပြာပေါ်တွင် အထက်တန်းကျကာ သေသပ်လှပသော လက်ရေးလက်သားဖြင့် အောက်ပါအတိုင်း ရေးသားထားသည်ကို ဖတ်ရှုလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာသူရိန်ခင်ဗျား -

နှင်းတွေတအားကျပြီး လွန်စွာချမ်းအေးတဲ့ ဆောင်းညတစ်ည သန်းခေါင်ယံမှာ ဒေါက်တာ့ဆီ ရောက်လာပြီး ကျွန်တော့်မှာ စိတ်ရောဂါရှိမရှိ မေးမြန်းမိတဲ့အတွက် လွန်စွာမှ အားနာပါကြောင်း ယခုစာနှင့်တကွ လေးစားစွာတောင်းပန်လိုက်ပါတယ် ခင်ဗျား …

ဆေးပညာ သမားတော်တို့၏ ဂုဏ်အင်္ဂါများမှာ လွန်စွာမှ လေးစားထိုက်ဖွယ်ဖြစ်ခြင်း ကျွန်တော့်ရဲ့ စိတ်ရောဂါများကို ရှင်းနှီးဖော်ရွေစွာ၊ အကဲဖြတ် ဆုံးဖြတ် ဆွေးနွေးပေးခဲ့တဲ့ ဒေါက်တာ့ရဲ့ ပဉ္ဇာဂုဏ် ဆေးပညာကျွမ်းကျင်မှုများကို များစွာ ပင်ချီးမွမ်းမိပါ ာယ်။

ဒါကြောင့်လည်း ဒေါက်တာ့အား ယခုကဲ့သို့ ဆေးဖိုးဝါးခအဖြစ် ငွေကြေးများ ကန်တော့လိုက်ရခြင်းကို အသိအမှတ်ပြု လက်ခံပေးစေလိုပါတယ် …

ဒါ့အပြင် ဒေါက်တာ့ရဲ့ အခမဲ့ဆေးကုသရေး နယ်လှည့်စေတနာ့ဝန်ထမ်း လုပ်ငန်းတွေမှာ အောင်မြင်စေဖို့အတွက် အစွမ်းထက်ဂါထာတစ်ပုဒ်ကိုပါ ရေးသားပေးပို့လိုက်ပါတယ်





… ဒီဂါထာတော်ကြီးဟာ ကျွန်တော်တို့ရဲ့ ဘိုးဘေးစဉ်ဆက် ထိမ်းသိမ်းပြီးရွတ်ဆိုရတဲ့ အာယုဒီဃမန္တန်နှင့် ဂါထာဖြစ်ပါတယ် .. လူတိုင်းသိရန်ခက်ခဲသော အစွမ်းသိဒ္ဓိထက်မြက်စေတဲ့ ဂါထာတော်ဖြစ်ပါတယ် …

ဒေါက်တာဟာ သိပ္ပံသမား ဆရာဝန်တစ်ယောက်ဖြစ်လို့ ဂါထာမန္တန်တွေ ယုံကြည်ချင်မှ ယုံကြည်ပါလိမ့်မယ်၊ သို့သော်လည်း ကျွန်တော့်ရဲ့ စေတနာမေတ္တာတရားကို ထောက်ထားပြီးယုံကြည်လက်ခံစေလိုပါတယ်၊ ဒေါက်တာ့အနေနဲ့ ယခုပေးလိုက်တဲ့ အာယုဒီဃမန္တန်ကို နေ့စဉ်မပြတ်ရွတ်ဖတ်ပူဇော်ခြင်းကြောင့် ဒေါက်တာ့ရဲ့မွန်မြတ်တဲ့လုပ်ရပ်များ ဆထက်တပိုး အောင်မြင်စေပြီး အန္တရာယ်ကင်း သက်ရှည်ကျန်းမာ ချမ်းသာသုခရစေနိုင်ပါတယ် …

ဘိုးတော်မင်းတရားကြီးလက်ထက်တော်က မောင်းထောင် သာသနာပိုင်ဆရာတော် ဆက်သွင်းခဲ့တဲ့ မန္တန်(၃၀)မှာပါဝင်ခဲ့တဲ့ ဂါထာတော်ကြီးဖြစ်ပါတယ်၊ နောက်တစ်ခါ ခမ္မစေတီမင်း ဆောင်တော်မူတဲ့ ဂါထာတော်လည်းဖြစ်ပါတယ်၊ မြန်မာ့ရာဇဝင်မှာ အင်းဝခေတ်က မိဖုရားကြီး ရှင်



www.burmeseclassic.com

စောပုကို ဒေါက်တာလည်း ကြားဖူးမိပါလိမ့်မယ် ...

ရှင်စောပုဟာ မွန်ဘုရင်ရာဇဓိရာဇ်နဲ့ မိဘုရားကြီး သုဒ္ဓမာယာတို့က မွေးဖွားခဲ့တဲ့ သမီးတော်တစ်ပါးပါ။ အသက်(၂၀)အရွယ်မှာ ရာဇဓိရာဇ်ရဲ့တူဖြစ်တဲ့ သမိန်စည်သူနဲ့ လက်ထပ်ခဲ့တယ် သမိန်စည်သူကွယ်လွန်ပြီး (၂၉)နှစ်အရွယ်မှာ ဆင်ဖြူရှင်သီဟသူနဲ့ လက်ထက်ပြီး အင်းဝကို ရောက်လာပါတယ်။ ရှင်စောပုဟာ မြန်မာ့ရာဇဝင်မှာတစ်ဦးတည်းသော ဘုရင်မကြီးအဖြစ်ထင်ရှားခဲ့သလို ခမည်းတော်ဖြစ်တဲ့ ရာဇဓိရာဇ်၊ မောင်တော် ဗညားရံ၊ သားတော် ဗညားရှပ၊ တူတော် ဗညားကျန်းတို့ဟာ အစဉ်အဆက် မင်းတွေဖြစ်ခဲ့ပါတယ်။ အင်းဝဘုရင်ရဲ့ မိဘုရားဖြစ်ခဲ့တဲ့ ရှင်စောပုကို မွန်တွေက စောဘို့မယ်လို့ခေါ်ကြတယ်။ သက္ကရာဇ်(၇၉၁ )မှာ မိုးညှင်းမင်းတရားကြီးရဲ့ မိဖုရားဖြစ်နေစဉ်အတွင်း မွန်ရဟန်းတော်တွေဖြစ်တဲ့ အရှင်ဓမ္မဓရနှင့် အရှင်ဓမ္မဉာဏတို့က ခိုးယူခေါ်ဆောင်လာသောကြောင့် ဟံသာဝတီကို ပြန်ရောက်လာတယ်။ သက္ကရာဇ် ၈၁၄ မှာ ဟံသာဝတီ ဘုရင်မကြီးအဖြစ် နိုင်ငံတော်ကို အုပ်ချုပ်ခဲ့တယ်။ နောင် သူ့ကို ခိုးယူခေါ်ဆောင်





လာတဲ့ ရဟန်း(၂)ပါးထဲက အရှင်ဓမ္မဓရကို လူဝတ်လဲစေပြီး သမီးတော်နဲ့ ထိမ်းမြားပေးခဲ့တယ်။ ပြီး ဓမ္မစေတီအမည်နဲ့ အိမ်ရှေ့အရာပေးခဲ့တယ်၊ သက္ကရာဇ် ၈၂၁ မှာ ရှင်စောပုက သားမက်တော် ဓမ္မစေတီကို ထီးနန်းလွှဲပေးပြီး ရွှေတိဂုံစေတီရဲ့ အနောက်ဘက်မှာ ရှင်စောပုမြို့တည်ပြီး တရားဓမ္မနဲ့ပျော်မွေ့ခဲ့တယ်၊ ဟံသာဝတီနေပြည်တော်မှာ မင်းဖြစ်လာတဲ့ ဓမ္မစေတီမင်းဟာ သာမာန်ရဟန်းလူထွက်ကနေ မင်းအဖြစ် ရောက်လာခဲ့တာကလည်း အဲဒီဂါထာတော်တွေကို စွဲစွဲမြဲမြဲ ရွတ်ဖတ်ခဲ့လို့ ဖြစ်ပါတယ်။ ဒါကြောင့် ဓမ္မစေတီမင်းဆောင်တဲ့ ဂါထာဟော် အဖြစ် ထင်ရှားခဲ့ခြင်းပါပဲ ဒေါက်တာ...

အာယုဒီဃမန္တန် ၂ ဂါထာ

၁။ သော ဘာ ဇေ ဗ ယတေ ရုဟာ အာ
ချ ဂျ ယ လ သ ဓော ဘ ယု
အဋ္ဌ ဝရာနိ မာနေဝ၊
ဝဗ္ဗဿ ဓိနေ တေဓသာ။

၂။ ယာဝဓိဝံ မံမံ အဒ္ဓ
မာဝသေထ အနုဗ္ဗာရော။



www.burmeseclassic.com

www.burmeseclassic.com



သဗ္ဗလောကာ နကမ္မာယ

မမ ဓိဝေနံ ဓိဝတု

သောချ၊ ချမ်းသာယာခြင်းသည်လည်းကောင်း၊ အာဂျု၊ ဘုန်းကြီးခြင်းသည်လည်းကောင်း။ ဇေယ၊ အောင်အပ်သောရန်ကို အောင်ခြင်းသည်လည်းကောင်း ဗလ၊ ခွန်အားကြီးခြင်းသည်လည်းကောင်း။ ယသ၊ အခြွေအရံများခြင်း ကျော်စောခြင်းသည်လည်းကောင်း။ တေဇော၊ တန်ခိုးကြီးခြင်းသည်လည်းကောင်း။ လာဘ၊ လာဘ်သပ္ပကာများခြင်းသည်လည်းကောင်း။ အာယု၊ အသက်ရှည်ခြင်းလည်းကောင်း ဣမာနေဝ အဋ္ဌဝရာနိ၊ ဤရှစ်ပါးသောဆုတို့သည် ဓိနတေဇသော၊ မြတ်စွာဘုရားတန်ခိုးတော်ကြောင့် ဝဍ္ဎန္တု၊ ပွားများစေကုန်သတည်း။

အဇ္ဇ၊ ယနေ့ကိုအစမူ၍။ ယာဝဇီဝံ၊ အသက်ရှည်သမျှကာလပတ်လုံး။ အနုတ္တရော၊ အတုမရှိသော မြတ်စွာဘုရားသည်။ မမ၊ ငါ့ကို - ငါ၌။ သဗ္ဗလောကာ နကမ္မာယ၊ ခပ်သိမ်းသော လောကကို အစဉ်သနား ခြင်းငှာ။ မာဝသေထ၊ စွဲမြဲတည်နေပါစေ။ မမ၊ ငါ၏။ ဓိဝေနံ၊ အသက်ဖြင့်။ ဓိဝတု၊ အသက်ရှည်ပါစေ။





မမ္မစေတီမင်းဆောင်တော်မူသော ဂါထာမန္တန်

၁။ အ ဇော ဗျ သီ က ရာ ဝါ တေ
ဟိ ရ ဋ္ဌ ဟ ရိ ဇာ ရိ ဇ
ဝါတျုဋ္ဌရ ဘယေ အာတော
ရက္ခမံ တာရ ဓိဓိနော

၂။ သော အာ ဇေ ဗ ယ တေ လာ အာ
ချ ဂျ ယ လ. သ ဇော ဘ ယု
အဋ္ဌဝရာနိ မာနေဝ
ဝဍ္ဎန္တု ဓိန တေဇသော။

(နရည်းရော ခတ်နည်း)

ဒေါက်တာသူရိန်ခင်ဗျား

ဘေးရှစ်ပါး ပျောက်ပြီး ဆုရှစ်ပါးရောက်စေတဲ့ ဂါထာမန္တန်ဖြစ်ပါတယ်။ နရည်းရောနည်းဆိုတာ သာမန်ပုဂ္ဂိုလ်တွေ မသိနိုင်ဘူး၊ လျှို့ဝှက်စီစဉ်ထားတဲ့ လောကီပညာအစီအရင်တွေဖြစ်ပါတယ်။ အနက်သဗ္ဗန်ထားပုံက ပထမပါဒ 'အ'နဲ့ 'အ'အောက်မှာရှိတဲ့ ဒုတိယပါဒ ဟိကိုတွဲပြီး အဟိ=မြွေဘေးသည်လည်း စောရဗျဂ္ဃတို့မှာလည်း ဒီအတိုင်းဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



စာအောက်မှာ လက်မှတ်ရေးထိုးထားခြင်း မရှိပေ။ စာရေးပေးသူ၏ အမည်နေရပ်လိပ်စာများကို လျှို့ဝှက်ထားသည်။ ဘာကြောင့်လျှို့ဝှက်ထားသည်ကိုလည်း ဒေါက်တာသူရိန် စဉ်းစား မရပေ။ စဉ်းစားရလိုက်သည်က ယခင်ရက်က ည(၃)နာရီကျော် ချိန်တွင် နှင်းတောထဲမှ ရောက်လာသူ သူ့ကိုယ်သူ ရူးသွပ်ပြီး စိတ်ရောဂါရနေ သူဟု ပြောဆိုသွားသူထံမှ ပို့လိုက်ကြောင်း ရိပ်စားမိလိုက်သည်။

စက္ကူဘူးကိုလည်း သေချာစွာ ချိတ်များနှင့် ပိတ်ထား သောကြောင့် ချိတ်များကိုခွာလိုက်သည်။ ဘူးထဲမှ ကြက်သွေး ရောင် ကတ္တီပါရှုံ့အိတ်လေးတစ်ခု ထွက်ပေါ်လာသည်။ ရှုံ့အိတ်ကို သွန်ချလိုက်သောအခါ ဒေါက်တာသူရိန် မျက်လုံးပြူးသွားသည်။ တစ်ချင်ချင်နှင့် ကြက်သွေးရောင် ကတ္တီပါ ရှုံ့အိတ်လေးထဲမှ ထွက်ကျလာသည်များမှာ ရွှေဒင်္ဂါးပြားများဖြစ်နေပေတော့သည်။

ထိုခေတ်က မိတ်ထုံးဟုခေါ်သော ဝိတိုရိယဘုရင်မကြီး ၏ ဆံထုံးနှင့် ခေါင်းပုံပါရှိသော ရွှေဒင်္ဂါးပြားများ ဖြစ်ကြသည်။ ရွှေဒင်္ဂါးပြားများမှာ အသစ်စက်စက်များဖြစ်သောကြောင့် နေရောင် အောက်တွင် ဝင်းဝါသောအရောင်များ တဖိတ်ဖိတ်တောက်ပြောင်





လျက်ရှိသည်။ ဒေါက်တာသူရိန်သည် ရွှေဒင်္ဂါးပြားများကို ရေ တွက်ကြည့်သောအခါ အားလုံးပေါင်း (၃၆)ပြားတိတိ ရှိလေသည်။

ထိုမျှတန်ဘိုးရှိသော ရွှေဒင်္ဂါးပြားများကို ပေးပို့လိုက်သူ မှာ တော်ရုံတန်ရုံချမ်းသာသူတစ်ယောက်မဟုတ်မှန်း စဉ်းစားမိ သည်။ မိမိထံသို့ရောက်လာသည့် ညကလည်း စိတ်ရောဂါ မရှိ ကြောင်းအကဲခတ်ပြောဆိုခဲ့ယုံမျှနှင့် ဆေးဖိုးဝါးခအဖြစ်- တန်ဖိုး ကြီးမားသော ရွှေဒင်္ဂါးပြားများကို ဝတ်လုံတော်ရကြီးတစ်ယောက် အား ငှားရမ်း၍ စနစ်တကျ ပို့ဆောင်ပေးအပ်လိုက်သည်မှာ သာ မန်လူများ လုပ်ဆောင်နိုင်သည့်အလုပ်မျိုး မဟုတ်ပေ။ အဆင့် အတန်း မြင့်မားသော သူတို့၏လုပ်လေ့လုပ်ထရှိသည့် လုပ်ရပ်များ သာဖြစ်သည်။

ဒေါက်တာသူရိန်ဘဝကလည်း ဆေးခန်းဖွင့်ပြီးတစ်လ ကြာသည့်တိုင် လူနာတစ်ယောက်မျှ မရရှိခဲ့ပေ။ ဤမျှ ကံဆိုးသော ဒေါက်တာတစ်ယောက်ဖြစ်သည်။

ယခုတော့ ကံကောင်းလာသည်ဟု ပြောရမည်လားမသိ။ ပထမဆုံး ရောက်လာသော လူနာ၏ ဆေးဝါးကုသခမှာလည်း တန်ဖိုးအမြင့်ဆုံးဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေဒင်္ဂါး ပြား(၃၆)ပြား၏တန်ဖိုးမှာလည်း နည်းသည့် တန်ဖိုးမဟုတ်။

ထို့နောက်တွင် ဒေါက်တာသူရိန်သည် သူရည်မှန်းထား သော အခမဲ့နယ်လှည့် ဆေးကုသရေးလုပ်ငန်းကြီးကို စတင် အကောင်အထည်ဖော်တော့သည်။

မြန်မာပြည်နယ်စပ်အစွန်အဖျားနှင့် အမြို့မြို့အနယ်နယ် တော့ကြို့ခြုံကြားပါမကျန် ဆေးကုနိုင်အောင် ဖန်တီးပေးလိုက်သူမှာ အမည်မသိ လူတစ်ဦးဖြစ်သလို တန်ဖိုးကြီးမားသော ရွှေဒင်္ဂါးပြား (၃၆)ပြားပင်ဖြစ်လေတော့သည်။

* * *



## လိပ်ပြာတောင်ပံခတ်သံများနှင့် ခရီးနှင်သူ

ညစိုး ကြီးပြင်းလာခဲ့သည့် ပတ်ဝန်းကျင်နယ်မြေသည် ...သယံသချိုင်းမြေဖြစ်သည်။

ဘယ်နေရာကိုပင်ကြည့်ကြည့် အုတ်ဂူများ အုတ်ဂူပျက် ... မြေပုံမို့မို့များ၊ ခြုံနွယ်ပိတ်ပေါင်းများကိုသာ မြင်တွေ့နေရ ...။ ငယ်စဉ်ကတည်းက ရင်းနှီးလာသော မြင်ကွင်းများသည် ...အတွက် အထူးအဆန်း မဟုတ်ပေ။ သူ၏ငယ်စဉ်ဘဝသည် ... သချိုင်း ဂူများလူသေများ မြှုပ်နှံထားရာ မြေပုံများကြားတွင် ...သွား ဆော့ကစားရင်း ကြီးပြင်းလာခဲ့ရသည်။

ညစိုးသည် သင်္ချိုင်း ဇရပ်ပျက်ပေါ်ရှိ တိုင်တစ်တိုင်ကို ... အဖွားဒေါ်ကျည်းတန်ပြောသမျှကို ငြိမ်သက်စွာနားထောင်နေ ...။ အဖွားဒေါ်ကျည်းတန်မှာ ခါးကုန်းပြီးအရုပ်ဆိုးလျက်



www.burmeseclassic.com

www.burmeseclassic.com



အိမ်မင်းရှက်ဟွနေချေပြီ။ မိုးသည်းသောညတစ်ညတွင် ထူးဆန်းစွာ ရောက်လာသော မိန်းကလေးနှစ်ဦး တစ်ဦးမှာ ကိုယ်ဝန်အရင့်အမာ ကြီးနှင့် ဖြစ်သည်။ သခင်မလေးဟုခေါ်သော မိန်းကလေးမှ ညစိုးအား မွေးဖွားခဲ့သည်။

ထိုအဖြစ်အပျက်များကို ဒေါ်ကျည်းတန်ဘဝတွင် မမေ့ နိုင်ပေ။ အရွယ်ရောက်လာပြီဖြစ်သော ညစိုးသည်ပင် သူ့မျက်စိ ရှေ့လူလားမြောက်လာခဲ့ရသည်။ ယခုတော့ ညစိုး သည်ပင် ပို မျစ်နုနယ်ချစ်စဖွယ်ကောင်းသောလူငယ်လေးတစ်ယောက်ဖြစ်နေ ပေပြီ ထိုညက ကြုံတွေ့ခဲ့ရသည်များကို ညစိုးက မေးသဖြင့် ပြန်ပြော နေမိသည်။

'အဲဒါပဲ လူကလေး ... လူကလေးမွေးဖွားခဲ့တယ်ဆိုတာ ကို လူကလေးရဲ့မိခင်လည်းမသိဘူး အဖော်ပါလာတဲ့ မိန်းကလေး ကလည်း မသိသွားဘူး ...'

'ဒါဖြင့် အဖွားပြောတဲ့ ဟိုမခင်သုန်ဆိုတဲ့အမျိုးသမီးက ရော အဖွားဆီကို နောက်ထပ်ရောက်လာသေးလား ...'

ညစိုးက စိတ်ဝင်တစားမေးလိုက်သည်။ ဒေါ်ကျည်းတန် အဝေးဆီသို့ငေးမောရင်း ခေါင်းကို လေးတွဲ့စွာခါယမ်းလိုက်သည်။





'မရောက်တော့ပါဘူး... ငါ့သားရယ် ... အဲဒီမခင်သုန် ဆိုတဲ့ အမျိုးသမီးပြန်ရောက်လာရင် အခုလို အဖွားဆီမှာ ဆင်းဆင်း ရဲ ဘယ်နေရပါ့မလဲ ... အင်း.. သူတို့ပုံစံကြည့်ရတာ ဆွေကြီး မျိုးကြီးဂုဏ်သရေရှိ ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝတဲ့ သူတွေပဲ ဖြစ်ရမယ်၊ ငါ့သားအမေနဲ့ အဖေကတော့ ဒီသံချိုင်းမြေမှာပဲ ခေါင်းချသွားခဲ့ကြတယ်လေ...'

ညစိုး မျက်လုံးထဲတွင် သံချိုင်း တောင့်စွန်းတစ်နေရာ ယှဉ်တွဲမြှုပ်နှံထားသော မြေပုံမို့မို့လေးကို မြင်ယောင်လာပြီးမျက် ရည်များဝဲလာသည်။ သူ့ဘဝက လွန်စွာမှ ကံဆိုးလှသူတစ်ယောက် ဖြစ်သည်။

အဖေနှင့် အမေကို သက်ရှိထင်ရှားမတွေ့လိုက်ရ။ ညစိုး အသိဉာဏ်များဖွံ့ဖြိုးလာသောအချိန်တွင် ဒေါ်ကျည်းတန် ပြောပြ သော မြေပုံမို့မို့လေးများကိုသာ မြင်တွေ့ရတော့သည်။

အလွမ်းပြေကြည့်စရာ မြေပုံလေးများသာဖြစ်သည်။

ညစိုးသည် ဖခင်နှင့် မိခင်တို့အား ယှဉ်တွဲမြှုပ်နှံထားသော မြေပုံမို့မို့လေးအား နေ့စဉ်နှင့် အမျှ မြေဖို့ပြုပြင်ခြင်း ပေါင်းမြက် ရှင်းလင်းပေးခြင်း၊ ပန်းဆီမီး အမွှေးတိုင်များထွန်းညှိကာ မကြာ



www.burmeseclassic.com

www.burmeseclassic.com



ခဏာပူဇော်ခဲ့သည်။ ထိုသို့ ပူဇော်ကန်တော့ရင်း မိခင်ဖြစ်သူ၏ မြေပုံပေါ်တွင် လိပ်ပြာနက်ကလေးတစ်ကောင် နားလျက်ရှိသည်ကို အမှတ်တမဲ့ မြင်တွေ့မိရာမှ သတိထားလာမိသည်။ ထူးဆန်းသည်မှာလည်း အဆိုပါလိပ်ပြာနက်လေးသည် ညစိုးခန္ဓာကိုယ် အနီးတွင် လှည့်ပတ်ဝဲပျံနေတတ်သည်။

ညစိုးပခုံးပေါ်တွင် ထိုလိပ်ပြာနက်လေး နားနိုလိုက်ပါက မကြာခင် ထူးဆန်းမှုတစ်ရပ်တစ်ရာ ဖြစ်လာတော့မည်ကို သတိပေးလိုက်သကဲ့သို့ ညစိုးသဘောပေါက် နားလည်သွားတော့သည်။ ဒေါ်ကျည်းတန်သည် ညစိုးအား ကရုဏာသက်စွာ ကြည့်လိုက်ရင်း ဆက်လက်ပြောပြသည်။

'လူလေးကို မွေးဖွားပြီးတဲ့နောက်တစ်နေ့မနက်မှာ ကားမှောက်ရာကနေ သေသွားတဲ့အလောင်းတွေကို ဒီသင်္ချိုင်းမှာမြှုပ်နှံ သယ်လာကြတယ်၊ အဲဒီမှာ မသေဘဲကျန်ခဲ့တဲ့ အမျိုးသမီးတစ်ယောက်က ဒီသင်္ချိုင်းဇရပ်ပေါ်မှာ သေဆုံးသွားတဲ့ လူကလေးအမေရဲ့အလောင်းကိုတွေ့တော့ ဒီမိန်းကလေးရဲ့ခင်ပွန်းကလည်း ကားမှောက်ရာမှာဆုံးသွားကြောင်း ပြောပြတယ်၊ လူကလေးအဖေရဲ့အလောင်းကို သူကပဲ လိုက်ပြတယ်၊ အင်း… အသားညိုညိုနဲ့





တကယ့်မြန်မာစစ်စစ် ယောက်ျားတစ်ယောက်၊ လူကလေးအမေကအသားဖြူဖြူ ချောချောလှလှ ရှမ်းအမျိုးသမီး၊ တကယ့်ကို ကံဆိုးမှာတဲ့ ဇနီးမောင်နှံပဲ၊ အခု အမြဲတမ်း သားကန်တော့တဲ့အတိုင်း သူကလေး အဖေနဲ့အမေကို ယှဉ်ပြီး မြေမြှုပ်သင်္ဂြိုဟ်လိုက်တာပေါ့…'

ညစိုးပါးပြင်ပေါ်တွင် မျက်ရည်များစီးကျလာပြီး ရင်ထဲတွင် ဆို့နင့်လာသည်။

'ကုသိုလ်ကံမကောင်းလို့ ဆိုးဝါးတဲ့ အဖြစ်အပျက်တွေကို သူလေးကြေကွဲဝမ်းနည်း နေစရာမလိုဘူး ယောက်ျားပဲ လူကလေးရယ် သတ္တိရှိစမ်းပါ လောကကြီးထဲကို ရဲရဲဝံ့ဝံ့ဝင်တိုးနိုင်အောင် သူကလေး စာပေဗဟုသုတ ကြွယ်ဝရစေမယ်။ ပညာတွေတတ်စေလိုတယ် အခုဆိုရင် ဆရာတော့်ဆီမှာ စာတွေသင်ကြားခဲ့တာ ပညာတွေ အများကြီးရခဲ့ပြီ မဟုတ်လား …'

ညစိုးသည်မျက်ရည်များကို သုတ်လိုက်သည်။ စိတ်ကို တင်းထားသည်။ အဖွားဒေါ်ကျည်းတန် ပြောပြသည့်အတိုင်း လောကကြီးထဲ ရဲရဲတိုးဝင်ဖို့အတွက် ဆရာတော်ထံတွင် လိုအပ်သည့်ပညာများကို ကြိုးကြိုးစားစားသင်ကြား တတ်မြောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ ခွန်အားအပြည့်ရှိသောစိတ်နှင့် ဒေါ်ကျည်းတန်အား မော့ကြည့်လိုက်သည်။

'လူကလေး အမေလို သတ္တိရှိစမ်းပါ လူကလေးအမေဟာ လူကလေးတို့ညီအစ်ကိုနှစ်ယောက်ကို မွေးဖွားပေးခဲ့ပေမယ့် ...စ်ချက်ကလေးမှ အားငယ်ပြီးငိုတာမျိုးမရှိခဲ့ဘူး၊ သတ္တိအင်မတန် ...ကောင်းတဲ့အမျိုးသမီးကွယ် ... အသံထွက်ပြီး ညည်းတောင်မညည်းဘူး၊ သူ့စိတ်ထဲမှာ ကားမှောက်လို့ ပူပူနွေးနွေး သူ့ခင်ပွန်းဆုံးသွားရတာကို သိတယ် ... လူကလေးတို့ညီအစ်ကို နှစ်ယောက်ကို လူ့လောကကြီးထဲ ရောက်အောင်ပို့ခဲ့ဖို့ ကြံ့ခိုင်တဲ့စိတ်ဓါတ်တွေနဲ့ အသက်စွန့်သွားတဲ့ မိန်းကလေး ... အင်း ... ဝမ်းနည်းစရာကောင်းတာက လူကလေးကို မွေးတဲ့အချိန်မှာ လူကလေးမိခင်ဟာ အသက်မရှိတော့ဘူး၊ ဒါပေမယ့် သူ့ဝိညာဉ်ကတော့သိပါတယ် လူကလေးကို စောင့်ရှောက်လိမ့်မယ်လို့ အဖွားယုံကြည်ပါတယ် ...'

'ဒါဖြင့် သားအမေက ယခုအချိန်ထိ သားအပေါ်မှာ စောင့်ရှောက်နေမှာပေါ့ ဟုတ်လား...အဖွား ...'

'ဟုတ်တယ်၊ လူကလေး အဖွားကတော့ ဒီလိုပဲယုံကြည်





တယ် သူ့အသက်ဆုံးသွားပေမယ့် သူ့ခန္ဓာကိုယ်ကထွက်ခွာသွား... ဝိညာဉ်က လူကလေးကို မွေးဖွားပေးလိုက်တယ်ဆိုတာ သိတ... လူကလေးအပေါ်မှာ စွဲလမ်းတဲ့စိတ်နဲ့ တဝဲဝဲတလည်လည်ဖြစ်... မှာပဲ ကျွတ်ဖို့လွတ်ဖို့ လမ်းမမြင်ဘူး၊ ဒါကြောင့် လူကလေးအမေအတွက် တတ်နိုင်သလောက် ကုသိုလ်ကောင်းမှုတွေပြုပြီး အ... ...ပေးဝေရမယ်၊ သူ သာခုခေါ်နိုင်မှ ဒီဘဝကကျွတ်လွတ်... ဘဝကူး ကောင်းသွားမှာဖြစ်တယ်...'

ထိုအချိန်တွင် ထူးဆန်းအံ့သြဖွယ်ကောင်းသောလိပ်ပြာ ...နက်ကလေးတစ်ကောင်သည် ညစိုးခန္ဓာကိုယ်နားတွင် တဝဲလ... ...သည်နှင့် လှည့်ပတ်ပျံဝဲနေပေသည်။

ညစိုးကိုယ်တိုင်ကလည်း လိပ်ပြာနက်လေးအား သ... ...အားမိလိုက်သည်။

သူ့မိခင်ဖခင်တို့ မြေပုံမို့မို့လေးပေါ်တွင် အမွှေးတိုင် ဆ... ...ိုင်ထွန်းသည့်အခါတိုင်းတွင် တွေ့ရတတ်သည့် လိပ်ပြာန... ...ကလေးဖြစ်သည်။

'လူကလေးအမေဟာ သတ္တိကောင်းသလို လူကလေး... ...သည်း သတ္တိကောင်းတဲ့သူဖြစ်ရမယ် ... လူကလေး ကြီးလာ...



www.burmeseclassic.com

www.burmeseclassic.com



အဖေတို့အမေတို့လို သတ္တိကောင်းတဲ့သူတစ်ယောက်ရဲ့စွမ်းသတ္တိရှိတဲ့ သူပညာတတ်တစ်ယောက်ဖြစ်အောင် ကြိုးစားရမယ်…'

'အဖွားပြောတာကို သားနားလည်ပါတယ် … သားရဲ့ အဖေ နဲ့ အမေက သတ္တိကောင်းသူဖြစ်သလို … သားကလည်း သတ္တိကောင်းတဲ့သူတစ်ယောက်ဖြစ်အောင်ကြိုးစားမယ် …'

'ဒါပေါ့ လူကလေးရယ် … လူကလေးဘဝက သံချိုင်းထဲမှာ မွေးဖွားလာခဲ့တယ် သေဆုံးတဲ့ သူတွေ ကြားထဲမှာ ရှင်သန်လာတယ် အဖွားလိုပဲ လူတွေရဲ့ အစွန့်အပစ်ခံခြင်းကို ခံရတယ်၊ မတူမတန်သလိုဆက်ဆံကြတယ်… ဘာဘဲဖြစ်ဖြစ် တစ်နေ့ကျရင် အဖွားမရှိတော့တဲ့အချိန်မှာ ဒီသံချိုင်း ကိုစွန့်ခွာပြီး လူကလေးရဲ့အစ်ကို ကို ရှာဖွေစုံစမ်းရမယ်… လူကလေးရဲ့ အဖိုးအဖွားတွေလည်းရှိချင်ရှိနေဦးမှာပဲ သူတို့ဆီကို ရောက်အောင် သွားရမယ် ဒါမှလည်း လူကလေးရဲ့ဘဝမှာပြည့်စုံသွားမှာပေါ့…'

'သားဘယ်လိုလုပ်ရောက်အောင်သွားရမှာလဲ… အဖွား'

'ရှာဖွေစုံစမ်းရမှာပေါ့ … လူကလေးရယ် … သားတို့ညီအစ်ကို နှစ်ယောက်က အမြွှာညီအစ်ကိုတွေဖြစ်ကြတော့ ရုပ်ချင်းခွဲမရအောင် တူတယ် … လူကလေးရဲ့အစ်ကိုကို လူကလေး





တစ်နေ့ကျရင် ရှာဖွေတွေ့မှာပါ၊ လူတွေကြားထဲကို ရောက်တဲ့အခါမှာ အခက်အခဲမျိုးစုံ ကြုံတွေ့ရမယ် ဒါကြောင့် သတ္တိရှိရမယ်၊ စာပေဗဟုသုတ ပြည့်စုံရမယ် လူကလေးကို ဘုန်းကြီးကျောင်းက ဆရာတော်ကြီးတွေဆီမှာ စာတတ်ဖို့နဲ့ လိုအပ်တဲ့ပညာရပ်တွေ သင်ခိုင်း နေတာပေါ့၊ ပြီးတော့ လူကလေးက သတ္တိကောင်းတဲ့သူ တစ်ယောက်ဖြစ်သလို စိတ်ကောင်း နှလုံးကောင်းရှိဖို့လည်း လိုအပ်တယ် … အဖွားလိုပဲ လူတွေပေါ်မှာ စိတ်ကောင်းနှလုံးကောင်း ဆားရမယ်၊ လူအများရဲ့ အကျိုးကို ကိုယ့်အသက်မငဲ့ကွက်ဘဲ မှုလွှတ်အနစ်နာခံတတ်တဲ့ယောကျ်ားကောင်းတစ်ယောက် စိတ်ဓာတ်မျိုး ရှိရမယ်၊ လူကလေးမှတ်ထားနော်…'

'ဟုတ်ကဲ့ပါ အဖွား၊ သားမှတ်ထားပါ့မယ် … သား အစ်ကိုက ဘယ်အရပ်ဘယ်ဒေသမျိုးမှာ နေတယ်ဆိုတာ မသိဘူး နော် အဖွား…'

ညစိုးသည် သူ့ဘဝအနာဂါတ်ကာလမှာ မှုန်ဝါးဝါးနှင့် သိမ်းပျောက်နေသည့် အဖြစ်များကို တွေးဆပြီးပြောလိုက်သည်။

'အင်း … ဒါတော့ အဖွားလည်း ဘယ်လိုလုပ်သိပါ့မလဲ … အဖွားသိလို့ရှိရင် လူကလေးကို အဲဒီအရောက်လိုက်ပို့ပေး



www.burmeseclassic.com

www.burmeseclassic.com



တာ ကြာလှပေါ့ … အမွှားစိတ်အထင်တော့ လူကလေးမိခင်ဟာ ရှမ်းပြည်ဘက်ကဖြစ်ရမယ်လို့ထင်တာပဲ၊ ခုချိန်ဆို လူကလေးအစ်ကိုကလည်း လူကလေးအရွယ်လောက်ရှိရမယ်။ ရှမ်းပြည်နယ်ဘက်တစ်နေရာရာမှာ ရှိမယ်ထင်တာပဲ၊ လူကလေးရဲ့ အမေရှမ်းအမျိုးသမီး၊ အသာကလေးကိုဝါပြီး ညက်နေတာပဲ၊ အင်မတန်ချောပြီးဣန္ဒြေသိက္ခာရှိတယ်၊ သူနဲ့အတူ အဖော်ပါလာတဲ့ခင်သုန်ဆိုတဲ့မိန်းကလေးကို မှာကြားနေတာအမွှားကောင်းကောင်းမှတ်မိတယ်၊ ကလေးကို ခမည်းတော်မယ်တော်တို့ဆီ ရောက်အောင်သွားပို့ပါလို့မှာခဲ့တယ် အင်း… ခမည်းတော်မယ်တော်လို့ခေါ်တဲ့အနေအထားက ကြီးကျယ်ခမ်းနားတဲ့ စော်ဘွားမျိုးနွယ်တွေထဲက ဖြစ်ရမယ်၊ လူကလေးကိုယ်တိုင်ကလည်း စော်ဘွားမျိုးနွယ်သွေးပါတာပဲ ပတ္တမြားမှန်ရင်နွံမနစ်ပါဘူး လူကလေးရယ် တစ်နေ့ကျရင် လူကလေး ဇာတိအမှန်ကို လူကလေးကိုယ်တိုင်ဖော်ထုတ်ရမှာ…’

ဒေါ်ကျည်းတန်က ညစိုးအား ရှည်လျားစွာရှင်းလင်းပြောပြလျက်ရှိသည်။

ညစိုးကို ယခင်ကတည်းက ဆုံးမလာခဲ့သည်။





စာတတ်စေရန် ဘုန်းတော်ကြီးကျောင်းတွင် ပညာသင်စေခဲ့သည်။

ဒေါ်ကျည်းတန်ကိုယ်တိုင် ရုပ်ရည်ရူပညာဆိုးသော်လည်း စိတ်ထား နှလုံးဖြူစင်သော အမွှားကြီးဖြစ်သည်။

လူတိုင်းအပေါ်တွင် ထောက်ထားညှာတာစွာဖြင့် ကြင်နာယုယစွာ ကလေးများကိုမွေးမြူပေးခဲ့သော အရပ်လက်သည်ဖြစ်သည်။

သူမနှလုံးသားတွင်ရှိသော ကောင်းမြတ်သော စိတ်စေတနာ ကြင်နာသော နှလုံးသားဖြူစင်သော သဒ္ဓါတရားတို့သည် ညစိုးဘဝအား ငယ်စဉ်ထဲက စိတ်ဓါတ်ဖြူစင်သည့် အရိပ်များလွှမ်းမိုးစေခဲ့သည်။

ညစိုးကိုယ်တိုင်ကလည်း ခါးကုန်းကုန်းအရုပ်ဆိုးဆိုး သင်္ချိုင်း တွင်နေထိုင်သော လက်သည်အမွှားကြီးက မွေးစားထား၍ မည်မျှပင် ဆင်းရဲနွမ်းပါးနိမ့်ကျစေကာမူ စိတ်ဓာတ်ဖြူစင်၍ ရုပ်ရည်ချောမောသော လူငယ်တစ်ယောက်ဖြစ်သည်။

သင်္ချိုင်းအတွင်းရှိ အုတ်ဂူကြိုကြားမြေပုံများတွင် ကစား ငယ်ရွယ်ငယ်စဉ်ဘဝ ဆော့ကစားပြေးလွှားရင်းသူကြီးပြင်းလာသည်

www.burmeseclassic.com



ခဲ့ရသော သံချိုင်းမြေနှင့် မလိုက်ဖက်အောင် သားနားခန့်ထည်သော ဇာတိရုပ်လက္ခဏာများက ဖုံးကွယ်မရအောင် ထူးခြားပေါ်လွင်လာခဲ့သည်။

သံချိုင်းနှင့်မဝေးကွာလှသော ဘုန်းတော်ကြီးကျောင်းသို့ အမြဲရောက်သည်။

ဆရာတော်ထံမှစာပေဗဟုသုတများကို သင်ကြားလေ့လာသည်။

ကပ္ပိယကြီး သာဂိကလည်း ညစိုးအား သံယောဇဉ်ရှိသည်။ သူတတ်မြောက်ထားသော သိုင်းပညာရပ်များကို သင်ကြားပေးခဲ့သည်။

ညစိုးလူပျိုပေါက်အရွယ်သို့ ရောက်လာသည်။ အဖွားဒေါ်ကျည်းတန်၏ ကျန်းမာရေးမှာလည်း မသွားနိုင်မလာနိုင်အောင် အိပ်ရာထဲလဲပြီး ဆိုးဝါးလာခဲ့သည်။ မြေးအဖွားနှစ်ယောက်စားဝတ်နေရေးအား ဘုန်းတော်ကြီးကျောင်းမှ ထောက်ပံ့စွန့်ကြဲပေးသော အစာရေစာနှင့် မလုံလောက်တော့၍ ညစိုးမှာ သံချိုင်းမြေတွင်းတွင်းတူးသည့် စဏ္ဍာလ အလုပ်ကိုလုပ်ကိုင်ရသည်။

မည်မျှပင် အောက်တန်းကျသော အလုပ်ကို လုပ်ကိုင်





နေရစေကာမူ ဆရာတော်၊ ကပ္ပိယကြီးဦးသာဂိ အဖွားဒေါ်ကျည်းတန်တို့၏ ဆိုဆုံးမစကားတို့နှင့် နှလုံးမွေ့လျော်ယဉ်ပါးခဲ့သော ညစိုးမှာ စိတ်ဓာတ်အမြင့်မားဆုံးနှင့် အထက်တန်းကျသော အခြေအနေသို့ ရောက်ရှိလာသည်။

မွေးစားအဖွားဖြစ်သော ဒေါ်ကျည်းတန်က ညစိုးအရွယ်ရောက်လာပြီး လူ့လောကကြီးထဲသို့ ခြေချနိုင်ရန် ပညာဗဟုသုတများပြည့်စုံလာသောကြောင့် ဆွေမျိုးသားချင်းများကို ရှာဖွေရန် သံချိုင်းမြေမှ ထွက်ခွာသွားရန် အကြိမ်ကြိမ်တိုက်တွန်းပြောကြားလာခဲ့သည်။

သို့သော် ညစိုးသည် ဒေါ်ကျည်းတန်ကို တစ်ယောက်တည်း မထားရက်ခဲ့နိုင်သဖြင့် သံချိုင်းမြေမှ ထွက်ခွာမသွားပေ။ သူ့ဘဝအား ငယ်စဉ်ထဲက လူလားမြောက်ရန် ကျွေးမွေးပြုစုလာသော ဒေါ်ကျည်းတန်၏ ကျေးဇူးတရားတွေက ဆပ်၍မကုန်နိုင်။ ယခု လိုမီးစာကုန်ဆီခန်းလျက် မမာမကျန်းဖြစ်နေချိန်တွင် ပို၍ပင် မစွန့်ခွာရက်တော့ပေ။ တတ်အားသမျှ ပြုစုစောင့်ရှောက်လျက်ရှိခဲ့သည်။

‘အဖွား ... ကျန်းမာအောင်သာနေပါ အဖွားအောက်ရဲ



www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားရှိနေသ၍ အမွှားအနှားမှာပဲပြုစုစောင့်ရှောက်ရင်း နေပါရစေ ... အမွှားရယ်...'

ဒေါ်ကျည်းတန်အား တောင်းပန်ရင်း သင်္ချိုင်းတူးသည့် စဏ္ဍာလအလုပ်ကိုလုပ်ကိုင် ရသည့်တိုင် ကျေနပ်စွာ နေလာခဲ့သည်။ လိမ္မာရေးခြားရှိပြီးအရွယ်ရောက်လာသော ညစိုးအား ကြည့်ရင်း ဒေါ်ကျည်းတန်ကိုယ်တိုင်ကလည်း အားရကျေနပ်လျက် ရှိသည်။

သူမရှိမှသာလျှင် ညစိုးသည် သင်္ချိုင်းမြေမှ စွန့်ခွာသွားမည်ကို နားလည်ထားသည်။

ထိုနေ့က ဘုန်းတော်ကြီးကျောင်းမှ ညစိုး ပြန်လာခဲ့ပြီး သင်္ချိုင်းမြေထဲသို့ စတင်ဝင်လိုက်စဉ်မှာပင် မိခင်ဖြစ်သူမြေပုံပေါ်၌ မြင်တွေ့နားခိုနေကျ လိပ်ပြာနက်ကလေးသည် ညစိုးခန္ဓာကိုယ် အနီးတွင် လှည့်လည်ပတ်ဝဲ ပျံသန်းလျက်ရှိသည်။ ထူးဆန်းလှပေသည်။ ထို့နောက်တွင် ညစိုး ပခုံးပေါ်တွင် နားခိုလိုက်သည်။ တစ်စုံတစ်ရာဖြစ်တော့မည်ကို ညစိုး နားလည်လိုက်သည်။

မှန်ပေသည်။ ညစိုးအတွက် ဝမ်းနည်းကြေကွဲခဲ့ရပြန်ပါသည်။ ထိုနေ့ညမှာပင် ဒေါ်ကျည်းတန်သည် ညစိုးအား အပြီး





အပိုင် လူ့လောကကြီးမှ နှုတ်ဆက်ထွက်ခွာသွားပေတော့သည်။ ညစိုးသည်သူကိုယ်တိုင် တွင်းတူးသည်။ သူ့ဖခင်နှင့် မိခင်မြုပ်နှံထားသော မြေပုံအနားတွင်ဖြစ်သည်။ ဆရာတော်အား ပင့်ပြီး သရဏဂုံတင်သည်။ ခေါင်းကို ကျင်းထဲချပြီး မြေဖို့သည်။

အသုဘကိစ္စများပြီးစီးသောအခါ တန်းစီနေသော မြေပုံ သုံးခုအား ဒူးထောက်ထိုင်ချလိုက်ပြီး ရှိခိုးကန်တော့လိုက်သည်။ မိခင်ဖြစ်သူ၏ မြေပုံပေါ်တွင် လိပ်ပြာနက်ကလေးတစ်ကောင် ထူးထူးခြားခြားနားခိုနေသည်ကို မြင်တွေ့လိုက်ရပြန်သည်။ ညစိုး စိတ်ထဲတွင်လည်း မိခင်ဖြစ်သူ၏ ဝိညာဉ်သည် လိပ်ပြာနက်ကလေးတစ်ကောင်အဖြစ် ဖန်ဆင်းထားသည်ဟု ယုံကြည်ထားသည်။

ထို့ကြောင့်လည်း စိတ်ထဲမှနေ၍ တိုးတိုးလေးရွတ်ဆို ဆုတောင်းမိလိုက်သည်။

'လိပ်ပြာနက်ကလေးရေ သင်ဟာ မိခင်ဝိညာဉ်ဖြစ်မယ်ဆိုရင် အစ်ကိုဖြစ်တဲ့ ညမိုးကို ရှာဖွေတွေ့ရှိဖို့ လမ်းပြခေါ်ဆောင်သွားပါတော့ ...'

ဟု ဆုတောင်းရင်း ကန်တော့လိုက်သည်။

www.burmeseclassic.com



ညစိုးသည် ခေါင်းကို ပြန်မော့လိုက်သောအခါ အပြော ကျယ်လှသော လောကကြီးကို တွေ့မြင်လိုက်ရသည်။ နေရောင် ခြည်များက ထွန်းလင်းစွာ တောက်ပလျက်ရှိသည်။ သစ်ချိုင်းမြေပေါ် တွင် အုပ်မိုးနေသော သစ်ပင်ကြီးများ၏ စိမ်းစိုဝေဆာနေသော အရိပ်များက အေးမြလှသည်။ ထိုအချိန်မှာပင် ညစိုးမိခင်မြေပုံ ပေါ်တွင် နားနေသော လိပ်ပြာနက်ကလေးသည် ညစိုးပခုံးပေါ်တွင် နားခိုလိုက်သည်။

'ခေါ်ကျည်းတန်မရှိတော့ဘူးဆိုတော့ မင်းတစ်ယောက် တည်း ဖြစ်သွားပြီ၊ ဘာမှလည်း စိတ်ပျက်ဝမ်းနည်းမနေနဲ့တော့ ဇရပ်ပေါ်မှာလည်း ဆက်မနေသင့်တော့ဘူး ကျောင်းမှာပဲ လိုက်နေ ပေါ့ ညစိုးရာ ...'

ကပ္ပိယကြီး ဖိုးသာဂိက ကြင်နာစွာ ပြောကြားလိုက် သည်။

'ဟုတ်သားဘဲ ဒကာလေး ညစိုး၊ ကပ္ပိယကြီးနဲ့ အတူတူ လိုက်နေပေါ့ ...'

'မှန်လှပါဘုရား ... ဆရာတော်နဲ့ကပ္ပိယကြီးစေတနာကို တပည့်တော်နားလည်ပါတယ်၊ အဖွားမရှိတော့ အဖွားမသေခင်က





ပြောထားတဲ့အတိုင်း တပည့်တော်ရဲ့ အစ်ကိုဖြစ်သူကို ရှာဖွေကြည့် ချင်ပါသေးတယ်ဘုရား ...'

'အင်း... ဒကာလေး လျှောက်တာလည်း မှန်ပါတယ်၊ သူ့ဘဝဆိုတာကလည်း အင်မတန်ဆန်းကြယ်တာပဲ၊ ဒကာလေး စိတ်ဆန္ဒရှိတဲ့အတိုင်း လုပ်ပေါ့၊ ဒကာလေးတို့က အမွှာညီအစ်ကို ဆိုတော့ တွေ့ချင်တွေ့နိုင်တာပဲလေ၊ ဘုန်းကြီးလည်း မေတ္တာ ပို့ပေးခဲ့ပါတယ် ကဲ... ကပ္ပိယကြီးရေ ကိစ္စဝိစ္စတွေပြီးသွားပြီ ဆိုတော့ ကျောင်းပြန်ကြွကြတာပေါ့ ...'

'တင်ပါ့ဘုရား ...'

ဆရာတော်နှင့် ကပ္ပိယကြီး ဦးသာဂိတို့သည် ကျောင်းဖက် သို့ ပြန်ကြွသွားကြသည်။ ညစိုးပခုံးပေါ်တွင် နားနေသော လိပ်ပြာ နက်လေးသည်လည်း အတောင်ပံများလှုပ်ရှားရင်း ထပျံသွား သည်။

လိပ်ပြာနက်လေးပျံသန်းသွားသည်ကို ညစိုးငေးကြည့်နေ မိသည်။

သူ့ဘဝသည်လည်း လိပ်ပြာနက်ကလေး ပျံသန်းထွက်ခွာ သွားသလို လူ့လောကကြီးထဲသို့ အနှံ့အပြားလျှောက်သွားရပေတော့

www.burmeseclassic.com



မည်။ ငယ်စဉ်ကတည်းက ချေးမွေးပြုစုစောင့်ရှောက်လာသော အဖွားဒေါ်ကျည်းတန်လည်းမရှိတော့ ခင်ဟွယ်စရာ သံယောဇဉ် ကင်းမဲ့သွားသော တစ်ကောင်ကြွက်ညစိုးဘဝကား သင်္ချိုင်းနယ်မြေ တွင် ဆက်လက်မနေချင်တော့ပေ။ အဖွားဒေါ်ကျည်းတန်ပြောပြ ခဲ့သည်။ သူ၏အမြွာညီအစ်ကို ဖြစ်သော ညမိုးအား ရှာပုံတော် ဖွင့်ရပေတော့မည်။

ညစိုးသည် သူနေထိုင်ရာဇရပ်ပျက်သို့ ပြန်လာခဲ့သည်။ သူ့တွင်ရှိသော အဝတ်အစားလေးများကို ထုပ်ပိုးပြင်ဆင်လိုက် သည်။ မြေတူး၍ရသော ငွေများကို ကျစ်ကျစ်ပါအောင်ထုပ်လိုက် သည်။ ဇရပ်ပျက်ပေါ်မှ ဆင်းလိုက်ပြီး သင်္ချိုင်းအပြင်ဘက်သို့ ထွက်သည့် လမ်းအတိုင်း လျှောက်လာခဲ့သည်။

အုပ်အုပ်ဆိုင်းဆိုင်း ညှို့မှိုင်းနေသော သစ်ပင်အုပ်ကြီးများ အုတ်ဂူများ သူနေထိုင်ခဲ့သော ဇရပ်ပျက်ကြီးအား နောက်ဆုံးအနေ နှင့် လှမ်းကြည့်လိုက်သည်။ ဇရပ်ပျက်ပေါ်မှ ပြုံးရွှင်စွာကြည့်လျက် နှုတ်ဆက်နေသောအဖွားဒေါ်ကျည်းတန်၏ ကျောက်ပေါက်ရာ မျက်နှာကြီးက ပေါ်လာသည်ဟု စိတ်ထဲတွင် ထင်မိလိုက်သည်။ သင်္ချိုင်းမှ ထွက်ခွာပြီး ဆွေတော်မျိုးတော်များအား ရှာဖွေရန်





ထွက်ခွာသွားသော ညစိုးအား အဖွားဒေါ်ကျည်းတန်ကြေနပ်စွာနှုတ် ဆက်နေလိမ့်မည်။

ညစိုးနှင့်ရင်းနှီးသော သူ့အမေဝိညာဉ်ပူးနေသည်ဟုထင် မှတ်ထားသည့် လိပ်ပြာနက်လေးသည် သူ့ရှေ့တွင် ရစ်ဝဲရစ်ဝဲပေါ သော ပြန်သည်။ အဆုံးအစမရှိသော လေဟာပြင်ထဲတွင် ပျံသန်း ခရီးနှင်နေမည့်လိပ်ပြာနက်ကလေးကဲ့သို့ မည်သည့်အရပ်ဒေသ တွင် ရှိမည်ဟု သေချာစွာမသိရသော အစ်ကိုဖြစ်သူ ညမိုးအား ရှာဖွေရန် ခရီးစတင်လိုက်သည်။

ထူးခြားသည်မှာ သင်္ချိုင်းနယ်ထဲမှလိပ်ပြာနက်လေးတစ် ကောင်သည် ညစိုးရှေ့တွင် လမ်းပြခေါ်ဆောင်သွားသကဲ့သို့ အမှတ်မှတ် တောင်ပံနက်များကိုခတ်ရင်း ပျံသန်းလျက်ရှိနေပေ သည်။

* * *

ဝတ်ဆင်ထားသောဝတ်အစားများက နုံချာစုတ်ပြတ်နေ သော်လည်း ဥပမိရုပ်ရည်သန့်ပြန့်ဖြူစင်သော မောင်ညစိုး အသည်ရှိလူငယ်လေးတစ်ယောက်သည် မန္တလေးမြို့သို့ ရောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ ရွာမှ ဆရာတော်က စာရေးသားပေးလိုက်သဖြင့် ပြည်ကြီးတံခွန်မြို့နယ်ထဲရှိ မဟိုးရိမ်တိုက်သစ်သို့ ရောက်ရှိလာသည်။ ဆရာတော်နှင့်ရင်းနှီးသော ဦးပဉ္စင်းရှိသည်။ ထိုကျောင်းမှာပင် ခေတ္တတည်းခိုနေသည်။

အစ်ကိုဖြစ်သူ ညမိုးအား တွေ့အောင်ရှာဖွေရမည့် ခရီးက ကြမ်းသည်။ ဘယ်အထိလျှောက်လှမ်းနေရဦးမည်မသိ၊ အမှာ ဒေါ်ကျည်းတန်ပြောစကားအရ သူ၏မိဘမျိုးရိုးမှာ စော်ဘွားမျိုးရိုးရှမ်းအနွယ်တော်များဖြစ်သောကြောင့် ရှမ်းပြည်နယ်ဘက်သို့ ရောက်ရန် ညမိုးစိတ်ကူးသာရှိသည်၊ တကယ်တမ်းရောက် အောင် သွားဖို့တော့မလွယ်။

သူ့တွင်ပါလာသော ငွေစကလေးများကလည်း ခရီးစရိတ်နှင့်ကုန်လာခဲ့သောကြောင့် လက်ထဲတွင် ငွေအစိတ်ခန့်သာ ကျန်တော့သည်။

သည်လောက်နည်းပါးသော ငွေစလေးနှင့် မြို့ကြီးပြကြီးတွင် ဆက်လက်ရပ်တည်ဖို့မလွယ်ကူသလို ရှမ်းပြည်နယ်ထဲသို့ ရောက်ဖို့ဆိုသည်မှာလည်း ခက်ခဲလှသည်။ ကြုံရာကျဘမ်း အလုပ်များကို လုပ်ကိုင်ပြီး ငွေစုရမည်။





ခရီးစရိတ် လုံလောက်မှသာ ရှမ်းပြည်နယ်ထဲသို့ သွားရန် ဆုံးဖြတ်ချက်ချလိုက်သည်။

'ငါ ယောက်ျားပဲ ... သတ္တိရှိရမှာပေါ့ ဘယ်နေရာပဲ ရောက်ရောက် ငါ့တစ်ဝမ်းတစ်ခါးအတွက် ရရာအလုပ်ဝင်လုပ်ပြီး ရှမ်းပြည်နယ်ဘက်ကို ဆက်ပြီးခရီး ထွက်ရမှာပဲ ...'

ညမိုးသည် မိမိကိုယ်ကိုအားတင်းလိုက်သည်။ ကားဝန်းကြီးထဲသို့လည်း ရောက်လာတတ်သည်။ ရှမ်းပြည်နယ်ဖက်သို့ ထွက်မည့်ကားများ၏ ခရီးစဉ်ကိုလေ့လာသည်။ စုံစမ်းကြည့်သည်။

ကားဝန်းကြီးထဲတွင် ကားခရီးသည်တင်ကားများ ကုန်ကားများကလည်း ပြည့်နှက်ကျပ်ညပ်နေသည်။ ကုန်ကားကြီးများပေါ်တွင် ကုန်ပစ္စည်းများ တင်နေသည်ကိုလည်း မြင်တွေ့ရသည်။

'ဘေးကို ... ဘေးကို...'

သူ့နောက်များမှ ကျယ်လောင်သော သတိပေးသံကြောင့် လန့်သွားပြီး ခုန်ရှောင်လိုက်ရသည်။ ကုန်ပစ္စည်းများကိုထမ်းလာသော အလုပ်သမားများဖြစ်ကြသည်။ ညမိုးသာရှောင်မပေးလိုက်ပါက ဝင်တိုက်သွားကြမည်ဖြစ်သည်။ အလုပ်သမားများမှာ



www.burmeseclassic.com

www.burmeseclassic.com



မည်သူ့ကိုမှ ဂရုမစိုက်ဘဲ ကုန်ပစ္စည်းများကို ကားပေါ်သို့တင် ကြသည်။

'တော်တော်ရိုင်းစိုင်းတဲ့သူတွေပါလား၊ လူတွေကို တိုက် ခိုက်မိမယ်ဆိုတာ မစဉ်းစားဘူး၊ ကိုယ်ချင်းစာတရားမရှိ တော်တော် ရိုင်းစိုင်းတဲ့သူတွေဘဲ...'

ဟုညစိုးတွေးနေမိသည်။

'ဟေ့လူ ဖယ်လေဗျာ၊ ဘာကြောင်တောင်တောင်လုပ် တာလဲ ...'

ဝေါက်ခနဲသံကြောင့် လှည့်ကြည့်လိုက်ရာ အလုပ်သမ တစ်ဦးက သူ့ဘေးနားကိုဝင်တိုက်ပြီး ခပ်သုပ်သုပ်ထွက်သွား သည်။

'တော်တော်မလွယ်ပါလား။ လူတွေဟာသုတ်သုတ်သွာ သုတ်သုတ်လာနဲ့ ဣန္ဒြေမရ ပျာယာခတ်နေကြတာဘဲ ဒါက မြို့နေလူတွေရဲ့ပုံစံဘဲထင်ပါရဲ့'

ညစိုးသည်အလုပ်သမားများနှင့် လွတ်ရာဘက်သို့ လျှော လာခဲ့သည်။ ထမင်းဆိုင် စားသောက်ဆိုင်များရှိရာဘက်သို့ ရော လာသည်။ ဟင်းနံ့များကလေည်း သင်းပျံ့လာသောကြောင့် ဗိုက်





သာလောင်မွှတ်သိပ်လာသည်။ ထမင်းဆိုင်တန်းများရှိရာဖက်သို့ ကြည့်လိုက်ပြီး အဝစားငါးမူးဆိုသည့် ဆိုင်ထဲသို့ဝင်လိုက် သည်။ ပြောင်လက်နေသော သတ္တုဗုဟင်းအိုးများ နောက်တွင် ပ်တောင်တဖွက်ဖွက်ခတ်လျက်သနပ်ခါး အဖွေးသားလိမ်းထား သော မိန်းမဝဝကြီးက ဆီးမေးသည်။

'ထမင်းစားမှာလား ...'

'ဟုတ်တယ် အဝစား ငါးမူးဖိုးပဲ ...'

ညစိုးကပြန်ပြောလိုက်သည်။ ထမင်းများအမောက်ထည့် သောသံပန်းကန်ပြားတစ်ချပ်က သူ့ရှေ့သို့ရောက်လာသည်။ ရာအတို့အမြုပ်ဟင်းရွက်ပေါင်းစုံထည့်ထားသော ပန်းကန်နှင့် ါးရေတစ်ပွဲလည်း ရောက်လာသည်။ သီးစုံပဲဟင်းတစ်ခွက် း ပါသည်။

'ဟင်းမှာဦးမှာလား ...'

'ဘာဟင်းတွေရှိလဲ ...'

' အမဲသား ဝက်သား ကြက်သား ဆိတ်သား ငါးဟင်း ရှိတယ်၊ ငါးမြင်း ငါးဒန် ငါးသလောက်ပေါင်း ငါးရှ ငါး မျိုးစုံရှိတယ်၊ ဘာဟင်းနဲ့စားမှာလဲ ...'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်းနဲ့စားရင် ပိုက်ဆံထပ်ပေးရဦးမှာလား…'

'ပေးရမှာပေါ့ …'

ဟင်းအမည်များကိုကြားလိုက်ရသည်နှင့် သွားရည်ယိုကာ စားချင်သွားသည်။ သို့သော် ညစိုးမှာ ငွေသိပ်မရှိတော့၊ အလုပ် တစ်ခုခု ဝင်လုပ်မည်ဟု ရည်ရွယ်ထားသော်လည်း ဘာလုပ် လုပ်ရမှန်း မသိသေး၊ အလုပ်က ဘယ်နေမှန် မသိ၊ အိတ်ထဲမှ လည်း ငွေက သိပ်မရှိတော့။ ခရီးဆက်ထွက်ရဦးမည် မြို့ခြံ‌ရွော မှ ဖြစ်မည်မဟုတ်လား။

'မမှာတော့ဘူး၊ ဒါတွေနဲ့ပဲ စားမယ် အစားငါး နော်…'

ထမင်းဆိုင်မှ မိန်းမဝဝကြီးမှာ မျက်နှာကို ရှုံ့မဲ့လိုက်ပြီးတ ဖက်သို့ လှည့်ထွက်သွားသည်။ ချပေးထားသော ထမင်းနှင့် တို ငါးပိရည်သီးစုံပဲဟင်းတို့နှင့် ညစိုး မြိန်ရည်ယှက်ရည်စားလို သည်။ ဗိုက်ထဲမှာ ဆာနေတာကြောင့် စား၍လည်း အရွန်ကောင်း သည်။ နောက်ထပ်တမင်းလိုက်ပွဲနှစ်ပန်းကန်ထပ်မှာရသည် ဆိုင်ရှင် မိန်းမဝဝကြီး၏ မျက်နှာမှာလည်း ပို၍ပင် မဲ့သွားလေတော့ သည်။





ညစိုးသည်ထမင်းအဝစားပြီးနောက်ဆိုင်ထဲမှ ထွက်လာ ခဲ့သည်။ ဘယ်သွားလို့ဘာလုပ်ရမှန်း မသိသေး။ ထိုအချိန်မှာပင် လိပ်ပြာနက်ကလေးတစ်ကောင်သည် တောင်ပံတစ်ဖျတ်ဖျတ် ခတ်ရင်း သူ့လက်ဖမိုးပေါ် နားလိုက်၊ ညာပခုံးပေါ်သို့ ပြောင်း နားလိုက် ညာဘက်ပါးပြင်ထက်သို့ ပျံသန်းလိုက်ရှိနေသည်။

ညစိုး မှတ်မိသွားသည်။ သူ့မိခင်မြေပုံပေါ်တွင် နားနေ ခဲ့တော့ လိပ်ပြာနက်ကလေးဖြစ်နေပေသည်။ ဘယ်ကနေ ဘယ်လိုလုပ်ပြီးရောက်လာသည်မသိ။ လိပ်ပြာနက်ကလေးသည် သူ့ရှေ့မှ ပျံသန်းလျက်ရှိသည်။ လိပ်ပြာနက်ကလေးပျံသန်းရာ ဘက်သို့ စိတ်ဝင်တစားလိုက်ပါလာခဲ့သည်။ လိပ်ပြာနက်ကလေး သည် သူ့မိခင်ဝိညာဉ် ဖြစ်သည်ဟု ယုံကြည်ထားသော ညစိုးသည် ဆိုးဝေးထွက်ခွာလာသည့် သူ့အားစောင့်ရှောက်ပေးနေသလို အစ်ကို ဖြစ်သူညမိုးအား ရှာဖွေတွေ့ရှိရန် လမ်းညွှန်ပေးနေရှာသလား သိပေ။

လိပ်ပြာနက်ကလေးသည် ကုန်ကားကြီးတစ်စင်း၏ ဘေးရှေ့ခန်းရှိဒရိုင်ဘာဘေးပေါက်တံခါးဝတွင်နားလိုက်သည်ကို ညစိုးမြင်တွေ့လိုက်ရသည်။ ညစိုးသဘောပေါက်နားလည်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ လိပ်ပြာနက်ကလေးက သူ့အား အဆိုပါကုန်ကားကြီးနှင့် လိုက်ပါသွားရန် လမ်းညွှန်ပြသကဲ့သို့ ရှိနေသည်။ ညစိုးသည် ကားခေါင်းရှေ့နားတွင် ရှိသောဒရိုင်ဘာအားမော့ကြည့်လိုက်သည်။

'ကားဆရာကြီးခင်ဗျား ဒီကားက ဘယ်ကိုသွားမှာပါလဲ ခင်ဗျာ ...'

ကားဒရိုင်ဘာကြီးက ညစိုးအားလှမ်းကြည့်လိုက်သည်။

'တောင်ကြီးတက်မယ်၊ ပြီးရင် နမ့်ခအထိရောက်မယ် မင်းကဘာလုပ်မလို့လဲ ...'

'ရှမ်းပြည်ဖက်သွားမယ်ဆိုရင် ကျွန်တော်လိုက်ချင်လို့ ပါ'

'ဘာလုပ်ရအောင် ... လိုက်မှာလဲ ...'

ကားဒရိုင်ဘာက စိတ်ဝင်စားသွားပြီး ညစိုးအား ပြန်မေးလိုက်သည်။ ညစိုးအားတစ်ချက်အကဲခတ်ကြည့်သည်။ ဒီကောင်လေးပုံကြည့်ရတာကလည်း ရုပ်ရည်လက္ခဏာက လူရည်သန့်ယောကျ်ားပီသပြီး ဖျတ်လတ်သွက်လက်ပုံရသည်။ ဆိုးတော့မဆိုးသဘောကျသလိုဖြစ်သွားသည်။

'ငယ်ငယ်လေးထဲက ကွဲသွားတဲ့ကျွန်တော့်အစ်ကိုကို လိုက်ရှာမလို့ပါ ...'





'မင်းအစ်ကိုကို ဘယ်မှာရှာမှာလဲ ...'

'အဲဒါကျွန်တော်လည်း မသိဘူး ...'

'ဟော... မင်းဥစ္စာကအဆန်းပါလားကွ၊ ဘယ်မှာနေမှန်းမသိတဲ့သူတစ်ယောက်ကို ဘယ်လိုလုပ်ပြီး လိုက်ရှာမှာလဲ၊ ငါတော့ တစ်ခါမှ မကြားဖူးဘူး ..'

'ဟုတ်ပါတယ်၊ ကျွန်တော်အစ်ကို ကိုရှာမယ်ဆိုပြီး ရွာကထွက်လာတာပါ မစိုးရိမ်ဘုန်းကြီးကျောင်းတိုက်မှာတည်း နေပေမယ့် အဲဒီမှာ ကြာကြာမနေချင်တော့ဘူး ...'

'မင်းတကယ်လိုက်မှာလား ...'

'ကားဆရာကြီးခေါ်မယ်ဆိုရင်တော့ လိုက်ချင်ပါတယ် ကျွန်တော်မှာ ငွေကလဲ သိပ်မရှိပါဘူး ...'

ဒရိုင်ဘာသည် အတန်ကြာအောင်စဉ်းစားနေပုံရသည်။ စိတ်ထဲတွင်လည်း ဒီကောင်လေးကြည့်ရသည်မှာ ရိုးသားပုံရသည့် လူငယ်တစ်ယောက်ဖြစ်၍ အားကိုးရနိုင်လောက်သည်ဟု တွေးမိလိုက်သည်။

'ထားပါတော့ကွာ၊ ငါကလဲ အခုကားထွက်ခါနီးမှ ကုန်တွေကလည်း တင်ပြီးပြီ၊ စပယ်ယာကမှားနေလို့ မထွက်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘူးဖြစ်နေတယ်။ လူလိုနေတာနဲ့အတော်ဘဲ စပယ်ယာအဖြစ်နဲ့ လိုက်မယ်ဆိုရင်တော့လိုက်လို့ရတယ်...'

'စပယ်ယာဆိုတာ ဘာလုပ်ရမှာလဲခင်ဗျာ ...'

'ကားနောက်ခန်းမှာတင်ထားတဲ့ကုန်တွေကို စောင့်ပြီးလိုက်ရမယ် ... လမ်းခရီးမှာ လိုအပ်သလို ငါခိုင်းတဲ့အတိုင်း လုပ်ရမယ်... '

'ဟုတ်ကဲ့ ကျွန်တော့်ကို ကြိုက်သလို ခိုင်းပါ လုပ်ပေးပါ့မယ် ...'

'ကဲ ... ဒါဖြင့်လဲ နောက်ကနေတက် ထွက်မယ် ...'

ဤသို့ဖြင့် ညစိုးသည် ကုန်ကားကြီးတစ်စင်း ပေါ်တွင် စပယ်ယာအဖြစ်လိုက်ပါခွင့်ရပြီး ရှမ်းပြည်နယ်ထဲသို့တက်လာခဲ့သည်။

ထူးဆန်းသည့် လိပ်ပြာနက်ကလေး လမ်းညွှန်ပြမှု အံ့ဖွယ်ကောင်းလှပေသည်။

* * *





ညစိုးလိုက်ပါခဲ့သော ကုန်ကားကြီးသည် မြို့များရွာများ နိမ့်ချည်မြင့်ချည်ကွေ့ချည်ကောက်ချည် တောင်တက်ခရီးအား ကွေ့ပတ်တက်လာခဲ့ကြသည်။ လမ်းခရီးတွင် ၂ ညအိပ်စက်ခဲ့ရသည်။

ညစိုးအနေနှင့် ကားဒရိုင်ဘာဆရာကြီးသင်ကြားပေးသည့်အတိုင်း တောင်တက်တောင်ဆင်းများတွင် ဂျမ်းတုံးခုခြင်း၊ အင်ဂျင်မှ ရေတိုင်ကီမှ ရေဆူလာလျှင်ရေဖြည့်ခြင်း၊ နောက်ကားရှေ့ကားများကို ကြည့်၍ သတိပေးရခြင်း စသဖြင့် စပယ်ယာအတတ်ပညာများကို ကားမောင်းသွားရင်း လက်တွေ့သင်ကြားခဲ့ရသလို နားလည်တတ်ကျွမ်းသွားပေသည်။

လှိုင်လွှင်ကို ကျော်လာသည်၊ မကြာမီ နမ့်ဆမ်သို့ရောက်တော့မည် ဖြစ်သည်။ ညစိုးသည်ကားရပ်နားစခန်းများ၌ ထမင်းစားခြင်း၊ အိပ်စက်အနားယူရင်း စပယ်ယာအလုပ်ကို သဘောကျနေသလို သူ့အရောက်ချင်ဆုံး ရှမ်းပြည်နယ်ထဲသို့ ရောက်ရှိလာသဖြင့် ပျော်ရွှင်ကြည်နူးနေမိသည်။

ညစိုးလိုက်ပါလာသော ကုန်ကားရှေ့တွင် ကား(၂)စီးရှိသည်။ ရှေ့ကားများရပ်တန့်သွားသောကြောင့် ညစိုးတို့ကားလည်း



www.burmeseclassic.com

www.burmeseclassic.com



စက်ရှိန်သပ်ကာ ရပ်လိုက်သည်။ ဘာပြုလို့ရပ်သွားပါလိမ့်ဟုသိလို သဖြင့်နောက်ခန်းမှ ခုန်ချလိုက်သည်။ ဒရိုင်ဘာကြီးကလည်း တံခါးကို အမြန်ဖွင့်ပြီးဆင်းလာသည်။

'ငါတို့ကားတန်းတော့ စားပြတိုက်ခံရပြီ ကောင်လေး မလွယ်တော့ဘူး …'

လက်နက်များကို ကိုယ်စီကိုယ်ငှ ကိုင်ဆောင်ထားသော ဓားပြများသည် ရှေ့ကားမှ ကုန်ပစ္စည်းများကို ချယူပြီး မချေမငံပြော ဆိုသော ကားသမားတို့အား ရက်ရက်စက်စက် ရိုက်နှက်နေသည် ကို မြင်တွေ့လိုက်ရသည်။ ညစိုးသည် တောင်စောင်းဘက်သို့ လှစ်ခနဲ ထွက်ပြေးလိုက်သည်။ လက်နက်ကိုင်ဓားပြတစ်ယောက် ကလည်း မျက်စိလျှင်သည်။ ညစိုး ရိပ်ခနဲ ထွက်ပြေးသွားသည်ကို မြင်လိုက်ပြီး…

'ဟိုနောက်ကားကကောင် ဘယ်ကိုထွက်ပြေးတာလဲ'ဟု အော်သံနှင့်အတူ…

'ဒိုင်း … ဒိုင်း … ဒိုင်း…'

သေနတ်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ညစိုး နားထင်ဘေးတွင် ကျည်ဆန်က ဗိုးခနဲဖြတ်သွားသည်။





ခေါင်းကို ငုံ့ပြီး ဆက်ပြေးသည်။ ညစိုး ဘယ်ဘက်လက်မောင်း တစ်ဖက်တွင် ပူခနဲဖြစ်သွားပြီးနောက် ခြေလှမ်းများ ယိုင်ထွက် သွားသည်။ ပြေးနေရာမှ ခြေထောက်သည် လျောခနဲဖြစ်သွားပြီး တောင်အောက်သို့လိမ့်ကျသွားသည်။ မြင့်မားသော ချောက်ကမ်း ပါးကြီး အောက်သို့ကျသွားပါက အရိုးအသားရှာတွေ့တော့မည် မဟုတ်ပေ။

ညစိုး ကံကောင်းသည်ဟု ပြောရမည်ဖြစ်သည်။ အရှိန်နှင့် သိမ့်ကျလာရာမှ ကြီးမားသော ခြုံပုတ်ကြီးနှင့် ဝင်တိုက်မိလိုက်ပြီး အရှိန်တန့်သွားသည်။ ခေါင်းထဲတွင် မူးဝေလာရာမှ မိုက်ခနဲ ဖြစ်သွားပြီး အမှောင်တိကျသွားသည်။ လောကကြီးတစ်ခုလုံးကို မေ့လျော့သွားပေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ကျောက်ပြုရဲတိုက်ကြီးပိုင်ရှင် စော်ဘွားလေး

သံလွင်မြစ်အရှေ့ဖက်ခြမ်းရှိ နမ့်ခေါင် တောင်တန်းကြီးပေါ်တွင် ဟန်တင်မြင်းများ အစားအလုပ်သမား အထမ်းသမားများနှင့် တရွေ့ရွေ့တက်လာကြသည်ကို မြင်တွေ့ကြရသည်။ အဆိုပါ ခရီးသွားအုပ်စုမှာ ဒေါက်တာသူရိန် ခေါင်းဆောင်သော စေတနာ့ဝန်ထမ်း နယ်လှည့်ဆေးကုသရေး အဖွဲ့ဝင်များဖြစ်ကြသည်။

နောင်လွမ်းသို့မရောက်ခင် ရှမ်းရွာလေးတစ်ရွာ အနီးသို့ ရောက်လာကြသည်။ ဒေါက်တာသူရိန်သည် သူ၏အဖွဲ့ဝင်များအား သံလွင်မြစ်ကမ်းဘေး တစ်နေရာတွင် ခေတ္တခဏ စခန်းချရန် ပြောဆိုလိုက်သည်။

'ကဲ… အိုက်စံ ဒီစာကိုယူသွားပြီး ရွာသူကြီးနှင့် သွား





တွေ့ပေတော့၊ ငါတို့အဖွဲ့က ဘာကြောင့် ရောက်လာကြတယ်၊ ရွာထဲကို ဝင်ခွင့်ရဖို့ရယ်၊ ရွာထဲက မကျန်းမာတဲ့လူတွေရှိရင် ဆေးအလကားကု ပေးမယ်ဆိုတာသေချာ ပြောပြကြားလား …'

'ဟုတ်ကဲ့ပါ ဆေးဆရာလုံ …'

အိုက်စံက ခပ်သုတ်သုတ်လေးထွက်သွားသည်။ သူတို့ဆေးကုသသောအဖွဲ့ထဲတွင် အိုက်စံသည် အားကိုးရသော လူငယ်တစ်ယောက်ဖြစ်သည်။ ဒေသခံ တိုင်းရင်းသားတို့၏ ဘာသာစကားကို နားလည်သည်။

အစွန်အဖျားကျသော တောင်တန်းဒေသများတွင် နယ်လှည့်ဆေးကုသပေးနေသော ဒေါက်တာသူရိန်၏ အတွေ့အကြုံအရ တစ်ချို့ရွာများက သူစိမ်းဆိုလျှင် သူတို့ရွာထဲသို့ အဝင်မခံကြပေ။

ထို့ကြောင့်လည်း ရွာထဲသို့ အလျင်စလို ချက်ခြင်းမဝင်သေးဘဲ အိုက်စံအား ရွာသူကြီးနှင့် ကြိုတင်တွေ့ဆုံရန် စေခိုင်းလိုက် ခြင်း ဖြစ်သည်။ ရွာသူကြီး၏ သဘောထားဆန္ဒကိုလည်း ကြိုတင်သိရှိဖို့အရေးကြီးသည်။ မကြာမီအိုက်စံပြန်ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



အိုက်စံမျက်နှာမှာ ပြုံးရွှင်နေသောကြောင့် ရွာလူကြီးက လိုလိုလားလား လက်ခံကြောင်း သဘောပေါက်လိုက်သည်။ အယ်မ်းသမားများ ဝန်စည်စလွယ်များတပ်ဆင်ထားသော မြင်းများနှင့်အတူ ရှမ်းလူမျိုးများနေထိုင်ရာ ရွာထဲသို့ ဝင်လာကြပြီး ရွာလူကြီးအိမ်ဝန်းအတွင်း၌ စခန်းချနားလိုက်ကြသည်။

ရွာလူကြီး နှင့်တွေ့တွေ့ချင်းမှာပင် ရွာလူကြီးအား လက်ဆောင်များပေးအပ်ပြီး ချစ်ခင်ရင်းနှီးစွာလက်ကို ဆုပ်ကိုင် လျက် နှုတ်ဆက်လိုက်သည်။

'ရွာလူကြီးက အခုလို ဖော်ဖော်ရွေရွေရှိလှတော့ အရမ်း[] ဝမ်းသာပါတယ်ဗျာ၊ ကျွန်တော်တို့အဖွဲ့က ဒီရွာမှာရှိတဲ့ နာမကျန်း ဖြစ်နေတဲ့သူ နေထိုင်မကောင်းတဲ့သူတွေ ရှိနေရင် အခကြေး[ငွေ] မယူဘဲ ကုသိုဖြစ်ဆေးဝါးကုသပေးဖို့ ရောက်လာတာပါ၊ အခု[လို] နေထိုင်ခွင့်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ...'

ဒေါက်တာသူရိန် ပြောပြသော စကားကို ရွာလူကြီး ကလည်း ကျေနပ်သွားသည်။

'ကျုပ်တို့ကလည်း ဝမ်းသာပါတယ်၊ တခြားနယ်တွေ[မှာ] ဆေးဆရာလုံဆေးလိုက်ကုနေတဲ့သတင်းတွေကြားရပါတယ်၊ ကျု[ပ်]





[]တို့နယ်ထဲကိုတော့ ခုမှရောက်လာကြတာပဲ၊ ဒီရွာမှာ အေးအေးချမ်းချမ်း နားနားနေနေ ဆေးကုသပေးလို့ရပါတယ်။ ဒီရွာမှာရှိတဲ့ သူတွေက ရိုးသားတဲ့ တိုင်းရင်းသားတောင်သူတွေဆိုတော့ ခေတ်[မီ]ဆေးဝါးတွေနဲ့ ဆေးကုသတာကို တွေ့လည်း မတွေ့ဖူးကြဘူး၊ ဆေးဆရာလုံတို့အဖွဲ့ရောက်လာတာ အများကြီး ကောင်းပါတယ်။ [စား]သောက်နေထိုင်ရေးအတွက် ဘာမှမပူနဲ့ လိုတာရှိရင်လည်းပြော ပါ ...'

'ကျုပ်တို့အတွက် စားသောက်ရေးကို တာဝန်ယူပေးတဲ့ အတွက် ကျေးဇူးတင်ပါတယ်၊ ရွာသူရွာသားတွေရဲ့ကျန်းမာရေး [ကို] ဂရုစိုက်ပေးပါ့မယ်'

ရွာလူကြီးက သူ့အိမ်တွင်ချိတ်ဆွဲထားသော မောင်းကြီးကို ရှုထုလိုက်သည်။ မကြာမီမှာပင် ရွာထဲရှိယောကျ်ားမိန်းကလေး [များ]ပါမကျန် စုပြုံရောက်ရှိလာကြသည်။ ရွာလူကြီးကရှမ်းဘာ [သာ]ဖြင့် ဒေါက်တာသူရိန်တို့အဖွဲ့ ဆေးကုသရန် ရောက်ရှိလာ [ကြ]ကြောင်း မမာမကျန်းလူများကို ဆေးကုသပေးမှာ ဖြစ်ကြောင်း [ထို့]ကြောင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှာရှိတဲ့ ဆွေမျိုးသားချင်း [တွေ]ဆီကိုပါ အကြောင်းကြားစေလိုကြောင်း ပြောပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာသားများကလည်း ဝမ်းမြောက်ဝမ်းသာဖြစ်လျက် ရှမ်း[illegible]
ဘာသာဖြင့် 'ဆောခ' 'ဆောခ' ဟုဝိုင်းပြောကြသည်။ 'ဆောခ'
ဆိုသည်မှာ ဟုတ်ကဲ့ ဟုတ်ကဲ့ဟူသော အဓိပ္ပာယ်ရပြီး ခေါင်[illegible]
တညိတ်ညိတ်နှင့် ရွာလူကြီးအိမ်ထဲမှ ပြန်လည်ထွက်ခွာသွားကြ[illegible]
သည်။ ယခုဒေါက်တာသူရိန်ရောက်ရှိနေသော ရွာမှာ ပင်[illegible]
ရွာကြီးတစ်ရွာ ဖြစ်သည်။

အနီးပတ်ဝန်းကျင်တွင် တိုင်းရင်းသားပေါင်းစုံဖြစ်သော[illegible]
ရှမ်း၊ ပအိုဝ်း၊ နေ၊ တောင်သူ၊ လီဆူး ကချင် စသော လူမျိုးပေါင်း[illegible]
နေထိုင်သော ရွာများရှိကြသည်။ နောက်ရက်များတွင် အနီးပ[illegible]
ဝန်းကျင်ကျေးရွာများသို့ လှည့်လည်ပြီး ဆေးကုသရန် စီ[illegible]
ထားကြသည်။

ရွာလူကြီးကလည်း ကျေးရွာသားများအကူအညီနှ[illegible]
တဲတန်းကြီးတစ်ခုကို ဆောက်လုပ်စေသည်။ ရွာထဲမှ မကျန်း[illegible]
သော လူနာများသာမက အနီးပတ်ဝန်းကျင်ရှိ ရွာများအထိသတင်[illegible]
ပျံ့နှံ့သွားပြီးလာရောက်ကုသကြရာ ဒေါက်တာသူရိန်တို့အဖွဲ့[illegible]
လည်း လက်မလည်အောင်ကုသပေးနေကြရသည် ထက်မြ[illegible]
သောဆေးဝါးများနှင့်စေတနာပြည့်ဝစွာ ကုသဆောင်ရွက်ပေ[illegible]





[illegible]ကြောင့်ပျောက်ကင်းချမ်းသာသွားကြပြီး ဒေါက်တာသူရိန်အား
အထူးပင်ကျေးဇူးတင် ချစ်ခင်ကြည်ညိုသွားကြသည်။ စားစရာ
သီးနှံမျိုးစုံကို လာရောက်ပေးကြပြီး ကျေးဇူးဆပ်ကြသည်။

တစ်ပတ်ခန့်ကြာသောအခါ လူနာများလည်း အတန်
အသင့်ပါးသွားသောကြောင့် ဒေါက်တာသူရိန် အားလပ်ခွင့်ရသွား
သည်။

ဆေးခန်းအား အိုက်စံနှင့်မှာကြားထားခဲ့ပြီး မြင်းတစ်ကောင်
နှင့် ရွာပတ်ဝန်းကျင်သို့ လေ့လာရန်ထွက်လာခဲ့သည်။ ရွာထဲသို့
[illegible]သော လမ်းအတိုင်းရွာအပြင်ဖက်သို့ထွက်လိုက်ပြီး အနောက်
[illegible]တောင်ကုန်းလေးများဆီသို့ မြင်းစီးပြီး ထွက်လာခဲ့သည်။
[illegible] မနီးမဝေးသောတောင်ကုန်းလေးများပေါ်တွင် ထူးခြားသော
[illegible]ဆောက်အအုံတစ်ခုကိုမြင်တွေ့လိုက်ရသောကြောင့် စိတ်ဝင်စား
[illegible]သည်။

အနီးသို့ရောက်အောင်မြင်းစီးလာခဲ့သည်။ ခန့်ညားထည်
[illegible] တည်ဆောက်ထားသည့် ကျောက်သား ဖြူဖြူ ရဲတိုက်
[illegible]တစ်ခုဖြစ်နေသည်ကို တွေ့မြင်လိုက်ရသည်။ ကြီးမားခန့်ထည်
[illegible] ဆင်ဝင်တိုင်ကြီးများ မုခ်ဦးတံခါးပေါက်များ ကျောက်ဆစ်



www.burmeseclassic.com

www.burmeseclassic.com



ယန်းတမော့ လက်ရာများ အမိုးခုံးများ လေသာပြူတင်းနှင့် ပေါင်းမိုး စကြံများက လှပဆန်းကြယ်လှသည်။ ပြာလွင်လွင်တောင်တန်းများ နောက်ခံထားလျက် မြင့်မားထည်ဝါခန့်ငြားသော ကျောက်သား ဖြူဖြူရဲတိုက်ကြီးမှာ နေဝင်ချိန်ဆည်းဆာ အလှနှင့် ပဏာရလျက် ရှိသည်။

လူသူအရိပ်အယောင်မရှိသောကြောင့် တိတ်ဆိတ်ငြိမ် သက်လျက်ရှိသည်။ အထီးကျန်ဆန်လွန်းသည်။ ကျောက်သားဖြူ ဖြူရဲတိုက်ကြီးက နန်းတော်ကြီးတစ်ခုကဲ့သို့ ထည်ဝါခံ့ငြားလျက် မြင်တွေ့ရသောကြောင့် ဒေါက်တာသူရိန်ဝင်ကြည့်လိုစိတ်ပေါက် လာသည်။

သို့သော် တိုင်းရင်းသားလူမျိုးစုများက မိရိုးဖလာ ယဉ် ကျေးမှုထုံးစံဓလေ့အစဉ်အလာများကို အထွတ်အမြတ်ထားတတ် ကြသည်။

ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခြင်းကိုလည်း နှစ်သက်ခြင်း မရှိကြပေ။ တိုင်းရင်းသားတို့၏ ဓလေ့ထုံးစံများကို နယ်ပေါင်း လှည့်လည်ဆေးကုနေသောကြောင့် သိရှိနေသည်။ ဒေါက်တာ သူရိန်သည်မြင်းကိုဒုန်းစိုင်း စီးပြီးရွာလူကြီးအိမ်သို့ အမြန်ပြန်လာ





သည်။ ထင်ထားသည့်အတိုင်းပင် ရွာသူရွာသားများ စုစုရုံးရုံးရောက် ရှိနေကြသည်။

ရွာလူကြီးမှ ရှမ်းဘာသာပြောကြားလျက်ရှိသည်။ တပည့် ကျော်အိုက်စံအနီးသို့ ရောက်လာသည်။

'ရွာသားတွေစုစုရုံးရုံးနဲ့ သူကြီးက ဘာတွေပြောနေတာလဲ အိုက်စံ …'

'နယ်စားလေး ရောက်လာတော့မယ့် အကြောင်း ပြောနေတာပါ ဆေးဆရာလုံ …'

' ဘယ်ကနယ်စားလေးလဲ … '

'နမ့်ဆမ်နယ်စားလေးပါ …'

ရွာသူရွာသားများပြန်သွားကြပြီးနောက် သူကြီးအနီးသို့ ဒေါက်တာသူရိန်လျှောက်သွားသည်။

'ဘာကိစ္စတွေအရေးပေါ်ဖြစ်လာလို့လဲ … သူကြီး…'

'ဒီနယ်ကိုအုပ်ချုပ်တဲ့ နမ့်ဆမ်နယ်စားလေး ရောက်လာ တော့မှာပါ၊ ဒီနယ်က နယ်စားလေး အုပ်ချုပ်တဲ့ နယ်မြေဖြစ်တယ် နှစ်စဉ်နှစ်တိုင်း နွေရာသီမှာ နယ်စားလေး ရောက်လာတတ်ပါ တယ်၊ ရောက်လာလို့ရှိရင် နယ်ခံလူကြီးတွေနဲ့ အခွန်တော် ငွေပေါ်စွ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပျက်ခဲ့တဲ့ အမှုအခင်း တွေနဲ့ ပတ်သက်ပြီး တိုင်ပင်ညှိနှိုင်းကြပါတယ်'

'နယ်စားလေးက အသက်ငယ်သလောက်အမြော်အမြင်ကြီးပါတယ်၊ အုပ်ချုပ်တဲ့နေရာမှာလည်း တခြားနယ်စားတွေနဲ့ မတူဘူး သမာသမတ်ရှိတယ် နယ်သူနယ်သားတွေ အပေါ်သနားကြင်နာထောက်ထားတယ်၊ အားလုံးကလည်း ကြည်ညိုကြတယ်၊ သူအုပ်ချုပ်တဲ့နယ်မြေ တိုးတက်ရေးအတွက် အမြဲလိုလားတယ်၊ အခု ဆေးဆလုံရောက်နေတာကို သိသွားရင် နယ်စားလေးလည်း အရမ်းဝမ်းသာသွားပါတယ်လို့မယ် ...'

ရွာလူကြီးက နယ်စားလေးအကြောင်းကို ရှင်းပြသည်။

'သူက ရောက်လာရင် ဘယ်မှာတည်းတာလဲ သူကြီး...'

'ကျောက်ဖြူရဲတိုက်ကြီးဟာ နယ်စားလေးရဲ့ ဟော်နန်းပဲ...'

'အော် ... ကျွန်တော်စောစောက တွေ့မြင်ခဲ့တဲ့ တောင်ကုန်းလေးပေါ်က ကျောက်ဖြူရဲတိုက်ကြီးကို၊ ဒါထက်နယ်စားလေးက မိုးနဲ့စော်ဘွားကြီးနဲ့ ဘယ်လိုတော်စပ်ပါသလဲ ...'

'မြေးတော်တယ် ဆေးဆရာလုံ၊ နယ်စားလေးရဲ့ မိဘများ





တော့ မရှိကြတော့ပါဘူး၊ ငယ်စဉ်ထဲက ဆုံးပါးသွားကြပါတယ် မိုးနဲ့စော်ဘွားကြီးမှာ မြေးတော်စော်ဘွားငယ်တွေ အများကြီးရှိပေမယ့် နယ်စားလေးကို ချစ်မြတ်နိုးဆုံးပဲ ...'

'သူကြီးတို့ နယ်စားလေးက ဘယ်အရွယ်လောက်ရှိပြီလဲ'

'ဆေးဆရာလုံတို့ အရွယ်လောက်ပါဘဲ (၃၀) ကျော်လောက်ပဲရှိလိမ့်မယ်'

'ကြင်ရာတော်တွေရော ရှိလား...'

'မရှိသေးပါဘူး လူပျိုပါပဲ ...'

ဒေါက်တာသူရိန်သည် သူသိလိုသမျှ နယ်စားလေးအကြောင်းကို မေးမြန်းကြည့်သည်။ နယ်စားလေးဆိုသူကိုလည်း စိတ်ဝင်စားသွားမိသည်။ သူ၏ဆေးတန်းလျားရှိရာသို့ ပြန်လာခဲ့သည်။ ထိုညအဖို့ ထည်ဝါခန့်ငြားသော ကျောက်ဖြူ ရဲတိုက်ကြီးပိုင်ရှင် နယ်စားလေးအကြောင်းကို စဉ်းစားရင်း အိပ်ပျော်ခဲ့လေတော့သည်။

* * *



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အဖိုးကြီးနှင့်တကွ ရွာသူရွာသားမှာ ဝတ်ကောင်းစားလှများကို ဝတ်ဆင်ထားကြပြီး ပျော်ရွှင်တက်ကြွနေကြသည်။ သူတို့အားလုံးမျက်နှာပေါ်တွင်တစ်စုံတစ်ရာကို မျှော်လင့်စောင့်စားရင်း ဝမ်းမြောက်စွာရှိနေကြသည်။ ရွာအပြင်ဖက်ဆီမှ ကျွဲချိုမှုတ်သံများကို ကြားနေရသည်။ ရှမ်းတောင်တန်းများအနေနှင့် တောင်ယာလုပ်ကိုင်ကြရင်း တစ်တောနှင့်တစ်တော အချက်ပေးအသံပြု မှုတ်လိုက်ကြခြင်းဖြစ်သည်။

'ဟော … ကျွဲချိုမှုတ်သံတွေကြားနေရပြီ ဆေးဆရာလုံ နယ်စားလေးမကြာခင် ရောက်လာတော့မယ် … ဒါဟာ နယ်စားလေးရောက်လာပြီလို့ အချက်ပေးလိုက်ကြတာပါ …'

'သူကြီးတို့ရွာသားတွေက နယ်စားလေးအပေါ် တော်တော်လေး ချစ်ခင်ကြည်ညိုကြတာဘဲ … '

'ဟုတ်တယ် ဆေးဆရာလုံ ဒီနယ်တစ်နယ်လုံးက ချစ်ခင်ကြည်ညိုကြပါတယ် … နယ်စားလေးက တခြားစော်ဘွားတွေနဲ့ လုံးဝမတူဘူး စော်ဘွားတွေအုပ်ချုပ်တဲ့ ကျုပ်တို့နယ်မြေနေရာမှာက တချို့ နယ်ရှင် ပယ်ရှင် ပဒေသရာဇ်စော်ဘွားတွေဆိုရင် နယ်သူနယ်သားတွေဆီက အခွန်အကောက်တွေကို နည်းအမျိုးမျိုး





နဲ့ တောင်းခံကြတယ်၊ ဘုရားပွဲအမည်ခံပြီးလောင်းကစားဝိုင်းတွေ အိန်းခန်းတွေကို တရားဝင်ဖွင့်ပေးထားကြတယ် …'

'အဲဒီကရတဲ့ အခွန်အကောက်တွေနဲ့ စည်းစိမ်ယစ်မူးပြီး သူတို့ ပဒေသရာဇ်မိသားစုတွေရဲ့ ချမ်းသာကောင်းစားရေးကိုပဲ အိုတီးယူကြတယ်.. ဒါကလည်း ဆင်းရဲသားတောင်သူတွေရဲ့ သွေးတွေ ချွေးတွေ လုပ်ကိုင်ရှာဖွေထားတဲ့ ငွေကြေးကို ဂုတ်သွေးစုပ်အမြိုင်ကျင့်ကြတာပဲလေ … နယ်စားလေးက အဲဒီလိုမဟုတ်ပါဘူး၊ နယ်သူနယ်သားတွေရဲ့ အကျိုးစီးပွားအတွက် ဆောင်ရွက်ပေးတယ်…

'သူ့ကိုယ်ရေးကိုယ်တာအတွက် ဘာမှ အသုံးမချဘူး၊ ဒါကြောင့်မို့လို့လဲ နယ်စားလေးအပေါ်မှာ စေတနာ မေတ္တာထားပြီး ကြည်ညိုလေးစားကြတာပေါ့ …'

'ကျောက်ဖြူရဲတိုက်ကြီးပိုင်ရှင်နယ်စားလေးကတော့ ဘိုးတော်ဘွားတော်တွေကလည်း ချစ်မြတ်နိုးကြတယ် နယ်သူနယ်သားတွေကပါ လေးစားကြည်ညိုကြတော့ အင်မတန် ကုသိုလ်ထူးတဲ့လူတစ်ယောက်ပါပဲ၊ ဒါကြောင့်မို့လို့လည်း စိတ်အေးချမ်းသာစွာနဲ့ နေထိုင်ရလိမ့်မယ်ထင်တယ် …'



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာသူရိန်၏ ပြောစကားကို ကြားလိုက်ရပြီးနောက် ရွာလူကြီးကခေါင်းကို ခါယမ်းလိုက်သည်။

'ဘာပြုလို့လဲသူကြီး ...'

'ဆေးဆရာလုံ့ပြောသလိုတော့ မဟုတ်ဘူး ဘဝအကျိုးပေးကောင်းပြီး သူ့ဘဝက အဘက်ဘက်ကပြည့်စုံပေမယ့် စိတ်ချမ်းသာမှု မရှိခဲ့ပါဘူး ...'

'ဘာပြုလို့လဲ သူကြီး ...'

'ဘာကြောင့်လဲဆိုတော့ ကျုပ်တို့လည်း အတိအကျမသိပါဘူး၊ စိတ်မချမ်းသာတာကတော့ အမှန်ပါပဲ၊ နယ်စားလေးက ပြုံးတယ်ရယ်တယ်လို့သိပ်မရှိလှဘူး၊ ငယ်ငယ်လေးထဲက ဒီလိုပဲဖြစ်နေတာ ဘိုးတော်စော်ဘွားကြီးက မြေးဖြစ်သူကို ချစ်လွန်းတော့ သမားတော်ကြီးတွေနဲ့ပြသကုသခဲ့ဖူးတယ် နယ်စားလေးဖြစ်နေတဲ့ စိတ်ရောဂါမပျောက်ပါဘူး ...'

'ဘယ်လိုစိတ်ရောဂါတွေခံစားနေရလို့လဲ ...'

စိတ်ရောဂါဝေဒနာဖြစ်နေတယ်ဆိုသောကြောင့် စိတ်ရောဂါဝေဒနာကိုကျွမ်းကျင်စွာကုသနိုင်သော ဒေါက်တာသူရိန်အဖို့ လွန်စွာမှ စိတ်ဝင်စားသွားသည်။





'ဒါကလည်း တိတိကျကျပြောရခက်တယ်၊ ဘယ်လိုဝေဒနာတွေ ခံစားနေရတယ်ဆိုတာ ဘယ်လိုပြောရမှန်းတောင်မသိတော့ဘူး၊ ဟော ပြောရင်းဆိုရင်း နယ်စားလေးရွာထဲဝင်လာပြီ'

ကျွဲချိုတံ ပိုးမှုတ်သံများက ပိုမိုကျယ်လောင်စွာ ကြားလိုက်ရသည်။ တစ်ထောင်းထောင်းထနေသော ဖုံလုံးများကြားတွင် အပြေးနှင်လာသော ရှေ့ဆုံးမှ မြင်းသုံးစီးကို အရင်ဆုံးမြင်တွေ့လိုက်ရသည်။

ရွာလူကြီးက ကြိုဆိုရန် အိမ်ရှေ့သို့ထွက်လိုက်သဖြင့် နယ်စားလေးအား မြင်တွေ့လိုသော ဒေါက်တာသူရိန်ကိုယ်တိုင် အပြင်ဘက်သို့ထွက်ပြီး ကြည့်လိုက်သည်။

ရှေ့ပြေး မြင်းစီးသမားသုံးဦးအနောက်တွင် မြင်းဖြူလေးဆောင်ကသော အမိုးဖွင့် ဒေါက်ကပ်ရထားတစ်စီးသည် ရွာလယ်လမ်းမအတိုင်း ကြော့ကြော့မော့မော့ ဝင်ရောက်လာသည်။ ကကြိုးတန်ဆာအစုံအလင် ဆင်ယင်ထားသော လည်ဆံမွေးတဖွားဖွားမြင်းဖြူကြီးများနောက်တွင် ဒေါက်ကပ်ရထားမှာလည်း အဆန်းတကြယ် ခြယ်လှယ်ထုလုပ်ထားသော ပန်းပုလက်ရာများနှင့်

www.burmeseclassic.com



လှပနေ့ထည် လွှန်းလှသည်။ ဒေါက်ကပ်ရထားအိမ်ထဲတွင် ရှမ်းဝတ်စုံကို ဝတ်ဆင်ထားသော နယ်စားလေးသည် ကတ္တီပါ ဝတ်ရုံကြီးကို လွှမ်းခြုံပြီး မတ်တက်ရပ်လျက် လိုက်ပါလာသည်။

ဝတ်ကောင်းစားလှများ ဝတ်ဆင်ထားသည့် ရွာသူရွာသားများမှာလည်း လမ်းဘေးဝဲယာတွင် စီတန်းမတ်တက်ရပ်ကြပြီး သောင်းသောင်းဖျဖျသြဘာပေး၍ ကြိုဆိုကြသည်။ နယ်သူနယ်သား များ၏ ကြည်ညိုလေးစားခြင်းကို ခံနေသောနယ်စားလေးသည် လက်များကို ဝှေ့ရမ်းပြရင်း တုန့်ပြန်နှုတ်ဆက်လျက်ရှိကြသည်။

နံ့သာရောင် ရှမ်းခေါင်းပေါင်းတစ်လူလူနှင့် နယ်စားလေးမျက်နှာမှာ နှုတ်ခမ်းမွှေးရေးရေးနှင့် ချောမောခန့်ငြားပြီး ကျက်သရေရှိလှသည်။

နယ်စားလေးလိုက်ပါလာသော ဒေါက်ကပ်ရထားသည် တရွေ့ရွေ့ဖြတ်ကျော်သွားပြီး ကျွဲချိုမှုတ်သံများ တကူကူမှုတ်လျက်နောက်လိုက်အခြံအရံ မြင်းစီးရဲမက်များနှင့်အတူ ရွာနောက်ဖက်ရှိ ကျောက်ဖြူအိမ်တော်ကြီးသို့ ထွက်ခွာသွားကြသည်။

နံနက်ခင်း နေရောင်အောက်တွင် မြင်းဖြူလေး လေး





ကောင်ကသော ဒေါက်ကပ်ရထားနှင့် နယ်စားလေးရောက်ရှိလာပုံမှာ အထူးအဆန်းသဖွယ်မြင်တွေ့လိုက်ရပြီးနောက် ဒေါက်တာသူရိန်သည် ဆေးကုပေးရာ တဲတန်းကြီးထဲသို့ ပြန်ဝင်လာခဲ့သည်။

ဆေးကုလက်စလူနာများကို ဆက်လက်ကြည့်ရှုကုသပေးနေစဉ်မှာပင် မြင်းခွာသံများ ကြားလိုက်ရပြီး ရဲမက်တစ်ဦး ရောက်ရှိလာသည်။

ရွာလူကြီးအား ရှမ်းဘာသာနှင့် စကားပြောသံများ ကြားလိုက်ရသည်။ ထို့နောက်တွင် ဒေါက်တာသူရိန်အား ပြောပြလိုက်သည်။

'ဝမ်းသာစရာဘဲ ဆေးဆရာလုံရေ၊ နယ်စားလေးက ဆေးဆရာလုံရဲ့သတင်းတွေကြားရပြီး ဒီနယ်မှာရောက်နေမှန်းသိသွားတယ် … ဆေးဆရာလုံကို တွေ့ချင်တဲ့အကြောင်း အမှာတော်ရှိလိုက်ပါတယ် … ဒီနေ့ညနေစာကို သူ့ဆီမှာ ထမင်းလာစားဖို့ ဖိတ်လိုက်တယ်၊ ကျောက်ဖြူရဲတိုက်ကြီးကို လိုက်ခဲ့ပါလို့ လာခေါ်တာပဲ'

ဒေါက်တာသူရိန်သည် ထိုကဲ့သို့ နယ်စားလေးက အရေးတယူခေါ်၍ တွေ့ဆုံမည်ကို ထင်မှတ်မထားပေ။ လာရောက်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်သော ရဲမက်နှင့်အတူ ကျောက်ဖြူရဲတိုက်ကြီးသို့ လိုက်ပါလာခဲ့သည်။

မြင်းစီးပြီးရွာအပြင်ထွက်စဉ် အနောက်ဖက် တောင်ကုန်းများဆီက ကျောက်ဖြူရဲတိုက်ကြီးကို တွေ့ရှိခဲ့ဖူးသည်။ ရဲတိုက်ကြီးအတွင်းသို့ ဝင်ရောက်လေ့လာလိုသော သူ့ဆန္ဒများလည်း ပြည့်ဝသွားပြီဖြစ်သည်။

ရဲတိုက်ကြီးအဝင်အဝတွင် ရဲမက်အစောင့်အကြပ်များကို တွေ့ရသည်။ သူ့အားလာရောက်ခေါ်ဆောင်သော ရဲမက်တစ်ဦးနှင့်အတူ ကျောက်ဖြူရဲတိုက်ကြီးအတွင်းသို့ဝင်လာခဲ့သည်။ နံ့သာရောင်ရှမ်းခေါင်းပေါင်းနှင့် ရှမ်းဝတ်စုံကို ဝတ်ဆင်ထားသော နယ်စားလေးကိုယ်တိုင် အပေါက်ဝမှ ဆီးကြိုနေလေသည်။

'တွေ့ရတာ ဝမ်းသာပါတယ် ဒေါက်တာ တစ်ခါတော့ ထပ်တွေ့ကြပြန်ပြီပေါ့၊ ဒေါက်တာ့ရည်မှန်းချက်အတိုင်း ဖြစ်မြောက်အောင်ကြိုးစားပေသကိုး၊ အင်မတန်မှ အရည်အချင်း ပြည့်စုံပြီး စိတ်ထားဖြူစင်တဲ့ သမားတော်တစ်ယောက်ပါပဲ'

နယ်စားလေးထံမှ ထိုသို့နှုတ်ဆက်စကားပြောနေသည်ကို ရုတ်တရက်မှင်တက်မိသလို ဖြစ်သွားရသည်။ အတန်ကြာအောင်





နယ်စားလေးအား စေ့စိုက်ကြည့်နေမိသည်။ စကားပြောသံ ဒီလိုမျက်နှာမျိုးကိုမြင်ဖူးသလိုလို ကြားဖူးသလိုလို တွေ့ဆုံဖူးခဲ့သလိုလို စိတ်ထဲတွင် မသေချာမရေရာ ဖြစ်နေမိသည်။ နယ်စားလေးက ဒေါက်တာသူရိန်အား ပြုံးပြလိုက်သည်။

'ဒေါက်တာက ကျွန်တော့်ကို မမှတ်မိတော့ဘူးထင်တယ်'

ပြုံးပြလိုက်သော နယ်စားလေး၏မျက်နှာပေါ်မှအရောင်တောက်ပသော မျက်လုံးများကို မြင်တွေ့လိုက်ရသည်။ နယ်စားလေး၏ မျက်လုံးများမှာ စူးရှထက်မြက်ပြီး တဖျတ်ဖျတ် အရောင်များတောက်ပနေသကဲ့သို့ ရှိသည်။ ဒေါက်တာသူရိန်သည် ဒီလိုမျက်နှာမျိုးကို တစ်နေရာရာတွင် မြင်တွေ့ခဲ့ဖူးသည်။ သေသေချာချာစဉ်းစားကြည့်လိုက်သည်။ ဦးနှောက်မှတ်ဉာဏ်တွင် ရေးတေးတေးဖြစ်နေရာမှ ဖျတ်ကနဲ သတိရမှတ်မိသွားသည်။

'ဪ .. ဟုတ်ပြီဟုတ်ပြီ အခုမှပဲ ကျွန်တော်မှတ်မိတော့တယ်၊ ကျွန်တော် ကလကတ္တားက ပြန်ရောက်ခါစ ဘရုတ်အင်းလမ်းမှာ ဆေးခန်းဖွင့်နေတုန်း နှင်းတွေသဲတဲ့ညမှာ နယ်စားလေးရောက်လာခဲ့တာသဲ ... အဲဒီတုန်းက နယ်စားလေးရဲ့ မျက်



www.burmeseclassic.com

www.burmeseclassic.com



လုံးတွေက တစ်ခါတွေ့ပူးထားရင် တစ်သက်လုံးမှတ်မိစေတဲ့ မျက်လုံးမျိုးပဲ ကျွန်တော်ပြန်ပြီးမှတ်မိပါတယ် နယ်စားလေး'

'ဟုတ်ပါတယ် အဲဒီညတုန်းက ကျွန်တော်ဒေါက်တာ့ ဆေးခန်းကို ရောက်လာခဲ့တယ် ...'

'နောက်တစ်နေ့နံနက် မှာ နယ်စားလေးပဲ ကျွန်တော့ ဆီကို ဆေးကုသခအဖြစ် ရွှေဒင်္ဂါးပြား (၃၆)ပြားကို ဝတ်လုံ တော်ရဆီက တဆင့်ပေးပို့ခဲ့တယ် မဟုတ်လား ကျေးဇူးတင်ပါ တယ် နယ်စားလေးရယ်၊ ကျွန်တော့်လုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့ နယ်စားလေးပဲ မတည်ပေးခဲ့တာပါ ...'

'ဒေါက်တာ့ရဲ့ အရည်အချင်းနဲ့ ဖွဲ့လုံ့လ ဝီရိယရယ် ဖြ စင်မှန်မြတ်တဲ့ ရည်ရွယ်ချက်တွေက ပိုပြီးအဓိက ကျပါတယ်၊ ကျွန်တော်ကလည်း ဒေါက်တာ့ကိုပြန်ပြီး ကျေးဇူးတင်ရ ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်နယ်သူနယ်သားတွေအတွက် အခ မဲ့ ဆေးကုသပေးတာ အင်မတန်ကျေးဇူးတင်ပါတယ်။ အခုလိုပြ တွေ့ရတာကိုလည်း ဝမ်းသာလို့မဆုံးပါဘူး၊ ဒေါက်တာလိုလူမျိုးနဲ့ မိတ်ဆွေဖြစ်ရတာ ဂုဏ်ယူစရာပါပဲ၊ ကဲ ညနေစာ ထမင်းလက် ဆုံစားရင်း အေးအေးဆေးဆေးစကားပြောကြတာပေါ့ ... ဒီည





တော့ ကျွန်တော့်ရဲ့ ကျောက်ဖြူရဲတိုက်ကြီးမှာ အိပ်လိုက်ပါ ဒေါက်တာ ...'

'ဟုတ်ကဲ့ပါ နယ်စားလေး ...'

ဒေါက်တာသူရိန်သည် သူစိတ်ဝင်စားသော ကျောက် ဖြူရဲတိုက်ပိုင်ရှင်နယ်စားလေး ပြောစကားအတိုင်း ထိုညကအိပ် တော်ရန် ကတိပေးလိုက်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အိပ်မက်ဆိုးများသားကောင်

နယ်စားလေး တည်ခင်းဧည့်ခံသော ညစာထမင်းဝိုင်းကလည်း စားကောင်းသောက်ဖွယ်ရာ ဟင်းလျာများနှင့် ဖွယ်ဖွယ်ရာ စုံလင်လှသည်။ နယ်စားလေးနှင့် ဒေါက်တာသူရိန်မှာ သက်တူရွယ်တူများပင်ဖြစ်ကြသည်။ အများအကျိုးအတွက် ကိုယ်ကျိုးစွန့်ကာ အနစ်နာခံလိုသည့် စိတ်ဓာတ်ချင်း တူညီခြင်း နှစ်ဦးစလုံးကလည်း စိတ်သဘောထား ဖြူစင်ရိုးသားကြသူများဖြစ်သောကြောင့် တစ်ဦးနှင့်တစ်ဦးရင်းနှီးခင်မင်သွားကြသည်။

ညစာထမင်းဝိုင်းတွင် အတန်ကြာအောင် ဆွေးနွေးစကားပြောဖြစ်ကြသည်။

'နယ်သူနယ်သားတွေကတော့ နယ်စားလေးရဲ့အပေါ်မှာ အင်မတန်ချစ်ခင်ကြည်ညိုလေးစားကြတာပဲ၊ နယ်စားလေးရောက်





ပြီဆိုလို့ ကြိုဆိုကြတာကလည်း လှိုက်လှိုက်လှဲလှဲဝမ်းပမ်းသာနဲ့ ကြိုဆိုကြတယ် ... နယ်စားပယ်စား အာဏာရှင်ဖြစ်လို့ကြောက်ရှိသေကြတာမျိုးမဟုတ်ဘူး၊ တကယ်ကို ရင်ထဲအသည်းထဲက စေတနာမေတ္တာနဲ့ ချစ်ခင်လေးစား ကြည်ညိုကြတာ မြင်တွေ့ရတယ်'

'မှန်ပါတယ် ဒေါက်တာ၊ ကျွန်တော်ကလည်း နယ်သူယ်သားတွေအပေါ်မှာ တတ်နိုင်သလောက် ဖြည့်စွမ်းကူညီဆောင်ရွက်ပေးသွားဖို့ ဆုံးဖြတ်ထားပါတယ်၊ သွေးရင်းသားရင်းမခြား စေတနာမေတ္တာ အပြည့်ထားပါတယ်၊ နယ်သူနယ်သားတွေတင်မကပါဘူး ကျွန်တော်က ဖြစ်နိုင်ရင် လူသားတွေအတွက် ကောင်းကျိုးတွေကိုသယ်ပိုးထမ်းဆောင်ပေးချင်တဲ့ သူဖြစ်ချင်ပါတယ် ...'

'နယ်စားလေးစိတ်ဓါတ်က မွန်မြတ်ပါတယ်၊ ဒီလို စိတ်တနာမျိုးဆိုတာကလည်း လူတိုင်းထားလို့ဘယ်ရပ့ါမလဲ ..'

ဒေါက်တာသူရိန်က လှိုက်လှိုက်လှဲလှဲစကားပြောနေသည်ကို နယ်စားလေးကလည်း ပြုံး၍ နားထောင်လျက်ရှိသည်။

'ဒေါက်တာ့ကို အခုလိုတွေ့တုန်းတောင်းပန်ရဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဘာများပါလိမ့် ...'

'ဒီလိုပါ ... ကျွန်တော် နယ်စားလေးလို့ခေါ်တဲ့ကိစ္စက အမှန်တော့ ကျွန်တော့်ရဲ့ ကိုယ်ပိုင်အရည်အချင်းတွေနဲ့ ရထားတဲ့ဂုဏ်ထူး ဒီလောက်ကြီးကျယ်မြင့်မားတဲ့ အနေအထား မျိုးမဟုတ်ပါဘူး၊ ဓော်ဘွားမျိုးရိုးဖြစ်တော့ အစဉ်အလာအရ မိဘ ဘိုးဘွားအမွေအနှစ်ကို ဆက်ခံခဲ့ရတာပါပဲ၊ ဒီအတွက် ဂုဏ်တက်စရာ ဂုဏ်ယူစရာ ဘာမှမရှိပါဘူး၊ ကျွန်တော့်ပင်ကိုစိတ်ရင်းက သာမန်တောင်သူတွေလို လူတစ်ယောက်ပဲဖြစ်ချင်ပါတယ်..'

'အင်း ... နယ်စားလေးထားတဲ့ စိတ်ဓါတ်က တစ်မျိုးပဲ မှန်လဲမှန်မြတ်ပါတယ်၊ အဲဒီလိုစိတ်စေတနာမျိုးဆိုတာကလည်း လူတိုင်းထားလို့ဘယ်ရပါ့မလဲ ...'

ဒေါက်တာသူရိန်က နယ်စားလေးကို သေသေချာချာ ကြည့်ပြီး လှိုက်လှိုက်လှဲလှဲ စကားပြောဆိုလျက်ရှိသည်။

နယ်စားလေးကလည်း တည်ငြိမ်အေးဆေးစွာနားထောင်နေလေသည်။

'ဒေါက်တာ့ကို ထပ်ပြီးတောင်းပန်ပါရစေ ...'

'ကျွန်တော့် အပေါ် နယ်စားလေး တောင်းပန်စကားပြော





ဘာနှစ်ခါရှိပြီ နယ်စားလေးနဲ့ ကျွန်တော့်ရဲ့ဆက်ဆံရေးမှာ ဘာထူးထူးခြားခြား တောင်းပန်ဖို့မလိုအပ်ပါဘူးဗျာ ...'

'မဟုတ်သေးဘူးဒေါက်တာ အခုဟာက ကျွန်တော့်ကို ယ်စားလေးလို့ခေါ်တဲ့ကိစ္စမျိုးပါ စောစောကပြောခဲ့သလို အမှန်ဆ ? ကျွန်တော့်ရဲ့ ကိုယ်ပိုင်အရည်အချင်းနဲ့ ရလာတာမဟုတ်ပါဘူး ဓော်ဘွားမျိုးရိုးဖြစ်တော့ အစဉ်အလာအရ မိဘ ဘိုးဘွားအမွေအနှစ်ကို ဆက်လက်ထိန်းသိမ်းဆက်ခံခဲ့ရတာပါ..ဒီအတွက် ဂုဏ်တက်စရာ ဂုဏ်ယူစရာဘာမှမရှိပါဘူး ကျွန်တော့် စိတ်ရင်းသာမာန်လူတစ်ယောက်ပဲ ဖြစ်ချင်ပါတယ်.. ရိုးရိုးသာမန်လူတစ်ယောက်လိုဘဲ ဆက်ဆံစေလိုပါတယ် ကျွန်တော့်နာမည်က ညမိုးပါ ရင်းရင်းနှီးနှီး ညမိုးလို့ပဲ ခေါ်စေချင်ပါတယ်'

'နယ်စားလေးကို ကိုညမိုးလို့ ခေါ်ပြောဆက်ဆံရမယ်ပေါ့ ...'

'ဟုတ်ပါတယ် ...'

'ကျွန်တော်က မလေးမစားနဲ့ ကိုညမိုးလို့ ပြောဆိုဆက်ဆံရင် နယ်သူနယ်သားတွေကြားမှာ လေးစားကြည်ညိုမှုတွေ ပေါ့သွားမှာပေါ့၊ နယ်စားလေးအပေါ် နယ်သူနယ်သားတွေက အလေး



www.burmeseclassic.com

www.burmeseclassic.com



အမြတ်ထား ရှိရှိသေသေ ဆက်ဆံနေကြတာ မဟုတ်လာ
ကျွန်တော့်အနေနဲ့ နာမည်အရင်းကို ခေါ်လို့သင့်တော်မယ်မထ
ဘူး ..'

'ကိစ္စမရှိပါဘူး ဒေါက်တာ၊ ဒါကလည်း ဒေါက်တာ
ကျွန်တော်ရဲ့ အမိန့်အာဏာနဲ့ အုပ်ချုပ်ခံ နယ်သူနယ်သ
တစ်ယောက် မှမဟုတ်ဘဲ ခင်မင်ရင်းနှီးတဲ့မိတ်ဆွေတွေ မဟု
လား၊ အခုပဲ တရင်းတနှီး မိတ်ဆွေကောင်းတွေ ဖြစ်နေကြ
မဟုတ်လား နယ်စားတွေ ဘာတွေ လုပ်မနေပါနဲ့ဗျာ၊ နာမည်
ခေါ်ပါ'

'ဒီလိုဆိုတော့လည်း နယ်စားလေး အင်း ... အင်း
ညမိုး၊ ဒါ့ထက်မေးပါရစေဦး နယ်စားလေးနာမည်က ညမိုး
တော့ ရှမ်းနာမည်လည်းမဟုတ်ပါလား၊ ရှမ်းစော်ဘွားမျိုးနွ
တွေမှည့်လေ့မှည့်ထရှိတဲ့ နာမည်မျိုးလည်းမဟုတ်ဘူး၊ ကျွန်
တို့လို မြန်မာဆန်နေသလားလို့ ...'

'မှန်ပါတယ် ဒေါက်တာ ကျွန်တော့်နာမည်က မြ
နာမည်ပါ၊ ကျွန်တော့်အမေကိုယ်တိုင်ပေးခဲ့တဲ့ နာမည်လို့ပြောတ
ကျွန်တော့်အမေက ကျွန်တော့်ကို မွေးပြီးပြီးချင်း ကွယ်လွန်သွ





တယ်၊ အဖေကလည်း အတူတူကွယ်လွန်သွားကြတယ်လို့ အဖိုးက
ပြန်ပြောပြတယ်၊ အမေမကွယ်လွန်ခင်က ပေးခဲ့တဲ့ နာမည်ဆိုတော့
ကျွန်တော့်ဘဝအတွက် ဒီနာမည်က မိဘနှစ်ပါး အထိမ်းအမှတ်
အမွေအနှစ်တစ်ခုပါဘဲ ဒေါက်တာ ...'

'ကျွန်တော်တို့ ရှမ်းလူမျိုးတွေမှာက (စပ်)ဆိုတာ စော်
ဘွားမျိုးဘဲ ယောက်ျားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ် ရှေ့က(စပ်) ပါရင်
စော်ဘွားမျိုး (ခွန်)ဆိုတာက သူကြီးမျိုးရိုး အရပ်သားယောက်ျား
လေးတွေကျတော့ (စိုင်း) လို့သုံးတယ် မြန်မာလို (မောင်)လိုပေါ့
မိန်းကလေးတွေကြတော့ (နန်း)လို့သုံးတယ် ဒါပေမယ့် သူကြီးမျိုး
ကနေ စော်ဘွားဖြစ်တဲ့သူကတော့ (စပ်ခွန်)လို့ တွဲသုံးကြရ
တယ်'

ထိုသို့ပြောဆိုလိုက်သည်တွင် နယ်စားလေးမှာ ထူးဆန်း
စွာပြုံးလိုက်သည်။ ကိုညမိုးခေါ် နယ်စားလေးစပ်ညမိုးအပြုံးမှာ
သည်း နားလည်ရခက်ခဲသော လျှို့ဝှက်နက်နဲသည့် အပြုံးမျိုးဖြစ်
သည်။

ဒေါက်တာသူရိန်အနေနှင့် တရင်းတနှီး အနီးကပ် တွေ့ခဲ့
ရသလို ထူးခြားဆန်းကြယ်၍ နက်နဲလျှို့ဝှက်စွာ စိတ်ဝင်စားအံ့သြ



www.burmeseclassic.com

www.burmeseclassic.com



ဖွယ်ကောင်းသော နယ်စားလေးအား စိတ်ဝင်စားလျက်ရှိသည်။

ဆရာလှကြီးပြောပြချက်အရ နယ်စားလေးသည် အစစအရာရာ ပြည့်စုံသော်လည်း စိတ်မချမ်းမြေ့သူတစ်ယောက်ဟုသိရသည်။

သူ့ဘဝတွင် စိတ်မချမ်းမြေ့ဖွယ်ကောင်းသည့် အဖြစ်အပျက်များ ရှိခဲ့လိမ့်မည်။ နယ်စားလေး စပ်ညမိုး၏ အသွင်အပြင် စရိုက်လက္ခဏာများကို စိတ်ပညာနားလည်ထားသည့် စိတ်ရောဂါကု ဆရာဝန်တစ်ယောက်အနေနှင့် လေ့လာ အကဲခတ် ကြည့်သည်။

နယ်စားလေး၏ မျက်လုံးများက ထူးခြားတာတော့ အမှန်ဖြစ်သည်။ အတွင်းစိတ်သဏ္ဍာန်များကို ဖော်ပြလျက်ရှိသည်။ နယ်သူနယ်သားများအမြင်၌ရဲရင့်တည်ကြည်ထက်မြက်လေးနက်သော လူတစ်ယောက်အဖြစ် မြင်တွေ့ရသလို သူမြင်မိသည်။ ဒေါက်တာသူရိန်၏ စိတ်အထင်၌ နယ်စားလေးသည် တစ်ခါတရံ ဆောက်တည်ရာမရအောင် တုန်လှုပ်ချောက်ချား အားငယ်လျက် ရှိနေပေသည်။

အပြင်းအထန် ဒဏ်ရာရထားသော သားရဲတစ်ကောင်၏





ထိခိုက်နာကျင်စွာ ခံစားနေရပုံမျိုးဖြစ်ပြီး ဝမ်းနည်း ကြေကွဲဆွေးမြေ့သည့် အရိပ်အယောင်များ ပေါ်ထွက်လာသည်။ မည်သည့်ဝေဒနာမျိုးဖြစ်သည်ကိုတော့ ဆက်လက်စုံစမ်း လေ့လာရဦးမည်။ *ထုတ်ဖော်မပြလိုသော စိတ်မချမ်းမြေ့ဖွယ်ရာ အကြောင်းတစ်ခုခု* တစ်စုံတရာ ရှိမည်ဟု တွေးနေမိသည်။

ထိုညအဖို့ နယ်စားလေး တည်ခင်းဧည့်ခံကျွေးမွေးသော ညစာထမင်း စားသောက်ပြီးနောက် ကျောက်ဖြူရဲတိုက်ကြီး၏ ခမ်းနားထည်ဝါလှသော အဆောင်အသီးသီးကို လိုက်လံပြသည်။

ဆက်လက်ဆွေးနွေး ပြောစရာမရှိသောကြောင့် ဒေါက်တာသူရိန်သည် သူ့အတွက် သီးသန့် ပြင်ဆင်ပေးထားသော အိပ်ခန်းထဲတွင် လဲလျောင်းအနားယူအိပ်စက်လိုက်တော့သည်။

* * *

အချိန်မှာ ညသန်းခေါင်ကျော်ပြီဖြစ်သည်။

ဒေါက်တာသူရိန်သည် ညဦးပိုင်းကတည်းက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခဲ့ပြီးနောက် လန်းဆန်းကြည်လင်စွာ တရေးနိုးလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



လသာသောညဖြစ်သောကြောင့် အေးမြသောလရောင်များက အိပ်ခန်းအတွင်းသို့ ဖြာကျလျက်ရှိသည်။

ထိုညမှာ လပြည့်ညဖြစ်သောကြောင့် လရောင်ကသာလွန်းသည်။ ဒေါက်တာသူရိန်သည် ဝရံတာအပြင်ဘက်သို့ ထွက်ကြည့်လိုက်သည်။ ကျောက်သားဖြူဖြူနန်းတော်ကြီးမှာ ထိန်ထိန်သာသော လရောင်အောက်တွင် ထူးထူးခြားခြား လှပလျက်ရှိသည်။

လရောင်သည် လူတို့၏ စိတ်အား ယိုဖိတ်ညွတ်နူးစေသည့်အတိုင်း ဒေါက်တာသူရိန်သည်လည်း ဝရံတာပေါ်မှ ပြင်ပရှုခင်းများကို ငေးမောကြည့်ရှုရင်း လွမ်းမောရီဝေလျက်ရှိသည်။

ထိုအချိန်မှာပင် ထူးခြားသော အသံတစ်သံသည် သဲ့သဲ့မျှ ဝင်ရောက်လာသည်။ သူအိပ်ယာမှ မနိုးခင် အိပ်မက်မက်သကဲ့သို့ ဖြစ်နေသောအချိန်တွင်လည်း ထိုအသံမျိုးကို ခပ်သဲ့သဲ့ကြားလိုက် ရသလို ရှိနေကြောင်း ပြန်လည်အမှတ်ရမိလိုက်သည်။

အသံကြားရသောနေရာမှာ ကျောက်သားဖြူဖြူ ရဲတိုက်ကြီး၏ ဆင်ဝင်အောက် ကျောက်သားရင်ပြင်ထက်တွင် လင်းလျှောက် နေသောအသံဖြစ်သည်။ ခပ်သဲ့သဲ့ကြားနေရသော





အသံမှာ လျှောက်လာသော တရှပ်ရှပ်အသံဖြစ်သည်။ ဒေါက်တာသူရိန်သည် ဝရန်တာအပေါ်မှ နေ၍ အသံကြားရာဆီသို့ ငုံ့ကြည့်လိုက်သည်။

'အလို နယ်စားလေး ကိုညမိုးပါလား ...'

နယ်စားလေးသည် ညဝတ်အင်္ကျီအရှည်ကြီးတဖားဖားနှင့် ကျောက်သားရင်ပြင်အစွန်းဖက်ဆီသို့ လျှောက်သွားနေသည်ကို မြင်တွေ့လိုက်ရသည်။ နယ်စားလေးသည် ရင်ပြင်အစွန်းတွင် လရောင်ကို ငေးမောကြည့်လျက်ရှိသည်။ နယ်စားလေး၏ အပြုအမူများမှာလည်း တမူထူးခြားလျက်ရှိနေပေသည်။

ဒေါက်တာသူရိန်သည် နယ်စားလေးရှိရာ အောက်ထပ်သို့ ဆင်းသက်လာခဲ့သည်။ ရင်ပြင်စွန်းသို့ လျှောက်လာခဲ့သည်။ နယ်စားလေးသည် ဒေါက်တာသူရိန်လျှောက်လာသည်ကို မသိဘဲ ရပ်မြဲတိုင်းရပ်လျက် လရောင်ကို မလှုပ်မယှက်ငြိမ်သက်စွာ ကြည့်နေဆဲပင်ဖြစ်သည်။

'ကိုညမိုး ... '

ဒေါက်တာသူရိန်က အသံပြု၍ ခေါ်လိုက်ရာ နယ်စားလေးသည် ရုတ်တရက်လန့်ဖြန့်သွားသည် ဆတ်ခနဲ ငေးကြောင်



www.burmeseclassic.com

www.burmeseclassic.com



ရှိဝေနေသော မျက်လုံးများနဲ့ ကြည့်ရင်း အမှတ်မထင် အနောက်ဖက်သို့ ခြေတလှမ်းဆုတ်လိုက်သည်။ ဒေါက်တာသူရိန်အံ့ဩသွားသည်။

နယ်စားလေးကိုညမိုး၏ မျက်လုံးများမှာ ယခင်တွေ့မြင်နေကျ မျက်လုံးမျိုးမဟုတ်။ ယခင်ကဆိုလျှင် နက်မှောင်ရွှန်းလဲ့ပြီး တောက်ပြောင်စူးရှလှသည်။ တစ်ဘက်လူ၏ ရင်တွင်းအကြံအစည်ကို စူးရှဖောက်ထွင်းကာ သိမြင်နိုင်သော မျက်လုံးမျိုးဖြစ်သည်။

ယခု ထိုသို့မဟုတ် ရှိသမျှခွန်အား အစွမ်း သတ္တိများ ပျောက်ကွယ်လျက် အဓိပ္ပါယ်မဖော်ပြနိုင်သော မသေချာမရေရာမှုများနှင့် ရီဝေမှုန်မှိုင်းဖျော့တော့လျက်ရှိသည်။ နယ်စားလေး၏ အသွင်အပြင်မှာလည်း အိပ်မက်ထဲတွင် လမ်းလျှောက်နေသကဲ့သို့ လရောင်နှင့်အတူ လွင့်မျောနေပုံရသည်။

အစဉ်သဖြင့် တက်ကြွနေသော နယ်စားလေးမှာ ညှိုးငယ်သောအမူအရာနှင့် ပင်ပမ်းနွမ်းနယ်လျက်ရှိသည်။နယ်စားလေးသည် ဒေါက်တာသူရိန်အား အတန်ကြာအောင် စူးစိုက်ကြည့်နေရာမှ သတိပြန်ဝင်လာပြီး ခပ်လေးလေးသက်ပြင်းတစ်ချက်ချလိုက်သည်။





'ဟင်း … ဒေါက်တာပါလား အိပ်မပျော်ဘူးထင်တယ် ဒါမှမဟုတ် တရေးနိုးပြီးအိပ်ယာကထလာတာလား …'

သတိပြန်ဝင်သွားရာမှ နယ်စားလေးမျက်လုံးများသည် အရောင်ပြောင်းသွားပြန်သည် ဒေါက်တာသူရိန်က နယ်စားလေးနည်းတူ သက်ပြင်းတစ်ချက်ချလိုက်ပြီး …

'အိပ်ပျော်ပါတယ်ကိုညမိုး ညဦးပိုင်းကတည်းက နှစ်နှစ်ခြိုက်ခြိုက်ကြီးအိပ်ပျော်သွားရာကနေ ကိုညမိုးလမ်းလျှောက်တဲ့အသံကြားမှ တရေးနိုးလာတာပါ. …'

နယ်စားလေးမျက်နှာမှာ အားတုံ့ အားနာဖြစ်သွားသည်။

'ဆောရီးပဲ ဒေါက်တာ၊ ကျွန်တော့်ကြောင့် အိပ်ယာကနိုးလာတာကိုး ကျောက်သားရင်ပြင်ပေါ်မှာ တစ်ယောက်တည်းလျှောက်နေမိတော့ ဒါကိုသတိမထားမိလိုက်ဘူး …'

'မဟုတ်ပါဘူး ကိုညမိုးလမ်းလျှောက်တဲ့ အသံကြောင့်နိုးလာတာမဟုတ်ပါဘူး အနှောက်အယှက်လည်း မဖြစ်ပါဘူး ညဦးကတည်းက အိပ်ရေးဝဝ အိပ်ခဲ့ပါတယ်၊ ပြန်နိုးလာတော့ လရောင်ကလည်း အရမ်းသာနေတယ် ဝရံတာဖက်ထွက်ရင်း ကျောက်သားရင်ပြင်မှာ ကိုညမိုးလမ်းလျှောက်နေတာကို မြင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ဘာပါ ... ဖြစ်ခေါ်ချင်တော့မယ့်အတူတူ ကိုညမိုးနဲ့ လရောင် အောက်မှာစကားလေးဘာလေး ပြောရရင် ကောင်းမယ်ထင်ပြီး အပေါ်ထပ်ကဆင်းလာတာပါ ကျွန်တော်ရောက်လာတဲ့အတွက် ကိုညမိုးအနှောင့်အယှက်မဖြစ်ပါဘူးနော်'

'ဟာ… မဖြစ်ပါဘူး ဒေါက်တာ၊ ကျွန်တော်ကိုယ်တိုင် ကလည်း ဒီလိုအချိန်မှာ စကားပြောဖော်တစ်ယောက်ရှိရင် ကောင်း မယ်လို့စဉ်းစားနေတာပါ .. ဒေါက်တာရောက်လာတာနဲ့ အတော် ပဲ၊ ကျွန်တော်တို့ စကားနည်းနည်းပြောကြရအောင် ထိုင်ပါ ဒေါက်တာ …'

ကျောက်သားရင်ပြင် အစွန်းတွင်ရှိသော နှစ်ယောက်သား ဝင်ထိုင်လိုက်ကြသည်။ နယ်စားလေးသည် စကားမပြောသေးဘဲ အတော်ကြာအောင် သူ့အတွေးနှင့်သူ နစ်မျောနေပုံရသည်။ ဒေါက် တာသူရိန်ကလည်း နယ်စားလေးပြောပြမည့်စကားကို စိတ်ဝင် တစားစိတ်ရှည်စွာ စောင့်စားနေမိသည်။ အတန်ကြာမှ နယ်စား လေးက စတင်ပြောပြသည်။

'ကျွန်တော်လည်း ဒေါက်တာ့လိုပါပဲ ညဦးပိုင်းက အိပ်ပျော်သွားခဲ့ပြီး ညလယ်ရောက်မှ တရေးနိုးပြီးလမ်း ထလျှောက်





နေမိတာပါ ဆက်အိပ်လို့လဲ ပျော်မှာမဟုတ်တော့ဘူးလေ ဒီလို အချိန်မှာ ကျွန်တော့်အပေါ် နားလည်စာနာတတ်ပြီး အားပေး နှစ်သိမ့် ဖျောင်းဖျမယ့် လူတစ်ဦးယောက်လာရင်ကောင်း မယ်လို့ တွေးနေမိတယ် ဒေါက်တာရောက်လာတော့ ကျွန်တော့်စိတ်ဆန္ဒတွေ ပြည့်ဝသွားတယ် ကျေးဇူးတင်ပါတယ်ဒေါက်တာ …'

'ကိုညမိုးရင်ထဲမှာ ဘာစကားတွေပြောဖို့ရှိနေလဲ ပြော စရာရှိတာတွေ တရင်းတနှီးပြောပြစေချင်ပါတယ် … စိတ်ရော ဂါကု ဆရာဝန်တစ်ယောက်အနေနဲ့ ကိုညမိုးကို အကူအညီပေးနိုင် မယ်လို့ထင်ပါတယ် …'

'ကောင်းပါတယ်ဒေါက်တာ ကျွန်တော်လည်း ကျွန်တော့် ရဲ့ ထူးဆန်းတဲ့ စိတ်ခံစားမှုကို ဒေါက်တာကို ဖွင့်ပြောပြချင်ပါ တယ် (ဝေလ်ပါဝါ)စိတ်စွမ်းအင်တွေကို ကျွန်တော့်ထက် ဒေါက် တာကပိုပြီးသိကျွမ်းနားလည်ပါလိမ့်မယ် လူတွေမှာ အနာဂါတ် ကိုကြိုတင်သိမြင်နိုင်တဲ့ စိတ်စွမ်းအင်တွေရှိတယ်လို့ ထင်တယ် လူတစ်ယောက်က သူ့ဘဝအတွက် အနာဂါတ်မှာ ဘာတွေ ဖြစ်လာ မလဲ ဆိုတဲ့ ပုံရိပ်တွေကို တစ်စွန်းတစပဲဖြစ်ဖြစ် ကြို တင်သိမြင်လေ့ရှိပါတယ် … ခုလိုတိတ်ဆိတ်တဲ့ညမျိုး လရောင်



www.burmeseclassic.com

www.burmeseclassic.com



ကလည်း အေးချမ်းတိတ်ဆိတ်မှုတွေ ပေးနိုင်တဲ့အခါမျိုးမှာ စိတ်အင်အားတွေ ပိုမိုနိုးကြားလာပြီး (ဝေလ်ပါဝါ)တွေ အင်အားကောင်းနေတတ်ပါတယ် ... ငြိမ်သက်တိတ်ဆိတ်ခြင်းဟာ စိတ်အာရုံ သမာဓိတွေကို တည့်တဲ့ အောင် ထိမ်းချုပ်ပေးနိုင်တဲ့ စွမ်းအားတစ်မျိုးပဲမဟုတ်လား ဒေါက်တာ ...'

'ကိုညမိုးတွေးထင်ထားတာတော့ မှန်ပါတယ် ... ဆူညံတဲ့ဝန်းကျင်မှာ စိတ်အာရုံတွေ ပျံ့လွင့်ပြီး တိတ်ဆိတ်တဲ့အချိန်မှာ စိတ်အာရုံတွေကို စုစည်းထိမ်းချုပ်လို့ရပါတယ် ...'

'အင်း ... ကျွန်တော့်ဘဝမှာ ဒီလို လူခြေတိတ်ဆိတ်တဲ့ညမျိုးမှာ နိုးနေတတ်တယ် ... ကျွန်တော့်အနာဂါတ်ပုံရိပ်တွေကို ရေးတေးတေး ကြိုတင်မြင်တွေ့နေရတတ်ပါတယ်၊ နောက်တစ်ခါ ကျွန်တော်မသိနိုင်တဲ့ ထူးဆန်းတဲ့ စိတ်အာရုံ ခံစားမှုတွေကိုလည်း ထပ်တလဲလဲခြင်နေမိပါတယ် ... ဒေါက်တာပြန်ပြီးမှတ်မိပါလိမ့်မယ် လွန်ခဲ့တဲ့(၁၀)နှစ်ကျော်က နှင်းတွေ အရမ်းကျတဲ့ သန်းခေါင်ယံမှာ ဒေါက်တာ့ရဲ့ ဘရုပ်ကင်းလမ်းက ဆေးခန်းလေးကို ကျွန်တော်စရောက်ခဲ့တယ် အဲဒီအထဲမှာ တစ်ချိန်ချိန်ကျရင် ဒေါက်တာနဲ့ ပြန်တွေ့ရမယ်လို့ ကျွန်တော်ကြိုတွေးမိထားပါတယ် ...





ကျွန်တော်ကြိုတွေးမိထားတဲ့အတိုင်း ဒေါက်တာနဲ့ ပြန်တွေ့ရတယ်၊ အဲဒီတုန်းက ဒေါက်တာ့ကို ကျွန်တော်မေးကြည့်ဖူးတာ မှတ်မိလိမ့်မယ်ထင်ပါတယ် ...'

'မှတ်မိပါတယ် ကိုညမိုး ကျွန်တော်လည်း သေသေချာချာ ပြောခဲ့ပါတယ် ... ကိုညမိုးမှာ စိတ်ရောဂါမရှိပါဘူး'

'အဲဒီမေးခွန်းကိုပဲ ဒေါက်တာ့ကို ထပ်မေးရပါဦးမယ်၊ အခုလိုပြန်တွေ့ရတဲ့ အချိန်မျိုးမှာပဲ စိတ်ရောဂါရှိလား ဒေါက်တာ'

'ကျွန်တော်ကိုညမိုးကို လေ့လာအကဲခတ်ကြည့်နေပါတယ်၊ ဆေးပညာသဘောတရားအရ စိတ်နဲ့ပတ်သက်ပြီး ရူးသွပ်ဖောက်ပြန်တဲ့ ရောဂါလက္ခဏာမရှိပါဘူး၊ ဒါပေမယ့် ကိုညမိုး တစ်ခုတော့ မေးချင်ပါတယ် ... စိတ်မရှိပါနဲ့လို့ ကြိုတင်တောင်းပန်ထားပါရစေ ...

ကိုညမိုးဘဝဟာ အစစအရာရာ ပြည့်စုံနေပါလျက် စိတ်ချမ်းသာမှုတွေရှိနေမယ်လို့ ထင်ပါတယ် ...'

'မှန်တယ်ဒေါက်တာ၊ ဘယ်လိုမှ စိတ်ထဲမှာမထားပါဘူး၊ ကျွန်တော်စိတ်မချမ်းသာဘူး ဒေါက်တာပြောတာမှန်ပါတယ်၊ စိတ်ရောဂါမရှိပေမယ့် စိတ်သောကဝေဒနာတစ်ခုကို ခံစားနေရပါ



www.burmeseclassic.com

www.burmeseclassic.com



တယ် … ဒီဝေဒနာကို တစ်ဖက်လူနားလည်အောင် ပြောပြဖို့က အလွန့်ခက်ခဲပါတယ် …'

'ကိုညမိုးနဲ့ကျွန်တော်တို့ဟာ အင်မတန်ရင်းနှီးတဲ့ မိတ်ဆွေတွေပဲဗျာ၊ စိတ်သောက ဝေဒနာဆိုတာကို သိခွင့်ရရင် ကျွန်တော်သိချင်ပါတယ် …'

နယ်စားလေး၏ စကားပြောသံမှာ လွန်စွာမှ တိုးသက်ညင်သာစွာထွက်ပေါ်လာသည်။

'ညတွေမှာ ကျွန်တော်အိပ်မပျော်ဘူးဒေါက်တာ အိပ်ပျော်သွားရင် အိပ်မက်ဆိုးတွေမက်ပြီး လန့်နိုးလာတတ်တယ် … ဆက်အိပ်လို့လဲမရတော့ဘူး ကျွန်ပော့စိတ်အထင်တော့ ဒါတွေဟာ အိပ်မက်မဟုတ်ပါဘူး ကျွန်တော့်ကို ခြောက်ခြား နှိပ်စက်နေတဲ့ တကယ့်အဖြစ်အပျက်တွေပဲ ဖြစ်ရမယ်လို့ထင်ပါတယ် …'

'ဘယ်လိုအိပ်မက်ဆိုးတွေကို မက်တာလဲ ကိုညမိုး …'

'ကျွန်တော်လူမှန်းသိတတ်ကာစအရွယ်ထဲက အိပ်မက်ဆိုးတွေမက်လာပြီး ဆိုးဝါးတဲ့ အိပ်မက်ဆိုးတွေက ခြောက်လှန့်နေတာကလည်း နှစ်နဲ့ချီပြီးကြာခဲ့ပါပြီ၊ ဒီအိပ်မက်ဆိုးတွေကြောင့် ကျွန်တော့် ဘဝမှာ ပျော်ရွှင်စွာမနေထိုင်ခဲ့ရပါဘူး ဒေါက်တာ၊





ကျွန်တော့်ဘဝမှာ ညတိုင်းလိုလို ဆိုးဝါးကြမ်းတမ်းတဲ့ အိပ်မက်ဆိုးတွေကို ခါးစီးခံလာခဲ့ရပါတယ် …'

'အိပ်မက်ဆိုတာက လူတစ်ယောက်ရဲ့ဘဝခံစားမှုတွေ အနာတွေကို ဖော်ထုတ်တဲ့နေရာမှာ အထောက်အကူဖြစ်စေပါတယ် … လူ့ဘဝရဲ့ ရှေ့ပြေးကြိုတင်နိမိတ်ဖတ်ပေးသလို တချို့ အိပ်မက်တွေကျတော့ သူတို့ဘဝရဲ့ လျှို့ဝှက်ချက်တွေ ထူးထွေနက်နဲ ဆန်းပြားတဲ့ အကြောင်းတွေကို မသိစိတ်ရဲ့ဆန္ဒအလျောက် အိပ်မက်တွေကလည်း ညွှန်းဆိုပြတတ်ပါတယ် … ကျွမ်းကျင်တဲ့ စိတ်ပညာရှင်တွေကတော့ လူတစ်ယောက်ရဲ့ မျက်လုံးနဲ့ သူ့အိပ်မက်တွေကို သိခွင့်ရရင် သူ့ဘဝ အကောင်းအဆိုးတွေကို အစအဆုံး ပြောပြနိုင်ပါတယ် … ဒီတော့ ကိုညမိုးအိပ်မက်ဆိုးတွေကို မှတ်မိသလောက် ပြောပြစေချင်ပါတယ် …'

ဒေါက်တာသုရိန် တိုက်တွန်းပြော ကြားလိုက်သော စကားကြောင့် နယ်စားလေးသည် ခေါင်းညိတ်လိုက်သည်။

'ကျွန်တော့်ရဲ့အိပ်မက်ဆိုးတွေက ထူးခြားပြီးအံ့ဩဖို့ ကောင်းတယ်ဒေါက်တာ တစ်ယောက်ယောက်ကိုပြန်ပြောပြရင် ကျွန်တော့်ကို ရူးနေတယ်လို့ထင်မလားဘဲ ဒါကြောင့် ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပထမဆုံးစတွေ့တဲ့ညက ကျွန်တော့်ကို ကျွန်တော် ရူးနေ
သူလားလို့ ဒေါက်တာ့ကို မေးခဲ့သေးတာဘဲဒေါက်တာတင် မဟုတ်
ပါဘူး တခြားကျွမ်းကျင်တဲ့ စိတ်ရောဂါကု သမားတော်ကြီးမျ
နဲ့ ပြသကြည့်တော့လည်း ကျွန်တော်ရူးနေတယ်လို့ မပြောကြ
ဘူး …'

ဒေါက်တာသူရိန်က ပြုံးလိုက်သည်။

'ကိုညမိုးက ရူးမှမရူးဘဲ …'

နယ်စားလေးက စိတ်ပျက်လက်ပျက်နဲ့ ခေါင်းကို ခါယမ်း
လိုက်သည်။

'ရူးလောက်အောင်ခံစားနေရတာဗျာ ဒေါက်တာ နားလည်
အောင် အစကနေပြန်ပြောပြပါ့မယ်၊ ဒီလိုပါ ဒေါက်တာ၊ ကျွန်
တော့် ရဲ့ ငယ်စဉ်ကလေးဘဝတည်းက ဘိုးတော်ဘွားတော်တို့ရဲ့
ပြုစုစောင့်ရှောက်မှု အထိန်းတော် အခြွေအရံတွေနဲ့ လိုသေးမ
နေရပါလျက်နဲ့ ကျွန်တော့်စိတ်ထဲမှာ ဘာမှ တွယ်တာမက်မောစရာ
မရှိဘဲ အထီးကျန် စိုးရွံ့ အားငယ် ကြောက်လန့်နေပြီး ကြေကွဲ
ဝမ်းနည်းနေသလို ခံစားရပါတယ်၊ ငယ်ငယ်တုန်းက မသိနား
မလည်သေးသလို မခံစားတတ်ပေမယ့် အသက်အရွယ်ကြီး





င့်လာတော့ ပိုသိလာတယ်ဆိုပါတော့ဗျာ၊ ပြည့်ပြည့်စုံစုံအကောင်း
အစားအသောက်တွေစားနေပါလျက်နဲ့ ကျွန်တော့်စိတ်ထဲမှာ
ဆာလောင်မွတ်သိပ်ပြီးငတ်ပြတ်နေသလို ခံစားရတယ် မထူးဆန်း
ဘူးလား ဒေါက်တာ၊ ပိုထူးဆန်းနေတာက အဲဒီလို ခံစားမှုက
ကျွန်တော့်စိတ်ထဲမှာ ဖျတ်ခနဲခံစားလိုက်ရတာမျိုး၊ ဆိုပါတော့
ဗျာ ကျွန်တော်ဆာလောင်မွတ်သိပ်လို့ အထိန်းတော်တစ်ယောက်
ဆီက စားစရာတစ်ခုခု တောင်းလိုက်တယ် စားစရာတွေရောက်
လာတော့ စောစောက ဆာလောင်မွတ်သိပ်မှုက ဘယ်လိုလုပ်
ပျောက်သွားတယ်မသိဘူး မဆာတော့ပြန်ဘူး … '

'ကိုညမိုးပြောပြတာ စိတ်ဝင်စားစရာကောင်းပါတယ် …
နောက်တော့ဘာတွေဆက်ဖြစ်သေးသလဲ ပြောပါဦး …'

'ကျွန်တော့်စိတ်ထဲမှာ ပြည့်တင်းဝအီနေအောင် စားနေရ
ပါလျက်နဲ့ အမြဲတမ်းဆာလောင်မွတ်သိပ်နေတယ် နောက်မကြာ
ခဏဆိုသလို ခရီးအဝေးကြီးထွက်သွားရသလိုဘဲ ပင်ပန်းနွမ်းနယ်နေ
တတ်တယ်၊ တစ်ခါတစ်ခါတော့လည်း အထီးကျန် အားငယ်
ကြေကွဲပြီး ရှိုက်ငိုချင်သလိုဖြစ်လာတယ် … ညတိုင်း နွေးထွေး
ည့်ပြီး ကတ္တီပါပိုးဖဲမွေ့ယာ သိုးမွေးထည်အကောင်းစားတွေ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ အိပ်နေရပါလျက်နဲ့ ချမ်းလွန်းအေးလွန်းပြီး အိပ်မ
နိုင်အောင် ဖြစ်ခဲ့ရတယ် … အဲဒီအချိန်ကစပြီးအိပ်မက်ဆိုး
ဆက်တိုက်မက်တော့တာပဲ ဒေါက်တာ …’

‘ဘယ်လိုအိပ်မက်ဆိုးတွေလဲ ကိုညမိုး ဆက်ပြောပါ …

‘အိပ်မက်ထဲမှာ အဲဒီနေရာကို ထပ်တလဲလဲ မြင်မ
နေမိတယ်၊ ကျွန်တော်က သင်္ချိုင်းဇရပ်ပျက်တစ်ခုအပေါ် ရော
နေတယ်၊ ပတ်ဝန်းကျင်ကလည်း တောထနေတဲ့ မြက်ပင်ရိုင်း
ခြုံပုတ်တွေ အုတ်ဂူတွေ မြေပုံတွေ ဆွေးမြေ့ကျိုးပဲ့နေတဲ့ မှတ်တိုင်
အပျက်အစီးတွေ လူခေါင်းခွံတွေ အရိုးစုတွေပါမြင်နေရတ
အိပ်မက်ဆိုးထဲမှာ ကြောက်စရာကောင်းတဲ့ ခွေးအူသံတွေကိုလည်း
အဆက်မပြတ် ကြားနေရတယ်၊ နားမချမ်းသာအောင် ကြော
စရာကောင်းတယ်’

‘အဲဒီအိပ်မက်ဆိုးထဲမှာ ကျွန်တော့်ကို ကျွန်တော်ပြန်မြ
တွေ့နေရတာ မဆန်းဘူးလား … ကျွန်တော်ကိုယ်တိုင် သွား
လှုပ်ရှားမှုတွေကို ဓာတ်ရှင်ကြည့်ရတဲ့အတိုင်း ပြန်မြင်တွေ့
ရတယ် လက်ရှိလူရောက်နေတဲ့ ဘဝနဲ့ ဘာမှဆိုင်ဘူး စုတ်ပြ
ပေရေနေတာပဲ အစာရေစာမဝမလင်နဲ့ ဝေါ်ပြုတ်ကြုံလှိုပိန်ချုံးနေ





ကျွန်တော့်ကို တွေ့နေရတယ် ကျွန်တော့်ဘေးမှာက စုန်းမကြီးလို
ကဝေမကြီးလို အဖွားကြီးတစ်ယောက်လည်းရှိတယ်…’

‘အဲဒီစုန်းကဝေမကြီးက ဆံပင်ဖားလျားချပြီး ရုပ်ကလည်း
အရုပ်ဆိုးတယ် မျက်နှာတစ်ခုလုံးကျောက်ပေါက်မာဗလပွနဲ့
ခါးကလည်းကုန်းသေးတယ်။ အရုပ်ဆိုးဆိုးအဖွားကြီးက ကျွန်တော့်
ကိုတတွတ်တွတ်ပြောနေတယ် ဘာတွေပြောနေမှန်းလဲ မသိဘူး
ကျွန်တော်က သင်္ချိုင်းဇရပ်ပျက်ကြီးပေါ်က တိုင်တစ်တိုင်မှာ ထိုင်မှို
နေတာဖြစ်ရမယ် … ’

‘ဝါစ်ခါတလေ သင်္ချိုင်းဇရပ်ပျက်နားက အုတ်ဂူတွေ
မြေပုံတွေ ကြားမှာ လျှောက်သွားနေတဲ့ ကျွန်တော့်ကို ကျွန်တော်
ပြန်တွေ့နေရတယ်၊ နောက်ပြီး ပေါက်ပြားတစ်လက်နဲ့ စဏ္ဍာလ
လို မြေကျင်းတူးရတယ်၊ အိပ်မက်ဆိုးတွေ ထဲမှာ မြေကျင်းတူးရင်း
ခြေထောက်ကိုထိလိုက်တော့ လန့်နိုးလာတယ်၊ ကျွန်တော့်ခြေ
ထောက်မှာ ဒဏ်ရာမတွေ့ရပေမယ့် တကယ့်ကို နာနေတယ်၊
ပေါက်ပြားထိတဲ့ ဒဏ်ရာကို ရက်တော်တော်ကြာအောင် နာနေ
တယ်၊ တော်တော်လည်းခံစားရတယ်၊ ကျွန်တော်လူပျိုပေါက်
အရွယ်မှာ အိပ်မက်ဆိုးထဲမှာ တစ်ခုခုနဲ့ ထိခိုက်ဒဏ်ရာရလို့



www.burmeseclassic.com

www.burmeseclassic.com



နာကျင်တဲ့ ဝေဒနာခံစားရရင် အပြင်မှာလည်း အဲဒီအတိုင်းနာကျင်တဲ့ ဝေဒနာကို ထပ်တူထပ်မျှခံစားနေရတယ်၊ ဘယ်လောက်ထူးဆန်းလဲ ဒေါက်တာ၊ ကြာတော့ ကျွန်တော်ဟာ အိပ်မက်ဆိုးနဲ့သားကောင်ဖြစ်လာပြီး ပြည့်ပြည့်စုံစုံ ချမ်းချမ်းသာသာနေရတဲ့တိုင် ဘယ်လို ပျော်ရွှင်ကြည်နူးမှုဆိုတာကိုမှ မခံစားရဘူး ...'

'ခုလည်းပဲ အိပ်မက်ဆိုးတွေမက်လာပြီးနိုးလာတယ် ဆရာ ကျွန်တော့်နောက်ကို လက်နက်တွေကိုင်ထားတဲ့ လူတစ်စုက ဝိုင်းလိုက်ကြတယ်၊ သေနက်သံတွေကလည်း တစ်ဒိုင်းဒိုင်းနဲ့ ဆူညံနေတာပဲ၊ ကျည်ဆန်တွေက ကျွန်တော့် နားတရွှီးရွှီးနဲ့ ဖြတ်သွားတယ် ကျွန်တော့်လက်မောင်းကိုရှပ်ပြီး ကျည်ဆန်ထိသွားတယ် ထင်တယ် ဘယ်ဘက်လက်မောင်းမှာ ပူခနဲဖြစ်သွားတယ်၊ ခုထိကျွန်တော့် ဘယ်ဖက်လက်မောင်းမှာ ဒဏ်ရာ ရထားသလို နာကြင်နေတုန်းပဲ'

နယ်စားလေးသည် စိတ်ပျက်လက်ပျက်ဖြစ်နေသလို နဖူးမှ ကျလာသော ချွေးများကို သုတ်လိုက်သည်။ ထို့နောက်တွင် ဒေါက်တာသူရိန်အား အားကိုးတကြီးနှင့် မော့ကြည့်လိုက်ပြီး...

'ဘယ်လိုလဲ ဒေါက်တာ ဒီလိုအိပ်မက်ဆိုးတွေနဲ့ ကျွန်တော့် ဘဝဟာ ဘယ်လိုအဖြစ်ဆိုးတွေနဲ့ တွေ့ကြုံနေရတာလဲ ကျိမ်း





သင့်နေတဲ့ လူတစ်ယောက်လို ဘဝရဲ့ ဝဋ်ကြွေးတွေပေးဆပ်နေရတာလား၊ ဆရာဝန်တစ်ယောက်အနေနဲ့ ကျွန်တော့်ရဲ့ခံစားနေရတဲ့ ဝေဒနာတွေကို ဒေါက်တာကုသပေးလို့ မရနိုင်ဘူးလားခင်ဗျာ ...'

ဒေါက်တာသူရိန်ကနားလည်သဘောပေါက်စွာနှင့်ပြုံးလိုက်သည်။

'ဘာမှမစိုးရိမ်ပါနဲ့တော့ ကိုညမိုး၊ ကျွန်တော်သဘောပေါက်သွားပါပြီ ခုအချိန်ကစပြီး ကိုညမိုးရဲ့ ဝေဒနာတွေ အိပ်မက်ဆိုးတွေ ပျောက်ကင်းသွားပြီလို့ပဲ သဘောထားလိုက်ပေတော့ ... ကိုညမိုးလို ဝေဒနာခံစားနေရတဲ့သူတွေ အများကြီးကုသပေးခဲ့ရဖူးပါတယ်၊

ဒီလိုပါ ကျွန်တော်သေချာရှင်းပြပါ့မယ်၊ အမှန်က မိခင်တစ်ဦးကနေ အချင်းတစ်ခုတည်းမွေးလာတဲ့သူတွေမှာ ဒီလို တစ်ယောက်နဲ့တစ်ယောက် စိတ်ချင်းဆက်သွယ်ပြီး ထူးဆန်းတဲ့အိပ်မက်တွေ မက်တတ်ကြပါတယ် ...'

'ကျွန်တော့်စိတ်အထင်မှာတော့ ကိုညမိုးနဲ့အတူ တစ်ချိန်တည်းမွေးလာတဲ့ အမြွှာညီဖြစ်စေ၊ အစ်ကိုဖြစ်စေ သေချာပေါက်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေတယ်၊ အမြွှာဖြစ်ပေမယ့်လည်း အချင်းတစ်ခုတည်းကနေ မွေးဖွားခဲ့တာ မဟုတ်ရင် ယောကျ်ားချင်း မိန်းမချင်း မတူညီခဲ့ရင် တစ်ယောက်နဲ့တစ်ယောက် ဝေးကွာမနေဘူးဆိုရင် ဒီလို့အိပ်မက် တွေနဲ့ ထိတွေ့ဆက်သွယ်တာမျိုးမရှိဘူး၊ အနောက်တိုင်းစိတ်ပညာ ရှင်တွေရဲ့ လေ့လာတွေ့ရှိချက်စာတမ်းကို ကျွန်တော် သေချာ လေ့လာခဲ့ဖူးတယ်၊ ကိုညမိုး ဘာမှမစိုးရိမ်နဲ့တော့ …'

ဒေါက်တာသူရိန့်စကားကို ကြားလိုက်ရသော နယ်စား လေးသည် သူ့ဘဝတစ်လျှောက်လုံး မက်ခဲ့သော အိပ်မက်ဆိုးမှ လွတ်မြောက်ပြီးခံစားရသော ဆိုးဝါးသည့် ဝေဒနာများ ပျောက် ကင်းသွားသည့် အခြေအနေကို တွေ့ရှိလိုက်ရကာ ထိုင်နေရာ မှ ဖြုန်းခနဲထလိုက်ပြီး လွန်စွာမှ ဝမ်းမြောက်ပျော်ရွှင်သွားလေ သည်။

'ဒီလိုဆိုရင် ကျွန်တော့်မှာ အမြွှာညီ ဖြစ်စေ အစ်ကို ဖြစ်စေ တစ်ယောက်ယောက်တော့ ကျိန်းသေပေါက်ရှိနေပြီပေါ့ ဒေါက်တာ၊ အိုး … ဟုတ်ပြီ၊ ကျွန်တော့်ရဲ့ မယ်မယ်ဟာ စော်ဘွားသမီးတော်တစ်ယောက်ဖြစ်ပါလျက်နဲ့ တောင်ယာလုပ်ကိုင်စား တဲ့ ဆင်းရဲသားတစ်ယောက်နဲ့ ချစ်ကြိုက်မိလို့ ဘိုးတော်မယ်တော်





တွေက သဘောမတူဘဲရှိကြတဲ့အခါမှာ အဖေ့နောက်ကို လိုက် သွားတယ်လို့ ပြောခဲ့ကြဖူးတယ် …'

'ဘိုးတော်ဘွားတော်တွေကလည်း မိုက်လုတဲ့သမီးတော် ကိုဒေါသူပုန်ထပြီးမြန်မာပြည်အနှံ့ လိုက်ရှာကြတယ်၊ ကျွန်တော့် အဖေနဲ့ မယ်မယ်ဟာ အောက်ပြည်အောက်ရွာဘက်ကို တိမ်းရှောင် ရင်း သေဆုံးခဲ့ကြရပါတယ် … ကျွန်တော့်ကိုလည်း အတူတူပါ သွားတဲ့ မယ်မယ့်ရဲ့ ရုံရွှေတော်ဒေါ်ခင်သုန့်က ပြန်လည်ခေါ်ဆောင် ခဲ့ပြီး ဘိုးတော်တို့ဆီ ပြန်ပို့ပေးတာပဲ …'

'ကျွန်တော့်မိဘတွေဆီက အမွေရထားတဲ့ ညမိုးဆိုတဲ့ နာမည်ကလွဲပြီး ကျွန်တာတွေ ကျွန်တော်ဘာမှ မသိခဲ့ရဘူး၊ ခု ဒေါက်တာပြောတဲ့အတိုင်းဆိုရင် ကျွန်တော့်မှာ အစ်ကိုဖြစ်စေ ညီဖြစ်စေ တစ်ယောက်ယောက်တော့ ရှိနေမှာသေချာတယ် ဒါကြောင့်မို့လို့လဲ စိတ်ချင်းဆက်သွယ်ပြီး အိပ်မက်တွေကို မက်နေ တာဖြစ်မယ်၊ ကျွန်တော်က အိပ်မက်ဆိုးလို့ထင်ထားတဲ့ အိပ်မက် တွေထဲမှာ တွေ့နေရတဲ့ ကျွန်တော့ ကိုယ်ပွားက ကျွန်တော့်ညီ ဒါမှမဟုတ် အစ်ကိုဘဲဖြစ်ရမယ်၊ သူ့ဘဝမှာဘာတွေ ဖြစ်နေသလဲ၊ သံချိုင်းဇရပ်ပျက်ထဲမှာ အတော့်ကို အခြေအနေ ဆိုးဆိုးဝါးဝါး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာပဲ ဖြစ်ရမယ်၊ ဘာပဲဖြစ်ဖြစ် ဒေါက်တာ့ကို အရမ်းကျေးဇူးတင်ပါတယ်၊ ကျွန်တော့်ရဲ့ ဝေဒနာဆိုးကြီးကို အမြေမှန်ရအောင် ကုသပေးနိုင်လိုက်တာပဲ၊ ဒီကနေ့ကစပြီး ကျွန်တော့်ရဲ့ အမြှာညီအစ်ကိုဆိုတာကို မတွေ့တွေ့အောင်ပြန်ရှာမယ် ဒေါက်ဟာ'

နယ်စားလေးက စိတ်အားထက်သန်စွာ ပြောလျက်ရှိသည်။ သူ့စိတ်ထဲတွင်လည်း အချင်းတစ်ခုထဲမှ အတူတကွ မွေးဖွားလာသော အမြှာညီအစ်ကိုအား မြင်တွေ့လိုသောစိတ် ပြင်းပြသွားသည်။

'ကျေးဇူးအရမ်းတင်ပါတယ် ဒေါက်တာ၊ ဒေါက်တာရဲ့ နယ်လှည့် ဆေးကုသရေးလုပ်ငန်းတွေမှာ သုံးစွဲနိုင်ဖို့ လုံလောက်အောင် ကျွန်တော်လှူဒါန်းပါမယ်၊ ဒေါက်တာ မငြင်းပါနဲ့၊ စေတနာ့ဝန်ထမ်း အလုပ်လုပ်ရတယ်ဆိုတာ မလွယ်ကူပါဘူး၊ ဆေးဝါးရိက္ခာ အမြဲလိုအပ်နေမှာပါ၊ ဒါကလည်း ဒုတိယအကြိမ် ကျွန်တော့်ကို ဆေးကုသတဲ့ ဆေးဖိုးဝါးခပေါ့ ဒေါက်တာရယ်'

နယ်စားလေးသည် ပျော်ရွှင်ကြည်နူးသွားသည့်အတွက် ဒေါက်တာသူရိန်လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။ နောက်တစ်နေ့တွင် ဒေါက်တာသူရိန်နှင့်နယ်လှည့်ဆေးကုသရေး





အဖွဲ့ဝင်များသည် ဇော်ဘွားလေးနှင့် ရွာလူကြီးအား နှုတ်ဆက်ပြီး မိုင်းပွန်နယ်ထဲရှိ ကျေးရွာများကို ဆေးကုသသွားရန် ခရီးဆက်လက်ထွက်ခွာသွားကြသည်။

* * *

'အောက် … အီး … အီး … အွတ် …'

ကြက်ဖတစ်ကောင်၏ တောင်ပံတခွပ်ခွပ်ရိုက်လိုက်ပြီး တွန်ကျူးသံကြားလိုက်ရသည်။ ညစိုး အိပ်ပျော်နေရာမှ နိုးလာခဲ့သည်။

သူ့ကိုယ်သူ ဘယ်နေရာသို့ ရောက်နေသည်ကို သူကိုယ်တိုင်မသိတတ်နိုင်အောင်ဖြစ်နေသည်။

'ဘယ်လိုလုပ်ပြီးဒီနေရာကို ရောက်နေတာပါလိမ့် …'

ဘယ်ဖက်လက်မောင်းတွင် ပတ်တီးစီးထားသည်ကို တွေ့ရသည်။ စလူဖက်မိုးထားသော တဲလေး တစ်ခုအတွင်းရှိ ဝါးကွပ်ပျစ်လေး ပေါ်တွင်ရောက်နေမှန်းသိလိုက်ရသည်။ ဒီတဲထဲကို ညစိုးဘယ်လိုလုပ် ရောက်လာသည်ကို စဉ်းစားမရဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံးပူခြစ်ပြီး ရေငတ်လွန်းလှသည်။ သူအဖျား တက်နေပြီဖြစ်ကြောင်း သိလိုက်ရသည်။လဲလျောင်းနေရာမှ ထလိုက်မည်အပြုတွင် ဘယ်ဖက်လက်မောင်းမှ နာကျင်သွားသော ကြောင့် တစ်ချက်ညည်းညူလိုက်မိသည်။

'အား…ကျွတ် …ကျွတ်..'

သူ၏ညည်းတွားသံနှင့် လှုပ်ရှားသံများကို ကြားလိုက် သောကြောင့်ထင်သည်အလင်းရောင်များဝင်လာပြီး တဲရှေ့ကတံခါး ဖွင့်ဟသွားသံကြားလိုက်ရသည်။ သူ့အနီးသို့လျှောက်လာသော ခြေ သံများကို ကြားလိုက်သည်။ လေးလံသောမျက်ခွံများကို ဖွင့်ပြီး ကြည့်လိုက်သည်။

ညစိုးအကြီးအကျယ်အံ့သြတုန်လှုပ်သွားသည်။ တဲထဲသို့ ဝင်လာသော ခြေသံရှင်မှာ ချောမောလှပသော မိန်းကလေး တစ်ဦး ဖြစ်နေပေသည်။ ပြူးချွဲသောမျက်နှာ ရှန်းလှဲ့တောက်ပ သော မျက်လုံးများနှင့် ညစိုးအား အသေအချာအကဲခတ်ကြည့် လျက်ရှိသည်။ ညစိုးကိုယ်တိုင်ကလည်း လှပသော မျက်နှာပိုင် ရှင်မိန်းကလေးအား မမှိတ်မသုန်ငေးကြည့်နေမိသည်။ ခေတ္တခဏ အားဖြင့် စောစောကမရှိမဆုံခံစားနေရသော ဘယ်ဘက်လက်





ောင်းမှ နာကြင်မှုများသည်ပင် ပျောက်ပျက်သွားသလို ခံစားလိုက် ရသည်။ တစ်ဦးနှင့် တစ်ဦး အတန်ကြာအောင်ကြည့်နေကြရာမှ န်းမချောလေးကပင် စတင် မျက်နှာလွှဲသွားသည်။

'ရေတစ်ခွက်လောက်သောက်ချင်လို့ပါ …'

ညစိုးရင်ထဲတွင် လှုပ်ရှားသွားသလို ရင်ထဲတွင် ပူလောင် သည်။ မိန်းမချောလေးက ဘာမှပြန်မပြောဘဲ တဲအပြင်သို့ ်သွက်သွက်ထွက်သွားသည်။ မကြာခင်ပြန်ရောက်လာပြီး သူမ က်ထဲတွင် ရေတစ်ခွက် ပါလာသည်။ ညစိုးအား ရေတစ်ခွက် မ်းပေးရင်းပြောလိုက်သည်။

'နင်သိပ်ဖျားနေတယ် …'

စကားပြောသံဝဲဝဲလေးကို စတင်ကြားလိုက်ရသည်။ ခါ မိန်းမချောလေးမှာ တိုင်းရင်းသူလေးတစ်ဦးဖြစ်ကြောင်း စိုးနားလည်သွားသည်။ ကချင်မလေးသည် ရဲတင်းဖျတ်လတ် င် ညစိုးနဖူးကို စမ်းကြည့်လိုက်သည်။

'အားပါး … နင်ကိုယ်တွေကလည်း မီးခဲလို ခြစ်ခြစ် က်ပူနေပါလား၊ ခဏနေဦး… ငါ ဆေးသွားယူလိုက်ဦး မယ်'



www.burmeseclassic.com

www.burmeseclassic.com



ကချင်မလေးက ထိုသို့ပြောဆိုပြီး ပြန်ထွက်သွားပြန်သည်။ နောက်တစ်ကြိမ် ပြန်ပြီးဝင်ရောက်လာသောအခါ သူမလက်ထဲတွင် ဝါးကျည်တောက်တစ်ခုပါလာသည်ကို တွေ့လိုက်ရသည်။

'ဒါက ဘာတွေလဲ …'

'ဒါခေါင်ရည်လေ နင်ဒါကိုသောက်လိုက် မကြာခင် ပျောက်သွားမယ် …'

ညစိုးသည် ကချင်မလေးပြောသည့်အတိုင်းပင် ဝါးကျည်တောက်ကို ယူ၍ သောက်လိုက်သည်။ ရင်ထဲသို့ ချိုမြမြ ပြင်းရှစီးဆင်းသွားသလို လည်ချောင်းတစ်လျှောက်လုံး ပူဆင်းသွားသည်။ မကြာမီခေါင်းထဲတွင် ရီဝေဝေဖြစ်လာသလို ကိုယ်လက်ကိုက်ခဲနာကြင်မှု များတစ်စတစ်သက်သာသွားသည်။

'ငါ ဒီကို ဘယ်လိုရောက်လာတာလဲ …'

ညစိုးက ကချင်မလေးအား မေးကြည့်လိုက်သည်။

'မနက်က တောင်ပေါ်ကို ဆေးမြစ်ရှာရင်း တက်လာတော့ ခြုံပုတ်ထဲမှာ နင်လဲနေတာတွေ့ရတယ်။ လက်မောင်းမှာလည်း ဒဏ်ရာရထားတယ် သတိလဲလစ်နေတယ်၊ ဒါနဲ့ ငါလည်း





အဖေနဲ့ အစ်ကိုတို့ကို ခေါ်ပြီး နင့်ကို သယ်လာတာပေါ့၊ ဒီရောက်မှ နင့်ဒဏ်ရာကို ဆေးအုံပြီး စည်းပေးထားတာ …'

'အော် … မင်းမှာ အဖေနဲ့ အစ်ကိုတွေလည်း ရှိတယ်ပေါ့ …'

ကချင်မလေးက ချစ်စဖွယ်ကောင်းသော သူမနှုတ်ခမ်းလေးများကို ပြုံးလိုက်ရင်း ခေါင်းညိတ်ပြသည်။

'မင်းရဲ့ အစ်ကိုဆိုတာက ယောကျ်ားလား …'

'အို … ငါ့မှာ ယောကျ်ားမရှိပါဘူး…'

ကချင်မလေးမရှက်သွေးဖြာပြီး ချာခနဲလှည့်ထွက်သွားသည်။

ထိုသို့ ပြန်လည်ထွက်သွားသော ကချင်မလေးကို ကြည့်ရင်း သူ့ခေါင်းများမှာလည်း ချာလည်မူးနောက်လာသည်။ မျက်စိမှိတ်ထားမိသည်။ သူ့မျက်လုံးထဲသို့ ကချင်မလေး အရိပ်များပေါ်လာသည်။

ဂျွတ်ခုတ်ထမီ၊ ဖျင်ကြမ်းအင်္ကျီနှင့် အသားအရည်ကလည်း ဖြူဝင်းလျက်ရှိသည်။ ကိုယ်လုံးကိုယ်ပေါက်ကလည်း တောင့်တင်းသန်မာလှသည်။ ဖွံ့ထွားသော တင်ပဆုံများနှင့် ရှိ



www.burmeseclassic.com

www.burmeseclassic.com



အောက်သော ရင်သားများမှာ သူမဖျင်ကြမ်းအင်္ကျီအောက်မှ ရုန်းထွက်တော့မယောင် မြင်တွေ့ရသည်။

ညစိုး၏ မျက်လုံးအိမ်ထဲတွင် ကချင်မလေးအသွင်သဏ္ဌာန်က တရစ်ဝဲဝဲပေါ်လက်ရှိသည်။ ခေါင်းထဲမှာလည်း ခေါင်ရည်အငွေ့မ်းပြလာပြီထင်သည်။ သူလဲလျောင်းရာတဲလေးမှာ အိုးထိန်းစက်လည်ပတ်နေသကဲ့သို့ ချာလပတ်လည်လျက် ရှိသည်။ မကြာခင် ညစိုးအိပ်ပျော်သွားပြန်သည်။ သူ့အိပ်မက်ထဲတွင် ချစ်စဖွယ်ကောင်းသော ကချင်မလေးနှင့် အတူ တောင်ပေါ်တွင်ပြေးလွှားရင်း တိမ်တိုက်များကို စီးနေရသကဲ့သို့ တငြိမ့်ငြိမ့်နှင့် လွင့်မျောလျက်ရှိနေပေတော့သည်။

* * *

'ဝုတ် …ဝုတ် … ဝုတ် …'

ရူးရူးဝါးဝါးထိုးဟောင်လိုက်သော ခွေးဟောင်သံများကြောင့် ထူးထူးဆန်းဆန်း မက်နေသော အိပ်မက်များမှာ လွင့်ပြယ်သွားပြန်သည်။

'ဘယ်ခွေးတွေက ဟောင်နေတာလဲမသိဘူး…'





'ငါရဲ့ အမဲလိုက်ခွေးကြီးကဟောင်နေတာ၊ ဟိုဘက်တဲကခွေးတစ်ကောင်လာတာမြင်လို့ ဆီးဟောင်နေတာ မင်းအရမ်းဖျားနေတယ် …'

ညစိုး မျက်လုံးဖွင့်ကြည့်လိုက်သောအခါ သူ့အနီးတွင် ကချင်လူမျိုးတစ်ယောက် ရောက်နေသည်ကို မြင်လိုက်ရသည်။ ကချင်ကြီးက သူ့အား ကြင်နာသော မျက်လုံးများနှင့် စိုးရိမ်စွာကြည့်လျက် ရှိနေသည်။

'နေဦး … မင်းကို ဆေးတိုက်မယ်၊ တော်ကြာ ငါ့သမီးဆေးယူလာလိမ့်မယ် …'

'စောစောက ခေါင်ရည်တွေ လာတိုက်သွားသေးတယ်…'

'အခုတိုက်မှာက ခေါင်ရည်မဟုတ်ဘူး အဖျားပျောက်တဲ့ဆေးမှာ မင်းနေကောင်း တာပေါ့ …'

ကချင်ကြီးက ညစိုးအားပြောဆိုမှာကြားပြီး ထွက်သွားသည်။ ယခုတစ်ကြိမ်တွင်တော့ သူ့အဖြစ်အပျက်များကို ကောင်းစွာသိသွားသည်။ ကုန်ကားတစ်စီးတွင် စပယ်ယာအဖြစ်လိုက်ခဲ့ရာမှ ခရီးတွင် မမျှော်လင့်ဘဲ ဖါးပြတိုက်ခံရသည်။ သူထွက်ပြေးခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ခါးပြများက သေနတ်နှင့် ဝိုင်းပစ်ကြသောကြောင့် သူ့လက်မောင်းတွင် ကျည်ရှပ်မှန်ရုံသာမ ဒဏ်ရာရခဲ့သည်။ တောင်ပေါ်မှ လျောကျပြီး ကံကောင်းထောက်မစွာခြုံနှင့် ငြိပြီး တင်ကျန်ရစ်နေသည်။ သဘောကောင်းသော ကချင်မိသားစုနှင့် တွေ့ဆုံပြီး ယခုလို သူ့အား ပြုစုနေကြခြင်းဖြစ်ကြောင်း မှတ်မိသွားသည်။

'ရော … ဆေးထပ်သောက်ဦး … ဒါမှ နင်မြန်မြန်နေကောင်းသွားမှာ …'

စကားသံဝဲဝဲက နားထောင်ကောင်းလှသည်။ ကချင်မလေးက အငွေ့တထောင်းထောင်းထနေသော ဝါးကျည်တောက်တစ်ခုကို လာပေးပြန်သည်။ ဆေးကျို၍ ယူလာခြင်းဖြစ်ပုံရသည်။ ဘာပဲဖြစ်ဖြစ် သူ့အပေါ်စေတနာထားပြီး စောင့်ရှောက်ထားသည့်အတွက် ကျေးဇူးတင်မိပါသည်။

ဝါးကျည်တောက်အားယူ၍ ပါးစပ်တွင် တေ့လိုက်သောအခါ စိမ်းရွှေရွှေ အနံ့များ ထွက်ပေါ်လာသဖြင့် နှာခေါင်းကို လက်နှင့်ပိတ်ပြီး မော့ချလိုက်ရသည်။

လွန်စွာမှ ခါးသက်သော အရသာဖြစ်သဖြင့် တစ်ကိုယ်လုံး တုန်သွားသည်။





ကချင်မလေးက ညစိုးရှုံ့မဲ့ပြီး ဆေးသောက်နေသည်ကို သဘောကျနေပုံရသည်။

'နင်ဆေးသောက်ပြီးရင် တစ်ခါထပ်အိပ်လိုက်တော့ ဒီတစ်ခါ နိုးလာရင် အဖျားပျောက်ပြီ'

မကြာမီမှာပင် ချွေးများစို့ထွက်လာသလို မျက်ခွံများလေးလံလာသည်။ တောဓလေ့ သဘာဝရိုးရာ ဆေးဝါးများနှင့် ပြုစုစောင့်ရှောက်ပေးသော ကချင်မိသားစု၏ ကျေးဇူးတရားကို တွေးတောစဉ်းစားရင်းမှာပင် ညစိုးသည် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်သွားလေသည်။

* * *

ညစိုး ရောက်ရှိနေသော နေရာသည် တောင်ပေါ်ရွာကလေးတစ်ရွာဖြစ်သည်။ အိမ်ခြေများများ မရှိလှပေ။ လူနေအိမ်ဟု ပြောရမည့် တဲလေး ငါးတဲသာရှိသည်။ တဲတစ်တဲနှင့် တစ်တဲမှာ သည်း တောင်ကုန်းလေးများပေါ်တွင် ဝေးကွာစွာတည်ရှိနေကြသည်။ သူတို့ အားလုံးမှာ တောင်ယာလုပ်ကိုင်ရင်း အမဲလိုက်ကြသူများ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညစိုးအား ကယ်တင်စောင့်ရှောက်ထားသော ကချင်အတိုးကြီးမှာ အမဲလိုက်ခေါင်းဆောင်ဖြစ်သည်။

သူ့တဲထဲတွင် သားကောင်များဖမ်းဆီးရန်အတွက် ထောင်ချောက်များပိုက်ကွန်များဓါးလှံလက်နက်များနှင့် အမဲလိုက်ခွေးများရှိသည်။ ဒူးလေးပစ်ရာတွင်လည်း သားကောင်များကို ချက်ကောင်ထိအောင်ပစ်ခတ်ဖမ်းဆီးနိုင်သည်။ ကချင်အမဲလိုက်အတိုးကြီးအမည်မှာ ထောင်ကျင်းထန်ဟုခေါ်သည်။ သူ့တွင် လုံထန်းဟုခေါ်သောသားနှင့် ချင်လောထုံ ဟုခေါ်သော သမီးတို့ရှိသည်။

ကချင်အဖိုးကြီးထောင်ကျင်းထန်နှင့် သားဖြစ်သူလုံးထန်းတို့သည် အမဲလိုက်၍ရသော သားကောင်များကား ပေါများသည်။ ညစိုးမှာလည်း အသားကင်များ အသားဆန်ပြုတ်များကိုစားသောက်ရင်းပြန်လည်နေကောင်းလာသည်။ နေစဉ်သောက်နေရသော ခေါင်ရည်၏ ရီဝေဝေအရသာနှင့် ကချင်မလေး ချင်လောထုံ၏ ဖော်ရွေရင်းနှီးဆက်ဆံမှု လိုလေသေး မရှိအောင် ပြုစုပေးသောကြောင့် ကချင်ရွာလေးတွင် နေရထိုင်ရသည်မှာ စိတ်ချမ်းသာပြီးပျော်ရွှင်နေမိသည်။

'မင်း…ငါတို့နဲ့ အမြဲနေမှာလား …'





တစ်ညတွင် မီးဖိုကြီး၏ အနီးတွင် ဝိုင်းထိုင်ကြရင်း အသားကင်နှင့် ခေါင်ရည်များကို သောက်နေကြစဉ် ထောင်ကျင်းထန်က မေးလိုက်သည်။

'ကျွန်တော်ဒီမှာနေရတာ ပျော်ပါတယ် …'

'ပျော်ရင်လဲ အမြဲနေပေါ့ကွာ ငါတို့က မင်းကိုခင်ပါတယ်'

အဖိုးကြီးထောင်ကျင်းထန်ကိုယ်တိုင် ထိုသို့ ရိုးရှင်းပွင့်လင်းစွာ ဖွင့်ဟပြောဆိုသောကြောင့် ညစိုး စိတ်ထဲတွင် ပျော်ရွှင်ချမ်းမြေ့သွားသည်။ လောလောဆယ်တွင် ကချင်ရွာလေး၌နေထိုင်ရင်း အစ်ကိုဖြစ်သူကို ရှာဖွေစုံစမ်းမည်ဟု ဆုံးဖြတ်မိသည်။

'ကျွန်တော်မှာ သွားစရာလာစရာနေရာလဲမရှိပါဘူး ခွင့်ပြုမယ်ဆိုရင်တော့ ဒီမှာပဲ နေချင်ပါတယ် …'

'နေပေါ့ကွာ … ငါတို့မိသားစုထဲ အဖော်တစ်ယောက်တိုးလာတော့ ပိုကောင်းတာပေါ့ …'

ထောင်ကျင်းထန်က လှိုက်လှိုက်လှဲလှဲ ပင်ပြောဆိုလိုက်သည်။ သားဖြစ်သူ လုံထန်းကလည်း ညစိုးအား ပြုံးရွှင်စွာကြည့်လိုက်ပြီး ခေါင်ရည်ကိုမော့သောက်လိုက်သည်။ ကချင်မလေး



www.burmeseclassic.com

www.burmeseclassic.com



ချင်လောထုံက ညစိုးစားရန် အမဲကင်လှမ်းပေးရင်း ခပ်ပြုံးပြုံးလေး စိုက်ကြည့်နေပေသည်။

ညဥ့် အတော်နက်လာသောအခါ ထောင်ကျင်းထန်နှင့် လုံထန်းတို့သားအဖ နှစ်ယောက်မှာ ခေါင်ရည် များယစ်မူးပြီး အိပ်ယာထဲသို့ ဝင်သွားကြသည်။ ညစိုးတစ်ယောက်တည်း မီးဖို အနီးတွင် ကျွန်ရစ်ခဲ့ပြီး ခေါင်ရည်ကို တစိမ့်စိမ့် စုပ်သောက် နေမိသည်။ တောင်ကုန်းလေးပေါ်ရှိ တဲလေးတစ်တဲတွင် မီးဖိုမှ အလင်းရောက်လေးများတလက်လက်ထွက်ပေါ်နေသည်မှ လွဲ၍ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေပေသည်။ ညကလည်း နက်သည် ထက် နက်လာသည်။

'ခု ... ထက်ထိ မအိပ်သေးဘူးလား ...'

အသံကြား၍ မော့ ကြည့်လိုက်ရာ ချင်းမလေး ချင်လောထုံ ဖြစ်နေပေသည်။ သူမကိုယ်တိုင် အိပ်မပျော်သော ကြောင့် ထလာခြင်းဖြစ်ပုံရသည်။ ညစိုး အနီးသို့ ဝင်ရောက်ထိုင် လိုက်သည်။

'စောစောက ဒီမှာ နေတော့မယ်လို့ ပြောတာ တကယ် လား ...'





ချင်လောထုံက ညစိုးအား စူးစိုက်စွာကြည့်ရင်း မေးလိုက် သည်။ သူမ၏ ရှမ်းစိုနက်မှောင်နေသော မျက်လုံးလေးများသည် တဖိတ်ဖိတ်တလက်လက် တောက်ပလာသည်ဟု ထင်ရသည်။

'တကယ်ပြောတာပေါ့ ဘာဖြစ်လို့လဲ ...'

'ဒီလိုဆိုရင် ငါနောက်ထပ် အကိုတစ်ယောက်ထပ် ရတာ ပေါ့ ...'

'ငါက ဒီမှာတစ်သက်လုံး နေသွားမယ်ဆိုရင်တော့ ညီမ က တစ်သက်လုံး လက်ခံထားမှာလား ...'

'ဘာပြုလို့ လက်မခံရမှာလဲ ငါတို့နဲ့ အတူတူ တစ်သက် လုံး နေသွားလို့ရတယ်...'

ညစိုးသည် မီးဖိုအလင်းရောင်များ ထင်ဟပ်နေသော ချင်လောထုံအား ရင်ခုန်စိတ်ဝင်စားစွာဖြင့် ငေးကြည့်နေမိသည်။

'တောထဲတောင်ထဲမှာ ဒီလောက်လှတဲ့ ကချင်မလေး ကို ခုမှ တွေ့ဖူးတာပဲ...'

'နင်ဘာကိုပြောတာလဲ ...'

'အော် ချင်လောထုံကအရမ်းလှတယ်၊ ဆွဲဆောင်မှုရှိ တယ်၊ သဘောလဲ ကောင်းတယ်၊ အသားလေးတွေကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖလပ်ဖြူပန်းလေးတွေလို ဖြူဖွေးဝင်းပနေတာဘဲ သိပ်လှတာပဲလို့ ပြောတာ…'

ညစိုးက အမှတ်မထင်ပြောလိုက်သော စကားကြောင့် ချင်လောထုံ၏ မျက်နှာပြင်ပေါ်တွင် နှင်းဆီပန်းတွေရဲ့အနံ့ပွင့်သွားသလို နှင်းဆီသွေးများကြွသွားသည်။

'နင်တို့ဆီမှာ ငါ့ထက်လှတာတွေ အများကြီးရှိမှာပါ'

ဟု ရှက်စနိုးလေးပြောကာ ခေါင်းလေးငုံ့သွားသည်။

'ငါတို့ဆီက မြန်မာမိန်းကလေးတွေက အဝတ်အစားအကောင်းတွေဝတ်ကြတယ်၊ သူတို့ကိုယ်သူတို့ လှအောင်အလှပြင်ပစ္စည်းတွေနဲ့ ပြုပြင်ချယ်မှုန်းထားလို့ လှနေကြတာပါ ဒါပေမယ့် သူတို့လိုပဲ၊ ညီမကို အဝတ်အစားကောင်းတွေ ဝတ်ပေးမယ် အလှပြင်ပေးမယ်ဆိုရင် ဒီထက်တောင်ပိုလှသွားဦးမယ် ဒီကမ္ဘာကြီးမှာ ညီမလောက်ဘယ်သူမှ လှမှာမဟုတ်တော့ဘူး သိလား …'

'အင်း ငါလည်း အဝတ်အစားအကောင်းစားတွေတော့ ဝတ်ချင်ပါတယ် ပြီးတော့ လက်ကောက်တွေ ပုတီးတွေလည်း လိုချင်တယ်။ ဟိုဘက်တဲက အဲထားဆိုတဲ့ အကောင် မြို့တက်





သွားသွားဝယ်ရင်းနဲ့ ငါ့ဖို့ လက်ကောက်နီနီလေးတွေ ဝယ်လာတယ်။ အဲဒီတုန်းက ငါသိပ်ပျော်သွားတာ၊ ဒါပေမယ့် ဒီလက်ကောက်လေးတွေက ကြာကြာမခံဘူး ထိမိခိုက်မိတာနဲ့ ကျိုးသွားတယ်။ ငါအရမ်းနှမြောတာပဲ …'

'ငါလည်း အခု နေကောင်းသွားပြီ မြို့ပေါ်ရောက်လို့ရှိရင် ညီမအတွက် ဒီထက်ကောင်းတဲ့ လက်ကောက်တွေဝယ်လာပေးမယ်၊ ကြားလား …'

'နင် တကယ်ပြောတာလား …'

'အေးပါ တကယ်ပြောတာပါ ငါ မညာပါဘူး …'

ညစိုးစိတ်ထဲတွင် ကချင်မလေး ချင်လောထုံအတွက် လက်ကောက် လေးများဝယ်ပေးချင်နေမိသည်။ သူမသည် အပျိုအရွယ်လေးတစ်ယောက်ဖြစ်သောကြောင့် လှချင်ပချင် ဝတ်ချင်စားချင်ပေလိမ့်မည်။

သို့သော် လူသူအရောက်အပေါက် နည်းပါးသော တောခေါင်ခေါင်တွင် အလှအပများနှင့် ဝေးကွာနေသော တိုင်းရင်းသူမိန်းကလေးတစ်ဦးဖြစ်သည်။ ညစိုးရင်ထဲတွင် လှုပ်ရှားလာသလို ခံစားချက်တွေတဒိတ်ဒိတ်ခုန်လာသည်။ ရိုးသားပွင့်လင်းသော ချင်လော



www.burmeseclassic.com

www.burmeseclassic.com



ထိုသည် တောထဲတောင်ထဲမှ ရှက်ပုန်းသီးအလှပန်းလေးတစ်ပွင့် ဖြစ်နေပေသည်။

'နင်ဒီမှာ ငါတို့နဲ့ အတူတူအပြီးနေမယ်လို့ ဘာပြုလို့ပြော တာလဲ...'

ကချင်မလေးမျက်နှာပေါ်တွင် နင်းဆီရောင်များယှက်သန်း လျက်ရှိပြီးညစိုးအား မက်မောတမ်းတစွာစိုက်ကြည့်လျက်ရှိသည်။ ညစိုးကိုယ်တိုင်ကလည်း ရင်ထဲတွင် သိမ်းမထားချင်တော့။ စိတ်ထဲ တွင်ရှိသည့်အတိုင်း ပြောချလိုက်သည်။

'ချင်လောထုံကို ချစ်တယ်၊ ဒါကြောင့် ဒီမှာ ညီမနဲ့ အတူအပြီးနေမယ်လို့ ပြောတာ၊ ငါဘယ်ကိုမှ မသွားတော့ဘူး နင့် အနားမှာပဲ နေတော့မှာ ...'

ချင်လောထုံသည် တစ်စုံတစ်ရာဘာမှ ပြန်မပြောသေးဘဲ ခေါင်းလေးငုံ့သွားသည်။ အတန်ကြာအောင်တိတ်ဆိတ်ငြိမ်သက် စဉ်းစားနေပုံရသည်။

'ဘယ်လိုလဲ ချင်လောထုံ၊ ငါက ညီမကို ချစ်တယ်လို့ ပြောတာ စိတ်ဆိုးသွားသလား၊ ညီမကရော ငါ့အပေါ် ပြန်မချစ်နိုင် ဘူးလား ...'





ကချင်မလေး ချင်လောထုံ ခေါင်းလေးမော့လာသည်။ သူမသည် ရုတ်တရက်အဖြေပြန်မပေးသေးဘဲ ညစိုးမျက်နှာအား မော့ကြည့်လိုက်သည်။

သူမရင်ထဲတွင်လည်း နှလုံးခုန်သံများ မြန်လာသည်ဟု ထင်မိသည်။

' ဘယ်လိုလဲ ပြောပါဦး ...'

ညစိုးက ထပ်မေးလိုက်သည်။ ထိုအချိန်ကျမှ ချင်လော ထုံက ပြုံးလိုက်သည်။

'ငါကလည်း နင့်ကို ချစ်တာပေါ့၊ တောင်အောက်မှာ ဒဏ်ရာတွေနဲ့ သတိမေ့ပြီးနင် ကိုစတွေ့ကတည်းက နင့်ကို ငါသနားနေတာ ...'

ညစိုးရင်ထဲတွင် ဝမ်းသာမှုလှိုင်းလုံးများ တဝုန်းဝုန်း ရိုက် ခတ်လာသည်။ ချင်လောထုံ၏ လက်ကလေးကိုဖမ်းဆွဲယူလိုက်ပြီး ဘယုတယ ဆုပ်နယ်နေမိသည်။

'အို ... မလုပ်နဲ့ ငါ့အစ်ကို မြင်သွားရင် သတ်လိမ့်မယ်'

'လုံထန်းက ခေါင်ရည်မူးပြီး အိပ်ပျော်နေတာ ဘာမှ သိလောက်ပါဘူး ...'



www.burmeseclassic.com

www.burmeseclassic.com



ညစိုးက ထိုသို့ပြောဆိုရင်း ချင်လောထုံ ကိုယ်လုံးလေးအား ရင်ခွင်ထဲဆွဲသွင်းလိုက်ပြီး ပွေ့ဖက်ထားလိုက်သည်။

'မလုပ်ပါနဲ့ ဒီမှာမကောင်းဘူး လာ … လာ … ဟိုကို…'

ချင်လောထုံက ပြုံးပြုံးပျာပျာ ကတုန်ကရင် ဖြစ်လျက်တဲအပြင်ဘက်ကို သွားသည်။ ညစိုးကလည်း သူမသွားရာနောက်သို့ အပြေးလိုက်လာခဲ့သည်။ ချင်လောထုံသည် တဲကြီးနောက်ဖက်ရှိ မှောင်ရိပ်ကျနေသော ခဝဲ သခွါးစင်များအောက်သို့ ဝင်သွားသည်။ ဝါးကွပ်ပျစ်လေးပေါ်တွင် ဝင်ရောက်ထိုင်လိုက်သည်။ ညစိုးကလည်း သူမဘေးတွင်ယှဉ်တွဲထိုင်ရင်း နူးညံ့အိထွေးသောကိုယ်လုံးလေးအား တင်းကြပ်စွာ ပွေ့ဖက်ထားလိုက်သည်။

အမှောင်ရိပ်ထဲတွင် ညင်းဆန်ခြင်းမပြုသော်လည်း ချင်လောထုံ အသားမှာ တဆတ်ဆတ်တုန်လျက်ရှိသည်။

'ညီမကို အရမ်းချစ်တာပဲကွာ …'

ညစိုးက သူမပါးပြင်လေးအား နှစ်သက်မက်မောစွာ နမ်းရှိုက်လိုက်သည်။ ချင်လောထုံကလည်း ညစိုးအား ပြန်လည်ပွေ့ဖက်ထားသည်။ သူမရင်ထဲတွင်တော့ တစ်ခါမျှ မခံစားဖူး





သော အချစ်ဝေဒနာများကြောင့် တစ်လှပ်လှပ် ရင်ခုန်နေမိပေသည်။ ဝတ်ရည်စုပ်ရန် ပိတုန်းတို့ကို စောင့်မျှော်နေသော တောရိုင်းပန်းကလေး တစ်ပွင့်၏ ဝတ်ရည်ချိုချိုများ စိမ့်ထွက်လာသည်။

'နင်တကယ် မပြန်ရဘူးနော် …'

'အို…ငါချစ်တဲ့ မိန်းကလေးနဲ့ နေရတာ ဘယ်လိုလုပ်ပြန်တော့မှာလဲ …'

'နင့်မှာ မိန်းမရှိလား …'

' ကြံကြံဖန်ဖန်ညီမရယ် မရှိပါဘူး …'

'ရည်းစားရော …'

'ရည်းစားလည်း မရှိပါဘူး …'

'မလိမ်နဲ့နော် …'

'ဘာပြုလို့ လိမ်ရမှာလဲ ညီမရယ် …'

ညစိုးသည် ချင်လောထုံ ပြောစကားများကို အံ့ဩနေမိသည်။ တောခေါင်ခေါင် တောကြို တောင်ကြားတွင် နေထိုင်သော…ာလေးက သည်လိုစကားမျိုးမေးတတ်သည့် အတွက်လည်း…ဩနေမိသည်။ အော်… ဒါကလည်း မိန်းကလေးတို့သဘာဝ… ဖြစ်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



'တော်တော်ကြာ ငါ့ကို ပစ်ထားခဲ့မှာစိုးလို့ မေးနေရတာ'

'ဘယ်တော့မှ ပစ်မထားပါဘူး စိတ်သာချညီမ ...'

ညစိုးသည် ပြောပြောဆိုဆို ချင်လောထုံ ကိုယ်လုံးလေးအား ဖက်တွယ်ထားရင်း နှစ်ဦးစလုံး ကွပ်ပျစ်ပေါ်သို့ လှဲလျောင်းကျသွားသည်။

'ငါလေ ... နင့်ကို စတွေ့တွေ့ချင်းသနားလည်း သနားတယ်၊ ခုတော့ တအားချစ်မိသွားပြီ ...'

ကန္တကလျ ပြောလိုက်သော ချင်လောထုံ၏ စကားသံတိုးတိုးလေးကြောင့် ညစိုး အချစ်သွေးဆူတက်လာခဲ့သည်။ ခဝဲ သစ္စါးဖုံလုံစင်လေးအောက်တွင် အမှောင်ရိပ်များ စိုးမိုးထားသည်။

အမှောင်ထဲရှိ ချစ်သူနှစ်ဦးကတော့ မိုးမမြင်လေမမြင် အမှောင်ကမ္ဘာထဲတွင် နစ်မျောသွားကြပေတော့သည်။ တောရိုင်းပန်းလေး တစ်ပွင့်၏ ချိုမြိန်တိမ်းမူးဖွယ် ဝတ်ရည်ချိုချိုများကား ညစိုး ဘဝတစ်သက် မေ့နိုင်စွမ်းရှိမည် မဟုတ်တော့ပေ။

* * *





ညစိုးဘဝကား ပြောင်းလဲသွားသည်။ ဘဝသစ်တစ်ခုထဲသို့ ရောက်ရှိလာခြင်း ဖြစ်သည်။ ကချင်မလေး ချင်လောထုံနှင့်အတူ တောခေါင်ခေါင် တောင်ဖျားဖျားပေါ်တွင် အပျော်ကြီးပျော်လျက်ရှိသည်။

ညစိုးအနေနှင့် ချင်လောထုံအား စွဲမက်နေသလို ချင်လောထုံကလည်း ချစ်ခင်ကြင်နာမှုအပြည့်အသနှင့် ယုယစွာ နေထိုင်လာခဲ့ကြသည်။ အမှားဒေါကျည်းတန်နှင့် နေထိုင်ခဲ့ရသော သံချိုင်းထဲမှ ငယ်ဘဝများနှင့်မတူ ကွဲပြားခြားနားသော ဘဝသစ်သည် ညစိုးတကယ်ဘဝသစ်ဖြစ်လာသည်။

ချမ်းအေးသော ဆောင်ရာသီကုန်သွားသည် ရွက်ခြောက်များ မြေအောက်တွင် ကြဲပြန့်နေသော နွေရာသီသို့ ရောက်လာသည်။ တောင်ပေါ်နေလူမျိုးများအနေနှင့် တောင်ယာ သစ်ခုတ်ကြသည်။ တောင်ယာမီးရှို့ပြီး တောင်ယာ စိုက်ခြင်းလုပ်ငန်းတွင် ညစိုးမှာ မအားနိုင်အောင်ရှိ နေခဲ့သည်။ ထို့နောက် မိုးကျလာသည်။

တစ်နေ့တွင် ညစိုးသည် ဝါးချောင်းရွာလေးသို့ တဲစုမှ အပေါင်းအဖော်များနှင့်အတူ ဆားဝယ်ရန် ထွက်လာခဲ့သည်။ သူတို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



အမိကအရေးကြီးဆုံးမှာ ဆားပင်ဖြစ်သည်။ ရလာသော သားကောင်အမဲဟင်းလျာများကို ဆားနှင့်နယ်ပြီး အသားကင်ရသည်။ ဆားနယ်ပြီး ချက်ပြုတ်စားသောက်ကြသည်။ တောင်ယာထဲတွင် ခဝဲ၊ ပြောင်း၊ ငရုတ်တို့လောက်သာ စိုက်ပျိုးထားရှိပြီး အမိက စပါးပင်များကို ရှုးထိုးပြီးစိုက်ပျိုးရသည်။

စပါးများရလာလျှင် နှီးဖြင့် ပုတ်ယက်ကာ စပါးကိုထည့်သိုလှောင်ထားသည်။ စားလိုသည့် အချိန်ရောက်မှ လက်ဆုံဖြင့်ထောင်းပြီးချက်စားကြရသည်။ မည်သို့ပင်ဖြစ်စေ ညစိုးဘဝသည်ပင် တောင်ယာထဲတွင်လည်းကောင်း အမဲပစ်ခြင်းဖြင့်လည်းကောင်း ပျော်မွေ့နေပေသည်။ ထိုနေ့က ညစိုးသည် စုဆောင်းထားသော အမဲသား ခြောက်များကို ရောင်းချပြီး ဆားများ ဝယ်ရန်ဖြစ်သည်။

ယခင်ကဆိုလျှင် လုံထန်းသွားနေကျဖြစ်သည်။ လုံထန်းအဖို့ အချိန်မီ စပါးစိုက်ပျိုးရန် အလုပ်က အရေးကြီး၍ ကျန်ရစ်ခဲ့သည်။ အဘိုးကြီး ထောင်ကျွင်ထန်ကလည်း ယခုရက်ပိုင်းအတွင်း နေမကောင်း လျက်ရှိသည်။ လွန်ခဲ့သောရက်က အခြားတဲမှချေးယူသုံးစွဲထားသော ဆားတွေကလည်း တောင်းနေသောကြောင့် ညစိုးထွက်လာခဲ့ခြင်းဖြစ်သည်။ ရောင်းချရန်အမဲသား





ခြောက်များကို ဂျပ်ခုတ်လွယ်အိတ်ကြီးနှစ်လုံးနှင့် ထည့်၍ ဝါးချောင်း ရွာသို့ ထွက်ခွာလာခဲ့ခြင်းဖြစ်သည်။

ဝါးချောင်းရွာနှင့် တောင်ပေါ်ရွာလေးမှာ တစ်ညအိပ်ခရီးသွားရသည်။ တောင်ပေါ်ကချင်တဲစုလေးများနှင့် အနီးဆုံးရွာဆို၍ ဝါးချောင်းရွာတစ်ရွာတည်းသာရှိသည်။ ဆားဝယ်ရန် သွားမည်ဆိုကတည်းက ချင်လောထုံ မျက်နှာက မကြည်မသာရှိနေသည်။

'ဘာပြုလို့လဲ ချင်လောထုံ နေမကောင်းဘူးလား ...'

ညစိုးက ကြင်နာစွာမေးလိုက်သည်။ ချင်လောထုံက ခေါင်းကို ညင်ညင်သာသာ ခါပြလိုက်သည်။

'ဒါဖြင့်ဘာပြုလို့ မျက်နှာကမကြည်မသာနဲ့ မှိုင်နေရတာလဲ ...'

ညစိုးက သူ့မမေးဖျားလေးကို ကိုင်၍မေးလိုက်သည်။

'နင်... ဝါးချောင်းရွာ သွားပြီးရင် ဒီကို ပြန်လာဦးမှာလား'

ချင်လောထုံက ညစိုးမျက်နှာအား စိမ်းစိမ်းပြန်ကြည့်ရင်း မေးလိုက်သည်။

'အို... ပြန်လာမှာပေါ့၊ ဘာဖြစ်လို့ ပြန်မလာရမှာလဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာက နင်ရှိတယ်၊ ငါ့အိမ်ရှိတယ်၊ တခြားလည်း ငါသွားစရာ နေရာရှိတာမှ မဟုတ်တာ'

'နင့်အစ်ကိုကိုရှာဦးမယ်လို့ ပြောထားတယ်မဟုတ်လား အဲဒီကနေအပြီးထွက်သွားရင်တော့ ငါဘယ်လိုမှ နေလို့ရမှာမဟုတ်ဘူး နင်မရှိရင် ငါသေမှာပဲ ...'

ချင်လောထုံသည် ညစိုးအား လွန်စွာချစ်ပါသည်။ ညစိုးအား စိတ်မချနိုင်အောင်ဖြစ်နေသလို မျက်စိအောက်ကလည်း အပျောက်မခံဝံ့ပေ။ ညစိုးသည် သူမ၏ တောင့်တင်းဖွံ့ထွားသော ခန္ဓာကိုယ်လေးအား သိမ်းကျုံးပွေ့ဖက်လိုက်ရင်း...

'စိတ်ချနေပါ ချစ်လောထုံ၊ ငါ နင့်အပေါ် ဘယ်တော့မှ သစ္စာမဖောက်ပါဘူး၊ အခုဟာက မသွားရင်မဖြစ်လို့ပါ နင်လည်း သိသားပဲ၊ အိမ်မှာက အမဲခြောက်တွေလည်း စုမိနေပြီ၊ ဆားက လည်း ကုန်နေပြီ၊ ဟိုဘက်တဲကချေးထားတဲ့ ဆားကြွေးလည်း ပြန်ပေးရဦးမယ်၊ နင့်အနားကခွဲပြီး ငါလည်း ဘယ်မှ မသွားချင်ပါဘူး၊ မသွားမဖြစ်လို့သွားရတာပဲ ...'

ညစိုးက နှစ်သိမ့်စကားဆိုနေသည့်တိုင် ချင်လောထုံ၏ မျက်နှာလေးမှာ မရွှင်မလန်းဘဲရှိနေဆဲပင်။ ညစိုးသည် ခရီး





ထွက်ခွာလာခဲ့သည့်တိုင် ချင်လောထုံသည် သနားစဖွယ် ညှိုးငယ်စွာ ကျန်ရစ်ခဲ့သည်။ ချင်လောထုံ မျက်နှာလေးကိုသာ တရေးရေး မြင်ယောင်နေမိလျက်ရှိပါသည်။ ထိုသို့ဖြင့် ညအိပ်ရမည့် စခန်းသို့ ရောက်ရှိလာကြသည်။

ညစာအတွက် ချင်လောထုံထည့်ပေးလိုက်သော ကောက်ညှင်းပေါင်းနှင့် အမဲကင်များကို စားသောက်ပြီး သစ်ပင်ကြီးများ ပေါ်တွင် တက်ပြီးအိပ် စက်ကြရသည်။

ညစိုးသည် မခွဲစဖူး ခွဲလာခဲ့ရသည့် ချင်လောထုံအား သွမ်းတသသသတိတရနှင့် ထိုညက ကောင်းစွာ အိပ်စက်မပျော်နိုင်ဘဲ မိုးစင်စင်လင်းခဲ့ရသည်။

မိုးလင်းသည်နှင့် တစ်ပြိုင်နက်အဖော်များနှင့်အတူ ဆက်လက် ခရီးထွက်လာခဲ့ကြသည်။ နံနက်(၈)နာရီခန့်သာသာတွင် ဝါးချောင်းရွာသို့ ရောက်လာကြသည်။ ဝါးချောင်းရွာ ပါလာသော အမဲခြောက်များကို ရောင်းချရာ အလုအယက်ဝယ်ယူကြသည်။ ညစိုးနှင့် အတူပါလာသော တောင်ပေါ်ကချင်များ ရောင်းချပုံမှာလည်း ချိန်တွယ်၍ ရောင်းချကြခြင်းမဟုတ်ပေ။ အမဲခြောက်များအား လက်ဟန်နှင့် ငွေဘယ်၍ဘယ်မျှ ပေးရမည်ဟုပြောဆို



www.burmeseclassic.com

www.burmeseclassic.com



ရောင်းချကြသောကြောင့် တန်ရာတန်ဖိုးကိုမရနိုင်ပေ။ အဖော်ပါလာသော သူများရောင်းချနေသည်ကို ကြည့်ပြီး ညစိုးသည် ဘယ်လိုရောင်းချရလျှင်ကောင်းမည်လဲဟု စဉ်းစားရင်း လွယ်အိတ်ကြီးထဲမှ အမဲခြောက်များကို မထုတ်ဘဲရှိသည်။

ညစိုးအိတ်ထဲမှ အမဲခြောက်များကို ဝယ်ယူလိုသော မိန်းမများက ရောင်းရန် ဝိုင်းဝန်းပြောဆိုကြသည်။

'ခင်ဗျားတို့လိုချင်ရင် ဈေးဆိုင်ကိုလိုက်ခဲ့ကြဗျာ … ချိန်ပြီး ရောင်းမယ်…'

ညစိုးစကားကြောင့် ဈေးဝယ်နေသော မိန်းမများက တအံ့တဩဝိုင်းကြည့်ကြသည်။

'ချိန်လားတွယ်လားမလုပ်နေပါနဲ့ ခါတိုင်းလိုပဲ အပုံတိုက်ရောင်းနေကျပဲမဟုတ်ဘူးလား …'

ဈေးဝယ်မိန်းမတစ်ယောက်ကပြောလိုက်သည်။

'သူတို့က နားမလည်လို့ ရောင်းကြတာ ကျွန်တော်က အပေါစားဈေးနဲ့ မရောင်းနိုင်ဘူး …'

သူ့လက်ထဲ၌ ပါလာသော အမဲခြောက်များကို ဝယ်လိုမှန်းသိ၍ ညစိုးက ခပ်တင်းတင်းပြန်ပြောလိုက်သည်။





'ချိန်ရောင်းတော့ ဘယ်ဈေးနဲ့ ရောင်းမှာလဲ …'

မိန်းမတစ်ယောက်က ဝင်မေးသည်။

'တစ်ပိဿာကို သုံးကျပ်ဈေးနဲ့ရောင်းမယ် …'

'များတာပေါ့ နှစ်ကျပ်ဆိုရင်တော်ရောပေါ့ …'

'သုံးကျပ်မှ မရရင် မရောင်းနိုင်တော့ဘူး …'

ညစိုးသည် အမဲခြောက်များထည့်ထားသော အိတ်များကို ကောက်ယူပြီး ထမ်းလိုက်သည်။

'ကချင်မှဟုတ်ရဲ့လား နားလည်လိုက်တာ အရမ်းပဲ…'

ဟုပြောဆိုသံကို ကြားလိုက်ရသည်။

စောစောက အဖော်များထဲမှ အမဲခြောက်မရလိုက်သူများသည်။ ညစိုးနောက်သို့ ဝိုင်းအုံ၍ လိုက်လာကြသည်။ တရုတ်ကုန်စုံဆိုင်တစ်ခုသို့ ရောက်သော အခါဆိုင်ရှင်အား ကုန်များ ချိန်တွယ်ရောင်းခွင့်ပြုပါရန်နှင့် သူ့ဆိုင်မှ ဆားနှင့် အခြားစားသောက်ကုန်ပစ္စည်းများ ဝယ်ယူမည် ဖြစ်ကြောင်း ပြောပြလိုက်သည်။ ဆိုင်ရှင်တရုတ်ကလည်း သူ့ဆိုင်တွင် ဈေးဝယ်မည်ဆိုသောကြောင့် ချိန်ခွင့်ပြုလိုက်သည်။

ညစိုးထမ်းပိုးယူလာသော အမဲခြောက်များကို ချိန်တွယ်



www.burmeseclassic.com

www.burmeseclassic.com



ရောင်းချလိုက်သောအခါ အချိန်တစ်ဆယ်ရှိသောကြောင့် ငွေသုံးဆယ် ရသည်။

ညစိုးသည် ထိုတရုတ်ဆိုင်မှာပင် ဆားအချိန်တစ်ဆယ်ကို ဝယ်ယူသည်။ ကျန်သည့်ငွေနှင့် ချင်လောထုံအတွက် သရက်ထည်အင်္ကျီနှင့် ထဘီလေးများ ဝယ်ယူသည်။ ထို့နောက်တွင် ဖန်လက်ကောက်လေးများကိုလည်း ဝယ်လိုက်သည်။

တောင်ပေါ်မှ အဖော်များနှင့်အတူ ညစိုးပြန်လာခဲ့သည်။ တောင်ခြေသို့ရောက်သည်နှင့် တောင်ပေါ်မှ အပြေးအလွှားဆင်း၍ ကြိုသော ချင်လောထုံကိုတွေ့လိုက်ရသည်။

'ဘာပြုလို့များ ဒီလောက်အများကြီးထမ်းခဲ့ရတာလဲ တစ်ဝက်လောက်ဆို တော်ရောပေါ့ ...'

'ဆားက အချေးပြန်ပေးရမှာနဲ့ အိမ်မှာသုံးဖို့အတွက် ဒီလောက်ပါမှ ဖြစ်မှာ ...'

'နင် ပင်ပမ်းလို့ပြောတာပါ ...'

ချင်လောထုံက ကျန်ပစ္စည်းများကို ကူသယ်ပြီး တဲသို့ ပြန်ရောက်လာကြသည်။ တဲထဲသို့ ပြန်ရောက်သည်နှင့် ချင်လောထုံက အလိုက်တသိ ခေါင်ရည်များယူလာသည်။





'ခေါင်ရည်တစ်ခွက်လောက်သောက်လိုက်ဦး၊ အဲဒါမှ အမောပြေသွားမှာ ...'

ညစိုးကလည်း သူဝယ်လာသော သရက်ထည်အင်္ကျီနှင့် ထဘီလေးများ ဖန်လက်ကောက်လေးများထုတ်ပေးလိုက်သည်။

'ငါဝယ်လာတာတွေ သဘောကျရဲ့လား .. ဟင် ...'

ညစိုးကမေးလိုက်သည်။

'အေး ... နင်ဝယ်လာတာတွေ ငါသိပ်ကြိုက်တယ် ဒါမျိုးတွေက တစ်ခါမှ မမြင်ဖူးဘူး ....'

ကချင်မလေး ချင်လောထုံက ရှီးသားစွာပင် ပြန်ဖြေသည်။

'နောက်ထပ် အများကြီးဝယ်နိုင်အောင် လုံထန်း စပါး စိုက်ပြီးရင် တောတက်မယ် အမဲပစ်မယ် သားကောင်တွေများများရရင် အမဲခြောက်များများလုပ်ပြီး နောက်တစ်ခါသွားရောင်းမယ် နင့်အတွက် ဒီထက်ကောင်းတာတွေ အများကြီးထပ်ဝယ်ပေးမယ် ...'

ညစိုးသည် ခေါင်ရည်များကို သောက်ပြီးနောက် အလိုက်သိတတ်သော ချင်လောထုံအား ရင်ခွင်တွင်းသို့ ဆွဲပွေ့သိမ်းယူလိုက်ပေသည်။ ဘဝသစ်တွင် ပျော်ရွှင်ကြည်နူးစွာ နေထိုင်ခဲ့သည့် ညစိုးဘဝပင်ဖြစ်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ဂျပန်လေယာဉ်ပျံပျက်ကြီးထဲမှ ရွှေဒင်္ဂါးနှင့် ရွှေချောင်းများ

အနေကြာလာသည့်အလျောက် ညစိုးသည် အဖိုးကြီး ထောင်ကျင်းထန်တို့မိသားစုနှင့်အတူ တောင်ယာစိုက်ခြင်း၊ အမဲလိုက်ခြင်းများကို ဝင်ရောက်လုပ်ကိုင်လာခဲ့သည်။ တောကောင်များကို ရှာဖွေဖမ်းဆီးပုံများကိုလည်း ထောင်ကျင်းထန်နှင့် လုံထန်းတို့က သင်ကြားပေးကြသည်။ ညစိုးနှင့် ချင်လောထုံတို့ ချစ်ကြိုက်နေကြသည်ကိုလည်း နားလည်ပေးထားကြသည်။

တစ်နေ့မနက်ထမင်းစားပြီးချိန်တွင် လုံထန်းက ညစိုးအား အမဲလိုက်ပစ်ရန် ပြောလိုက်သည်။

'ဟေ့ကောင်··· ဒရယ်သွားပစ်မယ်၊ မင်းလိုက်မလား··'

'အေး ··· လိုက်မယ် ···'





ညစိုးသည် လှံတစ်ချောင်းကို ကောက်ကိုင်လိုက်ရင်း အသွားထက်မထက် စမ်းကြည့်လိုက်သည်။

'ထက်ပါတယ်ကွာ··· မနက်ကပဲ ငါသွေးထားသေးတယ်···'

'ထက်မှ ဖြစ်မှာကွ၊ တကယ်လို့ မင်း လေးနဲ့ပစ်ရင်း ဒရယ်မလဲရင် ငါကလှံနဲ့ကူထိုးပေးရမှာမဟုတ်လား ···'

'အေး··· ဟုတ်တယ် ···'

ညစိုးနှင့် လုံထန်းတို့သည် တောထဲသို့ အမဲပစ်သွားရန် ပြင်ဆင်လိုက်ကြသည်။

'နင်ဒရယ်တစ်ကောင်ရရင် ပြန်လာခဲ့နော် ···'

ချင်လောထုံက ညစိုးအနီးသို့ကပ်ပြီးပြောလိုက်သည်။

'အမယ်တို့က နှစ်ယောက်သွားတာ နှစ်ကောင်ရမှ ပြန်လာမှာပေါ့ ဟုတ်တယ် မဟုတ်လား ···'

လုံထန်းက ညစိုးဘက်သို့လှည့်လိုက်ပြီး ပြောလိုက်သည်။ ချင်လောထုံမှာ ချစ်စခင်စ ကြင်နာစဖြစ်၍ ညစိုးနှင့် ကြာကြာမခွဲနိုင်။ တောထဲ အမဲပစ်ထွက်မည့် ညစိုးအတွက် စိုးရိမ်ပူပန်လျက်ရှိသည်။ လုံထန်းက အမဲလိုက်ခွေးကို ကြိုးနှင့်ဆွဲပြီး



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားသောကြောင့် ညစိုးပါ နောက်ကနေ ထွက်လိုက်လာခဲ့သည်။

အတန်ကြာအောင်လျှောက်လာခဲ့ကြပြီးနောက် တောစပ်သို့ရောက်လာကြသည်။

'မင်းအမဲလိုက်ရတာ ပျော်လား …'

'ပျော်တာပေါ့ လုံထန်းရ …'

'အေး … ပျော်ရင်လဲ ငါတို့နဲ့ အမြဲနေကွာ ငါ့ညီမက မင်းကို တော်တော်ချစ်တယ်၊ မင်းငါ့ညီမအပေါ်သစ္စာရှိပါကွာ …'

'သစ္စာရှိပါတယ် လုံထန်းရ …'

'ခုမင်းက ငါ့နှမနဲ့ ညားနေပြီ ငါတို့ဆီမှာပဲ တစ်သက်လုံးနေရမယ် ငါနဲ့ အဖေက ဒီညီမလေးကို မခွဲနိုင်ကြဘူး၊ ငါ့ညီမကို တခြားတော့ ခေါ်မသွားပါနဲ့ကွာ ဒီမှာပဲနေ …'

လုံထန်းက လေးလေးနက်နက် ပြောလျက်ရှိသည်။ ညစိုးဘဝကလည်း အစ်ကိုဖြစ်သူ ညမိုးအား တွေ့ရန် ရှာဖွေဖို့က ရှိသေးသည်။ ဒီတောင်ကုန်း ဒီတောင်ယာတောထဲမှာ သူ့ဘဝအား တစ်သက်လုံး မြှုပ်နှံထားဖို့ဆိုသည်မှာ စဉ်းစားရခက်သည်။





အတန်ကြာအောင်ငေးငိုင်နေမိသည်။ ထိုစဉ်မှာ လုံထန်းထံမှ မာကျောသော စကားသံများထွက်ပေါ်လာသည်။

'ဟေ့ကောင် … မင်းငါပြောတာကြားလား …'

'အေးပါကွာ… ငါကြားပါတယ်… ငါမင်းတို့နဲ့ အတူနေမှာပါ မင်းညီမအပေါ်မှာလည်း သစ္စာမဖောက်ပါဘူး …'

'ဒီလောက် ကတိပေးရုံနဲ့ မင်းကိုငါစိတ်မချဘူး မင်းသစ္စာဆိုရမယ် …'

'ဘယ်လိုဆိုရမလဲ …'

'ငါပြောတဲ့အတိုင်း လိုက်ဆို … ဒီအရပ်ဒေသမှာ တစ်သက်လုံး နေပါ့မယ် တကယ်လို့ တခြားထွက်ပြေးပါက သားရဲတိရစ္ဆာန်ဘေး ခါးလုံလက်နက်ဘေးတို့နဲ့ အသက်ဆုံးပါစေသား… ဆို …အဲဒီအတိုင်းဆို …'

ညစိုးသည် လုံထန်းပြောပြသည့်အတိုင်းကို လိုက်ဆိုလိုက်သည်။ ထိုသို့သစ္စာဆိုနေစဉ်မှာပင် လုံထန်းသည် သူ့လက်မောင်းအား အမဲလိုက်ခါးမြောင်နှင့် ထိုးစိုက်လိုက်သည်။ ရဲခနဲထွက်လာသော သွေးတို့ကို ညစိုးအား သောက်နိုင်းလိုက်သည်။ လုံထန်းအပြုအမူကြောင့် ရုတ်တရက် ညစိုး ကြောင်သွားသည်။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



တွင် လုံထန်းလက်မောင်းမှ စီးကျလာသော သွေးတို့ကို ပါးစပ်နှင့် စုပ်ယူမျိုချလိုက်ရသည်။

'အေး အခုမှ မင်းဟာ ငါ့ယောက်ဖဖြစ်သွားပြီ၊ ငါတို့ ဟာစ်သက်လုံး နေရမှာနော်၊ ရော့ ဒါကိုထပ်သောက်လိုက်ဦး ...'

လုံထန်းကခေါင်ရည်ဘူးကို ထုတ်ပေးလိုက်သောကြောင့် မော့ချလိုက်ရပြန်သည်။ ရေ့ဆက်ထွက်လာခဲ့ကြရာ တောင်ကုန်း လေးတစ်ခုပေါ်သို့ ကျော်တက်လိုက်ကြပြီး ကိုင်းတောကြီးထဲသို့ ရောက်လာကြသည်။ လွန်ခဲ့သော ရက်များက ထိုကဲ့သို့ပင် ဒရယ် ပစ်ထွက်ရင်း ပြဿနာဖြစ်ခဲ့ဖူးသည်ကို ပြန်လည်သတိရမိလိုက် သည်။

ယခုလိုပင် လုံထန်းနှင့် နှစ်ယောက်သား ဒရယ်ပစ်ထွက်ခဲ့ ကြသည်။ ညစိုးက ချေးနှစ်ကောင်ကို ချည်ထားသော ကြိုးစများ ကို သေချာဆုပ်ကိုင်ထားသည်။ လုံထန်းက တွေ့မြင်လိုက်ရသည့် အသစ်စက်စက် ဒရယ်ခြေရာများကို ငုံ့ကြည့်ရင်း ခြေရာခံကြည် သည်။

ကိုင်းဟောစပ်ကိုလွန်သောအခါ အစာစားနေသော ဒရယ် ကလေးအား မြင်တွေ့လိုက်ရသည်။





'တွေ့တယ်မဟုတ်လား၊ ငါပစ်ပြီးတာနဲ့ ချေးတွေကိုလွှတ် လိုက်တော့ ...'

လုံထန်းက ညစိုးအား ပြောလိုက်သည်။ ညစိုးကလည်း ခေါင်းညိတ်ပြရင်း အမဲလိုက်ချေးနှစ်ကောင်၏ ကြိုးစများကို အသင့် သင့်ပြင်ဆင်ထားလိုက်သည်။ လုံထန်း၏ လေးညှို့မှ ယောက်ခမ် မြားတံထွက်သွားသည်။ ညစိုးကလည်း ကြိုးများကို ဖြည်လွှတ် လိုက်သည်။

ဒရယ်အုပ် ပြေးလွှားသံ ချေးနှစ်ကောင်မှ တစ်ဟုန်ထိုး ပြေးလိုက်ရင်း ဟောင်သံများမှာ ကိုင်းတောတစ်ခုလုံး ဆူညံသွား သည်။

လုံထန်းနှင့် ညစိုးတို့နှစ်ယောက်ကလည်း အမဲလိုက် ချေးများပြေး သွားရာနောက်သို့ တစ်ဟုန်ထိုး အပြေးလိုက်လာကြ သည်။ အမဲလိုက်ချေးများက ကိုင်းတောကြီးအတွင်းကွေ့ကာ ပတ်ကာပြေးလျက်ရှိသည်။ ချေးဟောင်သံနောက်ကိုသာနားစွင့်ထား ရင်း အပြေးလိုက်လာကြသည်။

ကွင်းပြင်လေးတစ်ခုသို့ ရောက်ရှိသောအခါ မမျှော်လင့် ထားသော အဖြစ်အပျက်တစ်ခုကိုမြင်တွေ့လိုက်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



လုံထန်းပစ်လိုက်သော ဒရယ်ကလေးမှာ လုံ့တန်းလန်းနှင့် လဲနေခြင်းဖြစ်သည်။ လုံထန်းပစ်လိုက်သော ဒရယ်လေးမှ ဟုတ်မှဟုတ်ပါ့မလားဟု သံသယဖြစ်မိပေသည်။ လုံ့တစ်ချောင်းက ဘယ်ကနေ ဘယ်လိုလုပ်ပြီးလာရောက်စိုက်နေသည့်ကို စဉ်းစားမရအောင်ဖြစ်နေမိသည်။

ဒရယ်လေးအနီးတွင် အမဲလိုက်ခွေးကြီးနှစ်ကောင်မှာလည်း လျှာတန်းလန်းနှင့် မောဟိုက်နေသည်ကို မြင်တွေ့လိုက်ရသည်။ အမဲလိုက်ခွေးများမှာ သစ္စာရှိသောခွေးကြီးများဖြစ်ကြသည်။ သူတို့သခင်မှ ပစ်လွှတ်လိုက်သော အမဲကောင်မဟုတ်လျှင် အနီးသို့ ကပ်လေ့ကပ်ထမရှိပေ။ သခင်ဖြစ်သူပစ်လွှတ်လိုက်သော အမဲကောင်ဖြစ်မှသာလျှင် အမဲကောင်လဲကျရာနေရာ၌ ထိုင်စောင့်နေလေ့ရှိကြသည်။ ညစိုးသည် ဆုံးဖြတ်ချက်ချလိုက်သည်။

မည်သည့် လုံ့ပင်စိုက်နေပါစေ လဲကျနေသော အမဲကောင်မှာ လုံထန်း ပစ်လိုက်သော အမဲကောင်သာဖြစ်သည်။ သူတို့၏ ဒရယ်လေးသာ ဖြစ်၍ သွားပြီးကောက်လိုက်သည်။ ထိုစဉ်မှာပင်…

'ဟေ့ကောင် ဒါဘာလုပ်တာလဲ …'





စကားပြောသံကြားလိုက်ရသဖြင့် နောက်ဘက်သို့ လှည့်ကြည့်လိုက်ရာ တင်းမာသော မျက်နှာထားနှင့် ကိုင်းတောစပ်တွင် ရပ်နေသော အဲထားကို မြင်တွေ့လိုက်ရသည်။ အဲထားဆိုသူမှာလည်း သူတို့နေထိုင်ရာတောင်ပေါ်ကချင်အုပ်စုထဲမှ ကချင်တစ်ယောက်ဖြစ်သည်။

'ဘာလုပ်ရမှာလဲ၊ ငါ ပြုံပစ်ထားတဲ့ ဒရယ်ကို ငါကောက်တာပေါ့ …'

ညစိုးက ခပ်တည်တည်နှင့် ပြန်ပြောလိုက်သည်။

'ဘာ ဒီဒရယ်က မင်းပစ်တဲ့ဒရယ်ဟုတ်လား၊ သေချာလဲကြည့်ပါဦးကွာ ဒီဒရယ်မှာ စိုက်ဝင်နေတဲ့ လုံ့က ဘယ်သူ့လုံ့တဲ့လဲ…'

အဲထားက ပြန်ပြောရင်း မသိမသာရှေ့သို့ တိုးလာသည်။

'ဒရယ်လဲသွားမှ မင်းထိုးလိုက်တဲ့လုံ့ဖြစ်မှာပေါ့ကွာ၊ ငါတို့ဆောစောထဲက မြားနဲ့ပစ်လိုက်တာဘဲ…'

'မလိုချင်ဘူး၊ ဒါငါ့ဒရယ် မင်းမကောက်နဲ့ …'

'ဟေ့ ကောင် အဲထား မင်းအချောင်လိုချင်လို့ ဘယ်ရမှာလဲ …'



www.burmeseclassic.com

www.burmeseclassic.com



ညစိုးစကားမဆုံးမီမှာပင် အဲထားသည် ခါးကြားမှ ဓါးမြောင်ကိုဆွဲထုတ်လိုက်ပြီး ညစိုးထံလှမ်းပစ်ပေါက်လိုက်သည်။ ညစိုးသည် ရုတ်တရက် ရှောင်တိမ်းလိုက်သောကြောင့် မိုးခနဲဖြတ်သွားသော ဓါးမြောင်မှာ အပေါ်သို့ ကျော်ထွက်သွားသည်။ ဘုန်းကြီးကျောင်းတွင်နေခဲ့စဉ်က ကပ္ပိယကြီးဖိုးသာဂိ သင်ပေးလိုက်သော သိုင်းပညာရပ်များက ညစိုးအတွက် တိုက်ခိုက်မှုများကို အသာလေးပင် ရှောင်တိမ်းနိုင်ခဲ့သည်။

ညစိုးလည်း ဒေါသထောင်းခနဲထွက်သွားပြီး လက်ထဲတွင်ရှိသော လှံတံနှင့် အဲထားရှိရာသို့ ပစ်ပြီး ထိုးလိုက်သည်။ အဲထားကလည်း လျင်မြန်လှသည်။

သူ့ထံသို့ ဝင်လာသော လှံချက်အား ခုန်ပြီး ရှောင်လိုက်ရာ သီသီလေးပင် လွတ်ထွက်သွားပြီးလှံတံမှာ ကိုင်းတောထဲ၌ သွားစိုက်သည်။

လှံတံသွားရာနောက်သို့ လိုက်ကြည့်နေသော ညစိုးထံသို့ အဲထားသည် တအားကုန်ခုန်ပြီးဝင်လာသည်။ အမှတ်တမဲ့ ဖြစ်သွားသောကြောင့် ညစိုးသည် ပစ်လဲကျသွားသည်။ သို့သော် အဲထားလည်ပင်းအား ပြန်ဖက်တွယ်လိုက်ပြီး တအားညှစ်လိုက်သည်။





နှစ်ယောက်သား သူတပြန်ကိုယ်တပြန် မြေပြင်ပေါ်တွင် လုံးထွေးသတ်ပုတ်မိကြသည်။

အဲထားမှာညစိုးထက်ခန္ဓာကိုယ်ကြီးမားပြီး သတ်အားကောင်းသူဖြစ်သည်။ကပ္ပိယကြီးဦးသာဂိထံမှာ သိုင်းပညာသာ သင်မထားမိပါက ညစိုးအလွယ်တကူပင် အညှုံခံရမည် ဖြစ်သည်။ ယခုတော့ အဲထားသတ်ပုတ်တိုက်ခိုက်မှုများကို ခုခံတိုက်ခိုက်နိုင်စွမ်းရှိနေသည်။

သို့သော် အဲထားသည် လက်ကြမ်းကြီးများနှင့် ညစိုးလည်ပင်းအား ရှာဖွေစမ်းသပ်နေသလို အပေါ်စီးမှ ခွစီးထားလျက်ရှိသည်။ လည်ပင်းကို ဖမ်းမိသွားပြီးစတင်ဖျစ်ညှစ်တော့သည်။ ညစိုးမှာလည်း တဖြည်းဖြည်းနှင့် အသက်ရှူများ ကြပ်လာသည်။ သို့သော်လည်း အားအင်ရှိသမျှ ပြန်လည်တိုက်ခိုက်ရင်း ခွစီးမိထားသော အဲထားအား လဲကျရန် တံတောင်နှင့် မေးစေ့အား ရိုက်ပစ်လိုက်သည်။ အဲထားသည် ညစိုးကိုယ်ပေါ်မှ ကွာကျသွားသည်။

ညစိုးသည် ရှိသမျှအင်အားနှင့် လူးလဲထကာ ကြည့်လိုက်ရာ အဲထားမှာ ဝမ်းလျားမှောက်လဲကျနေပေသည်။ ညစိုးပင့်ရိုက်လိုက်သောလက်ပြန်ရိုက်ချက်ကြောင့်မဟုတ်ပေ။ ညစိုးအား ပြုံး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေသော လုံထန်းကို မြင်တွေ့လိုက်ရသည်။ လုံထန်းက ခေါင်းကိုရိုက်ထည့်လိုက်ခြင်းသာဖြစ်သည်။

'တော်သေးတာပေါ့ လုံထန်း၊ မင်းသာဝင်မကူရင် ငါ တော့ အသက်ရှူကျပ်ပြီး သေမှာဘဲ ...'

ညစိုးက ထရပ်ရင်း လုံထန်းအား ကျေးဇူးတင်စကားပြော လိုက်သည်။

'အဲထားတော့ ထမင်းအိုးတစ်လုံးချက်နိုင်းပါး မှေ့နေမှာ ကွ ...'

လုံထန်းက ကျေနပ်အားရသော လေသံနှင့် ပြောလိုက် သည်။

'မင်း သူ့ကို ဘယ်လိုလုပ်လိုက်တာလဲ ...'

'သိပ်မလုပ်ပါဘူး မှေ့သွားရုံလေး အုတ်ဆက်ကို တုတ် နဲ့ ရိုက်လိုက်တာပါ ...'

လုံထန်းက ထိုသို့ပြောရင်း ဒရယ်တွင် စူးဝင်နေသော အဲထား၏ လှံတံကို ဆွဲချုတ်ယူကာ ကိုင်းတောထဲသို့ ပစ်ထည့် လိုက်သည်။

ထို့နောက်ဒရယ်လေးအား ကျောပိုးလိုက်သည်။ ညစိုး





သည်လည်း ကိုင်းတောထဲတွင် စိုက်နေသော သူ့လှံတံအား ပြန်ပြီး ကောက်ယူပြီး လုံထန်းနောက်သို့ လိုက်လာခဲ့သည်။

'အဲထားဆိုတဲ့ကောင်က တော်တော်ဆိုးတဲ့ကောင်၊ ငါတို့ ပစ်လို့လဲတဲ့ဒရယ်ကို လှံနဲ့ထိုးပြီး သက်သက်မဲ့ သူ့ဒရယ်ဆိုပြီး နှတ်အတင်းငြင်းတာ ...'

ညစိုးပြောလိုက်သည်ကို လုံထန်းက အားရပါးရရယ်မော လိုက်သည်။

'ဒီကောင် မင်းနဲ့ရန်ဖြစ်ချင်နေတာ၊ ဒါကြောင့် ရန်စ တာပေါ့ကွာ ...'

'ဘာဖြုလို့ ငါနဲ့ရန်ဖြစ်ချင်နေတာလဲ ...'

ညစိုးက အံ့အားသင့်စွာ မေးလိုက်သည်။

'သူနောက်ပိုးနေတဲ့ ငါ့နှမချင်လောထုံကို မင်းကယူထား တော့ ဘယ်ကြည်ပါ့မလဲကွာ၊ ဒါကြောင့် မင်းကို ရန်ရှာတာကွာ ဟား ...ဟား...ဟား ...'

အဲထားရန်စခြင်းအကြောင်းကို ကြားလိုက်ရသော ညစိုး မှာ ယခုမှနားလည်သွားမိသည်။ ဟုတ်သည် ယခင်က ချင် လောထုံအား ပိုးပန်းပြီး အဲထားသည် လက်ကောက်လေးများ



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ပေးခဲ့ကြောင်း ချင်လောထုံ ပြောပြခဲ့ဖူးသည်။ ချင်လောထုံကိုမရ၍ သူ့ကို တမင်သက်သက် ရန်ရှာခြင်းဖြစ်လေတော့သည်။ လုံထန်းပြောလိုက်သော စကားသံများကြောင့် ယခင်က ဒရယ်လိုက်ရင်း ဖြစ်ပျက်ခဲ့ပုံများ ညစိုး အတွေးထဲမှ ပျောက်ကွယ်သွားသည်။

'ဒရယ်အုပ်က ဒီကိုင်းတောကြီးထဲမှာ ရှိနေတတ်တယ် မင်းခွေးနှစ်ကောင်ကို မြဲမြဲကိုင်ထား ငါလိုက်ကြည့်လိုက်ဦးမယ်'

လုံထန်းက အသစ်စက်စက် ဒရယ်ခြေရာများကို ကြည့်ရင်း ခြေရာခံလိုက်သွားသည်။ မကြာမီတောထဲမှ လုံထန်း၏ လေချွန်သံကို ကြားလိုက်ရသည်။ ညစိုးသည် ခွေးနှစ်ကောင်ဆွဲပြီး တောထဲသို့ အပြေးဝင်လာခဲ့သည်။

'ငါပစ်ပြီးရင် မင်းခွေးတွေကို လွှတ်လိုက်ပေတော့ …'

ညစိုးက ခေါင်းညိတ်ပြလိုက်ပြီး အမဲလိုက်ခွေးနှစ်ကောင်အား ကြိုးများဖြည်လွှတ်ရန် အသင့်ပြင်ထားလိုက်သည်။ လုံထန်းသည် ဒရယ်အုပ်ထဲမှ ပစ်ကွင်းကောင်းသောဒရယ်တစ်ကောင်အား သေချာချိန်ပြီးပစ်လိုက်သလို ညစိုးကလည်း အမဲလိုက်ခွေးနှစ်ကောင် အား ကြိုးဖြည်ပြီးလွှတ်လိုက်သည်။





ကိုင်းတောထဲတွင် ဒရယ်အုပ်ပြေးလွှားသံများနှင့်အတူ အမဲလိုက်ခွေးဟောင်သံများ ဆူညံစွာထွက်ပေါ်လာကြသည်။ ညစိုးသည်လုံတံကို တင်းကြပ်စွာ ဆုပ်ကိုင်ရင်း ခွေးများနောက်သို့အပြေးလိုက်သွားသည်။

ကိုင်းတောကြီးအတွင်းသို့ ကွေ့ကာပတ်ကာနှင့် အပြေးလိုက် ရင်း ကွင်းပြင်လေးတစ်ဘက်သို့ ရောက်လာသည်။ မြားမှန်ထားသော ဒရယ်တစ်ကောင်အား တွေ့ရမည်ဟုထင်မှတ်ထားသော်လည်း မြင်ကွင်းက ရှင်းပြီးဘာမှ မတွေ့ရပေ။ လုံထန်းရော ညစိုးပါ စိတ်ပျက်သွားကြသည်။ တောချောက်တောမှောက်နေပြီလား မသိပေ။

တောင်ကြောအောက်ဖက်ဆီမှ ခွေးဟောင်သံများကို ရှုးရှူးဝါးဝါး ကြားလိုက်ရပြန်သည်။

'ဒရယ်အုပ်က တောင်ကြားအတိုင်း ဆင်းပြေးသွားတာဖြစ်ရမယ်၊ လာ … လိုက်ကြည့်ကြစို့ …'

လုံထန်းက လျင်မြန်သွက်လက်စွာဖြင့် တောင်အောက်ဘက်ဆီသို့ ဆင်းသက်လိုက်ကြသည်။ ညစိုးကလည်း လုံတံကိုဆိုင်လျက် နောက်ကနေ ထက်ကြပ်မကွာ လိုက်ပါလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ညစိုးမျက်နှာနားတွင် လိပ်ပြာနက်ကလေးတစ်ကောင်သည် လှည့်ပတ်ဝဲပျံလျက်ရှိသည်ကို သတိထားမြင်တွေ့မိလိုက်သည်။ ညစိုး မှတ်မိသွားသည်။

လိပ်ပြာနက်လေးသည် သူနှင့်ရင်းနှီးသော သင်္ချိုင်းထဲမှ လိပ်ပြာနက်ကလေးပင် ဖြစ်ရမည်။ သူ့အမေဝိညာဉ်များ ပူးကပ်နေသည်ဟု စွဲမှတ်ယုံကြည်ထားသော လိပ်ပြာနက်ကလေးပင်ဖြစ်သည်။ လိပ်ပြာနက်ကလေးသည် ညစိုးပခုံးပေါ်တွင် နားနေရာမှ ထပျံသွားသည်။

တောင်ကြားလေးထဲရှိသစ်ပင်ခြုံနွယ်များ အုပ်ဆိုင်းနေသော နေရာအား အမဲလိုက်ခွေးများက ထိုးဟောင်လျက်ရှိသည်။ လိပ်ပြာနက်ကလေးသည် ခြုံနွယ်များအတွင်း ဝင်ရောက်ပျံသန်းရင်း ပျောက်ကွယ်သွားပြန်သည်။

'မြားမှန်သွားတဲ့ ဒရယ်က ဒီချုံကြီးထဲမှာလား မသိဘူး ငါ ဝင်ကြည့်လိုက်ဦးမယ်'

တောလိုက်ဓားမြောင်နှင့် သစ်ကိုင်းသစ်ခက်များကို ခုတ်ထွင်ရှင်းလင်းရင်း လုံထန်း ဝင်သွားသည်။ မကြာမီ တောအုပ်ကြီးထဲမှ လုံထန်းအသံ ထွက်ပေါ်လာသည်။





'ယောက်ဖ လာ … ကြည့်စမ်းပါဦး …'

ညစိုးလည်း ခြုံတောကြီးထဲသို့ ဝင်ကြည့်လိုက်သည်။ သူမြင်တွေ့လိုက်ရသည်ကား ဒဏ်ရာရနေသော ဒရယ်လေးတစ်ကောင်မဟုတ်ပေ လေယာဉ်ပျံပျက်ကြီးတစ်စင်းဖြစ်နေသည်ကို တွေ့လိုက်ရ၍ လွန်စွာမှ အံ့သြသွားသည်။

'လေယာဉ်ပျက်ကြီးပါလား ကျွန်တောင်စောင်းနဲ့တိုက်မိပြီး ပျက်ကျသွားတာဖြစ်ရမယ် …'

လေယာဉ်ပျံပျက်ကြီးအနီးသို့ နှစ်ယောက်သား တိုးကပ်ပြီး ကြည့်လိုက်ကြသည်။

'ဂျပန်ခေတ်တုန်းက ပျက်ကျထားတဲ့လေယာဉ်ပျက်ကြီးလားမသိဘူး …'

'ဟုတ်လိမ့်မယ်၊ ဒီအပေါက်တွေကနေ ငါတို့အထဲတက်ပြီး ဝင်ကြည့်ရအောင်၊ အထဲမှာ ဘာတွေရှိမယ်မသိဘူး …'

ပြောပြောဆိုဆိုနှစ်ယောက်သား လေယာဉ်ပျက်ကိုယ်ထည်ကြီးအား တွယ်ဖက်ပြီး ပွင့်သော အပေါက်ဝထဲသို့ ဝင်လိုက်ကြသည်။

'လုံထန်း သတိထား မြွေတွေဘာတွေရှိနေဦးမယ် …'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ ဒီမှာ ဂျပန်စစ်သားတွေလားမသိဘူး အရိုးတောင် ကျနေပြီဒီလေယာဉ်ပျက်ကြီးက နှစ်အတော်ကြာပြီထင်တယ် သစ်ပင် ခြုံနွယ်တွေဖုံးထားတော့ ဘယ်သူမှ မတွေ့မိကြဘူးဖြစ်ရမယ်...'

အရိုးစုများဘေးတွင် သံသေတ္တာများကို တွေ့ရသည်။ သံချေးတက်နေသော သော့များကို ချိုးရိုက်ပြီး ဖွင့်လိုက်ကြသည်။ ကျည်ဆံများကို ကဒ်လိုက်ထည့်ထားသော ကျည်သေတ္တာများဖြစ်နေသည်။

'ဒီဘက်မှာ သေတ္တာတွေရှိသေးတယ်ကွ ...'

'ထပ်ဖွင့်ကြည့်ကွာ ...'

လုံထန်းကအော်ပြောလိုက်ရင်း ကျန်သည့် သေတ္တာများကိုလည်း သံချေး တက်သော့များကို ရိုက်ချိုးပြီး ဖွင့်ကြည့်လိုက်ကြသည်။ သူတို့ နှစ်ယောက်စလုံး မျက်နှာများက ဝင်းထိန်သွားသလိုအတိုင်းမသိဝမ်းသာပျော်ရွှင်သွားကြသည်။

'ယောက်ဖရေ ငါတို့သူဌေးဖြစ်ပြီ ...'

လုံထန်းပြောသည့် အတိုင်း ရွှေဒင်္ဂါးများ ရွှေချောင်းများကို တွေ့လိုက်ရသည်။





'ဒါတွေအကုန်လုံးသယ်လို့တော့ မဖြစ်နိုင်ဘူး၊ ယူနိုင်သလောက်ယူပြီး ကျန်တာတွေကို ဒီလေယာဉ်နဲ့ ဝေးတဲ့ဂူတစ်ခုခုမှာ မြှုပ်ပြီးဝှက်ထားခဲ့မှ ဖြစ်မယ် ... ငါတို့ ဝှက်ထားတာကိုလည်း ဘယ်သူမှ မသိအောင် လျှို့ဝှက်အမှတ်အသားတွေ လုပ်ထားရမယ်'

'အေး ကောင်းတယ် မင်းပြောတဲ့အတိုင်းလုပ်ကြတာပေါ့ ...'

ညစိုးနှင့် လုံထန်းတို့သည် ရွှေဒင်္ဂါးများနှင့် ရွှေချောင်းသေတ္တာများကို လေယာဉ်တံခါးပေါက်ဝသို့ ခက်ခက်ခဲခဲ သယ်မရွှေ့ပြောင်းယူလာခဲ့ကြသည်။ ရွှေသေတ္တာများအား အောက်သို့သယ်ချပြီး ဂူကြီးတစ်ခုထဲတွင် ဝှက်ထားရန် လုပ်ငန်းစလိုက်ကြသည်။ တစ်နေကုန်ပင်ပမ်းစွာသယ်ပိုးလုပ်ကိုင်လိုက်ရသဖြင့် ထိုနေ့က ဂူကြီးထဲမှာပင် ညအိပ်လိုက်ကြရသည်။ နောက်နေ့ကျမှ မြို့ပြန်လာခဲ့ကြရသည်။

'ငါတို့ ရွှေဒင်္ဂါးတွေနဲ့ ရွှေချောင်းတွေ ရလာတာကို ဘယ်သူမှ မသိစေနဲ့နော် ...'

'အေးပါ ယောက်ဖရာ ... ငါ မင်းနဲ့ တောလိုက်ကြတာ



www.burmeseclassic.com

www.burmeseclassic.com



အရမ်းကဲကောင်းတာပဲ၊ ဒါကြောင့်မို့ မင်းကို ငါတို့ဆီမှာ တစ်သက်လုံးနေ၊ မပြန်နဲ့လို့ ပြောတာပေါ့ကွ ရွှေယောက်ဖရာ …ဟား … ဟား …ဟား …’

လုံထန်းက ပျော်ရွှင်စွာ အော်ဟစ်လိုက်သည်။ လုံထန်းရယ်မောသံများကား တစ်တောလုံး ဖုံးလွှမ်းသွားပေသည်။ တဲသို့ပြန်ရောက်ပါက ထောင်ကျင်းထန်နှင့် ချင်လောထုံတို့ပါ သိသွားကြပါက … မည်မျှဝမ်းသာသွားကြမည်ကို တွေးရင်း အပြန်ခရီးအား တက်ကြွပျော်ရွှင်စွာ အမြန်ပြန်လာကြသည်။ အပျော်များက သူတို့နှစ်ဦးသာမဟုတ် အမဲလိုက်ခွေးကြီးနှစ်ကောင်ကပါ ရွှင်မြူးနေပုံရသည်။

လုံထန်းသည် သူ၏ အမဲလိုက်ခွေးကြီး နှစ်ကောင်၏ ကျောကို ပွတ်သပ်ရင်း…

‘တော်လိုက်တဲ့ငါ့သားကြီးတွေ ဒရယ်မမိဘဲ ရွှေသတ္တာတွေ့မိလာတယ် …’

ညစိုးသည် ပျောက်ကွယ်သွားသောလိပ်ပြာနက်ကလေးကိုသတိ ရနေမိသည်။ သူ့ဘဝတွင် မိခင်ဖြစ်သူ ဝိညာဉ်ဝင်ပူးနေသော လိပ်ပြာနက်ကလေးကား ထူးခြားဆန်းကြယ်စွာ သူ့ဘဝ





အား စောင့်ရှောက်နေပါလားဟု တွေးမိရင်း ရင်ထဲတွင် ခွေးမြေ့နှာကျင် လွှမ်းဆွတ်နေပေတော့သည်။

* * *

တဲလေးအတွင်းမှ မီးဖိုကြီးသည် အရှိန်ငြီးငြီးတောက်လောင်လျက်ရှိသည်။ အသားကင်များစားရင်း ခေါင်ရည်သောက်ရင်း တိုင်ပင်ဆွေးနွေးနေကြသည်။ ဒရယ်ပစ်ထွက်ရင်း တောင်ကြောကြီးထဲမှ မထင်မှတ်ဘဲ လေယာဉ်ပျက်ကြီးကို တွေ့ရှိခဲ့ကြသည်။ ဂျပန်ခေတ်က ပျက်ကျခဲ့သည်ဟုထင်ရသည့် လေယာဉ်ပျံထဲမှ ရွှေဒင်္ဂါးပြားများရွှေချောင်းများ ရလာခဲ့သည်။ ကျန်သည့်ရွှေချောင်းသေတ္တာများကို ဂူကြီးတစ်ခုအတွင်း လျှို့ဝှက်စွာထားခဲ့ကြသည်။

ညစိုးတို့ ရှေ့ဆက်ဘာလုပ်ကြမည်နည်း…

ညစိုးအတွေးထဲတွင် ချင်လောထုံအတွက်အင်္ကျီအဝတ်အစားတွေဝယ်ပေးချင်သည်။ ရွှေလက်ကောက်ရွှေဆွဲကြိုးရွှေနားကပ်လေးများဆင်ပေးချင်သည်။ သူချစ်သော ချင်လောထုံအလှနတ်သမီးလေးဖြစ်သွားအောင် ဝတ်စားဆင်ယင်ပေးချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ငါတို့ဘဝက ရိုးရိုးသားသားတောင်ယာလုပ်အမဲလိုက်ပြီး နေလာတာ အရမ်းငြိမ်းချမ်းတယ် လုံထန်း၊ ငါတို့မှာ ဘာပြဿနာမှ မရှိဘူး၊ အခု မင်းတို့ရလာတဲ့ ရွှေတွေက အန္တရာယ်အရမ်းကြီးတယ်၊

ဒါတွေငါတို့ဆီမှာ ရှိတယ်ဆိုတာပါ သိသွားရင် မတော်လောဘရှိတဲ့လူဆိုးတွေက ဒုက္ခပေးကြလိမ့်မယ်၊ ရန်ရှာလာကြတော့မယ် သတိဝိရိယနဲ့ထားမှ ဖြစ်တော့မယ်… '

'ဒီလိုလဲမဟုတ်ပါဘူး မြို့တက်ပြီးနည်းနည်းပါးပါးထုခွဲရောင်းချမယ်၊ ချင်လောထုံအတွက် အဝတ်အစားသစ်လေးတွေဝယ်ပေးချင်တာပါ၊ လုံထန်း ဒီကနေ မြို့တက်ရင်ဘယ်လောက်ကြာမလဲ … '

'ရွှေဒဂါးပြားတွေရောင်းမယ်ဆိုရင်တော့ မိုင်းပွန်အထိဘက်မှ ဖြစ်မယ် မိုင်းပွန်ရောက်ဖို့က လမ်းမှာ သုံးညလောက်တော့ အိပ်ရမယ် … '

'အဲဒီအထိမသွားပါနဲ့ လမ်းမှာလူဆိုးတွေနဲ့ တွေ့ရင် ဘယ်လိုလုပ်မလဲ …'

ချင်လောထုံက ညစိုးအား မသွားရန် တားမြစ်သည်။





သူမအနေနှင့် ညစိုးအပေါ်တွင် စွဲလမ်းချစ်နေမိပြီဖြစ်၍ ညစိုး ထွက်ပြေးသွားမှာကို လွန်စွာမှ စိုးရိမ်နေမိသည်။

'ငါ့အတွက် ဘာမှ မစိုးရိမ်နေနဲ့ ညီမရယ်၊ ငါတစ်ယောက်တည်း သွားမှာမှမဟုတ်တာ လုံထန်းလည်း ပါတာပဲ၊ လုံထန်းနဲ့ အတူ သွားပြီး အတူပြန်လာခဲ့မှာပေါ့ လိုတဲ့ပစ္စည်းလေးတွေ စားကောင်းသောက်ဖွယ်ရာတွေ ဝယ်လာခဲ့မယ် ဆားလည်း ဝယ်ရမယ်၊ ငါတို့ နှစ်ယောက် အမြန်ဆုံးပြန်လာကြမှာပဲ …'

'နင်တကယ်ပြောတာနော် …'

'စိတ်ချညီမ ငါဘယ်တော့မှ နင်တို့နဲ့ ခွဲမသွားဘူး ငါ့မှာ ကလေ အမေလည်းမရှိဘူး ဆွေမျိုးသားချင်းလည်း မရှိဘူး ငါ့မွေးချင်းကလည်း ကွဲသွားတဲ့ အမြွှာအစ်ကိုတစ်ယောက်ပဲ ရှိတယ်၊ ငါသိပ်တွေ့ချင်တယ်၊ သူက ရှမ်းစော်ဘွားလို့ပြောတယ်။ မြို့တက်သွားရင်း တွေ့လိုတွေ့ငြားရှာကြည့်ချင်သေးတယ်။ ငါဒီကိုထွက်လာတဲ့ရည်ရွယ်ချက်က ငါ့အစ်ကိုကို ရှာဖို့ အတွက် ဇွန်ဇွန်စားစား ထွက်လာတာပါ … ငါ့အစ်ကိုကို မြင်ဖူးချင်တာက ခွဲလို့ တခြားဘာမျှော်လင့်ချက်မှ မရှိဘူး ငါ့ဘဝနဲ့ကလည်း အခြားစီပဲဖြစ်မှာ စိတ်ချညီမ၊ ငါ့မှာက ဆွေမျိုးသားချင်း မရှိ



www.burmeseclassic.com

www.burmeseclassic.com



သလို သံယောဇဉ်တွယ်တာစရာဘယ်သူမှ မရှိဘူး အခုဒီကို ရောက်မှ နင့်တို့ဟာ ငါ့မိသားစုပဲ ငါ့ဘဝပဲ ငါဘယ်မှ ထွက်မသွားဘူး ငါသေတဲ့အထိ ဒီမှာပဲ နင်တို့နဲ့ တစ်သက်လုံး နေသွားမှာပဲ ...'

ညစိုးက မြို့တက်လိုသည့် သူ့သဘောထားများကို ပွင့်ပွင့်လင်းလင်းပြောပြလိုက်သည်။ ထိုအခါကျမှ ချင်လောထုံသည်လည်း စာနာစိတ်နှင့် နားလည်သဘောပေါက်သွားသည်။ အစ်ကိုဖြစ်သူ လုံထန်းဘက်သို့ လှည့်ကြည့်ပြီး ပြောလိုက်သည်။

'အစ်ကို ငါ့ယောက်ျားကို မြို့မှာ မထားခဲ့နဲ့. ဆက်ဆက်ပြန်ခေါ်လာရမယ် ...'

'အေးပါ ... ညီမရယ် သူလည်း ကတိပေးထားတာပဲ ယောက်ဖက ငါ့ဆီမှာသစ္စာဆိုထားတယ် ... ငါ့ညီမကို ခွဲမသွားပါဘူး သူ့အစ်ကိုဆိုတာကိုတွေ့ချင်ရှာချင်တာကိုလည်း ခွင့်ပြုလိုက်ပါဦးညီမရယ် ...'

ညစိုးအနီးသို့ တိုးကပ်ရင်း ညစိုးလက်အား အတင်းဆုပ်ထားလိုက်မိသည်။ ချင်လောထုံအတွက် ညစိုးသည်မရှိမဖြစ်တော့ပေ။ သံယောဇဉ် တွယ်တာရသလို စွဲစွဲလမ်းလမ်း ချစ်နေ





သည့်အလျောက် မျက်စိအောက်မှ အပျောက်မခံနိုင်အောင် ဖြစ်ရသည်။ သူတို့ နေထိုင်ရာ တောခေါင်ခေါင်တောင်ယာတောထဲသို့ မထင်မှတ်ဘဲ ရောက်လာသည်။ ရှားရှားပါးပါး ချစ်ရသူဖြစ်သည်။

ညစိုးတို့ မိုင်းပွန်သို့ သွားရန်အတွက် လမ်းတွင် စားသောက်ရန် ကောက်ညှင်းပေါင်း နှင့် အမဲခြောက်များ ကိုချင်လောထုံက ပြင်ဆင်ပေးသည်။ နက်ဖြန်မနက်စောစောတွင် တစ်တောင်တစ်တောင်တက်ရင်း ဝေခမ်းခရီးအတိုင်း လုံထန်းနှင့် ညစိုးတို့သည် မိုင်းပွန်သို့ ခရီးထွက်ကြတော့မည်ဖြစ်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ၃၆ ကောင် ပေါက်ကောင်ဖွင့်မယ်

မိုင်းပွန်မြို့

ဘယ်နေရာကိုပင်ကြည့်ကြည့် မှိုင်းပြသော တောအုပ်များ တောင်တန်းများက ပတ်ပတ်လည်ဝိုင်းကာထားသည်။ မိုင်းပွန်ဈေးတွင် အနီးပတ်ဝန်းကျင်ကျေးရွာများမှ အထမ်းများနှင့် ဈေးလာရောင်းကြသည်။

ရှမ်း၊ ခမ်နူ၊ တောင်သူ၊ ပအို့၊ ကချင် စသည်ဖြင့် တိုင်းရင်းသားမျိုးစုံကို မြင်တွေ့နေရသည်။ စည်ကားသော ဈေးကြီးဖြစ်သည်။

လုံထန်းနှင့် ညစိုးတို့သည် ရွှေဆိုင်တစ်ဆိုင်သို့ ဝင်ရောက်ပြီး ပါလာသည့် ရွှေဒင်္ဂါးပြားများကို ရောင်းချကြသည်။ ရောင်းရသည့်ငွေနှင့် ဈေးတန်းထဲတွင် လိုအပ်သော အသုံးအဆောင်များ





ဆားများ ချင်လောထုံအတွက် အင်္ကျီအဆင်လှလှလေးများကို ဝယ်ယူလိုက်သည်။

'ဝယ်စရာပစ္စည်းတွေလည်း တော်တော်စုံသွားပြီ ထမင်းဆိုင်တစ်ဆိုင်မှာထမင်းဝင်စားပြီးတာနဲ့ တစ်ခါတည်း ပြန်ဆင်းကြရအောင် ...'

လုံထန်းက ညစိုးအားပြောလိုက်သည်။

'ကောင်းတယ် .. လုံထန်း .. ငါလဲပြန်ချင်ပြီ ခုလောက်ဆို ချင်လောထုံမျှော်နေရှာမယ် ...'

ရွှေဆိုင်တစ်ဆိုင်တွင် ရောင်းချပြီးနောက် သူတို့နှစ်ယောက် နောက်သို့ မယောင်မလည်နောက်ယောင်ခံပြီး လိုက်ပါလာသော သူတစ်ဦးကိုတော့ သတိမထားမိပေ။ မနက်စာစားရန်အတွက် ထမင်းဆိုင်လေးတစ်ဆိုင်အတွင်းသို့ ဝင်လိုက်ကြသည်။ ရှမ်းထမင်းဆိုင်လေးဖြစ်သည်။

ဆိုင်ကလေးအမည်မှာ ယုန်နှစ်ကောင် ထမင်းဆိုင်ဟု ခေါ်ကြသည်။

ဆိုင်းဘုတ်တပ်မထားသော်လည်း ယုန်လေးနှစ်ကောင်မွေးထားရာမှ ယုန်နှစ်ကောင်ထမင်းဆိုင်ဟု အမည်တွင်လာခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ဆိုင်ဘေးနားတွင် မြင်းဇောင်းတစ်ခုရှိသည်။ မြင်းဇောင်းတွင် မြင်းသုံးကောင်ကိုလည်း တွေ့ရသည်။ တောင်ပေါ်ဒေသများဖြစ်သောကြောင့် ခရီးသွားကြရာတွင် မြင်းကို အသုံးပြုလေ့ရှိသည်။

ဆိုင်အတွင်း၌ စားသောက်နေကြသူများမှာ (၁၀) ဦးခန့်ရှိသည်။ ရှမ်း ကချင် မြန်မာ တိုင်းရင်းသားမျိုးစုံတို့၏စကားပြောသံ စားသောက်သံများနှင့်ဆူညံနေပေသည်။ လုံထန်းတို့နောက်သို့ နောက်ယောင်ခံလိုက်နေသော လူကြီးသည်လည်း သူတို့ထမင်းစားပွဲနောက်နားတွင် မယောင်မလည်နှင့် ဝင်ထိုင်လိုက်သည်ကို တွေ့ရသည်။

အသားမည်းမည်း၊ မျက်ပေါက်ကျဉ်းကျဉ်းနှင့် မျက်နှာထားဆိုးသော လူကြီးတစ်ယောက်ဖြစ်သည်။ ကျောကုန်းထက်တွင် ဓါးအိမ်နှင့် ဓါးကိုချိတ်ထားသည်။ ဝါးဆစ်ခွက်ထဲမှ ရှမ်းအရက်များကို မော့သောက်ရင်း လုံထန်းနှင့် ညစိုးတို့အား မသိမသာ အကဲခတ်ကြည့်လျက်ရှိသည်။

'ထမင်းစားမှာလား ...'

ရှမ်းမလေး တစ်ယောက်က လုံထန်းတို့စားပွဲသို့ ရောက်





လာပြီး မေးလိုက်သည်။ မြန်မာသံဝဲဝဲနှင့် ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်တင်းတင်းနှင့် ချစ်စရာကောင်းလှသည်။

'အေး ... စားမယ် ... နှစ်ယောက်စာပြင်လာခဲ့ ...'

ရှမ်းဆန်နီနီရဲရဲအသီးအရွက်နှင့် ဆတ်သားရောမွှေထားသော ဟင်းများ လာချပေးသည်။ လုံထန်းနှင့် ညစိုးကိုနှစ်ယောက်လည်း ဆာလောင်မွတ်သိပ်နေသောကြောင့် မြိန်ရည်ယှက်ရည် စားသောက်နေကြသည်။

ထိုအချိန်တွင် ယုန်နှစ်ကောင်ထမင်းဆိုင် ရှေ့တွင် မြင်းခွာသံများကြားလိုက်ရသည်။ မြင်းဇောင်းတွင် မြင်းများကို ချည်လိုက်ပြီး မြင်းပေါ်မှ ဗလကောင်းကောင်း မိုက်တီမိုက်ကန်း လူတစ်ယောက် ဆိုင်ထဲသို့ ဝင်လာသည်။

အောက်ပိုင်းတွင် ရှမ်းဘောင်းဘီ ဝတ်ထားပြီး အပေါ်ခန္ဓာကိုယ်ပေါ်တွင် အင်္ကျီဝတ်မထားပေ။ သူ့ကိုယ်ပေါ်တွင် စမအင်းများ ရင်ဘတ်ပေါ်တွင် ကြောက်မက် ဖွယ်ကောင်းသော ဘီလူးရုပ်ဆေးမှင်ကြောင်များ ထိုးနှံထားသည်။

အသွင်အပြင် ပုံပန်းသဏ္ဌာန်ကြည့်လိုက်ခြင်းအားဖြင့် ကြမ်းတမ်းခက်ထန်သော လူကြီးတစ်ယောက်ပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်ပေါက်ကျဉ်းကျဉ်း မျက်နှာထားဆိုးသော လူကြီး အရက်သောက်နေသည့် ဝိုင်းသို့ ဝင်ထိုက်လိုက်သည်။

'ဟေ့ … အရက်တစ်အိုး မြန်မြန်ချကွာ …'

ရောက် ရောက်ချင်း အော်ကြီးဟစ်ကျယ်နှင့် အရက်လှမ်း မှာလိုက်သည်။

'နောက်ကျလိုက်တာ ဘီလူးကြီးရာ အရေးကြီးနေပါ တယ်ဆိုနေမှ …'

'အခြေအနေဘယ်လိုလဲ ခါးငမိုးရ …'

ခါးငမိုးနှင့် ဘီလူးကြီးဆိုသော လူနှစ်ယောက်မှာ တောင် ထွက် ရာဇဝင်လူဆိုးများဖြစ်ကြသည်။ ဓားမြမှု လူသတ်မှု လုယက် မှုများနှင့် ထောင်အကြိမ်ကြိမ်ကျခဲ့ဖူးသူများဖြစ်သည်။ ခါးငမိုးဆို သောသူက လုံထန်းနှင့် ညစိုးအား မျက်ရိပ်ပြလိုက်ပြီး တိုးတိုးလေး ကပ်ပြောလိုက်သည်။

'အဲဒီနှစ်ကောင်ပဲ ရွှေဒင်္ဂါးပြားတွေလာရောင်းသွားတယ် ဘယ်ကရလာတယ်မသိဘူး၊ တောင်ရိုးဘက်က ဆင်းလာတဲ့သူ တွေ ဒီမြို့မှာ တစ်ခါမှ မတွေ့ဖူးဘူး နှစ်ယောက်စလုံးကို ဖမ်းပြီးအော် လိုက်ရင် ငါတို့ပွပေါက်တစ်ခုတိုးတာပဲ…'





'မင်းဘယ်လိုလုပ်မယ်စိတ်ကူးလဲ …'

'လွယ်ပါတယ်ကွာ… ထမင်းဆိုင်က ထွက်သွားတာနဲ့ နောက်ယောင်ခံလိုက်မယ် ၃၆ ကောင်ထီရုံနားရောက်ရင် ဖမ်းခေါ် သွားရုံပဲ …'

ဈေးထဲတွင် ရွှေဒင်္ဂါးပြားလာရောင်းသော လုံထန်းတို့အား အမှတ်မထင်မြင်တွေ့မိရာမှ ဘီလူးကြီး အားအကြောင်းကြားပြီး အရိပ်အခြေကိုစောင့်ကြည့် နေကြခြင်းဖြစ်သည်။ လုံထန်းနှင့် ညစိုးတို့ နှစ်ယောက်မှာ သူတို့နှစ်ယောက်နောက်သို့ နောက်ယောင် ခံလိုက်မှန်းလုံးဝမရိပ်မိပေ။ ထမင်းဆိုင်မှ စားသောက်ပြီးပြန် ရန် အပြင်ဘက်သို့ ထွက်လာခဲ့ကြသည်။ ခါးငမိုးနှင့် ဘီလူးကြီး ကလည်း အရိပ်သဖွယ်ကပ်ပြီးလိုက်ပါလာသည်။

'ဒူ … ဒူ … ဒူ …'

မောင်းထုသံများကြားလိုက်ရသည်။ မောင်းသံကြားရာဆီ သို့ လူအများအပြေးအလွှားရောက်လာကြပြီး စုဝေးလိုက်သည်ကို မြင်တွေ့လိုက်ကြရသည်။ ညစိုးအမြင်မှာတော့ အထူးအဆန်း ဖြစ်နေသည်။ အတွေ့အကြုံသစ်များက သူ့အတွက် အရာရာ စိတ်ဝင်စားဖွယ်ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'လုံထန်း ဟောဟိုမှာ လူတွေစုစုနဲ့ အဲဒါဘာတွေလုပ်နေကြတာလဲ …'

'အဲဒါ ၃၆ ကောင်ထီဖွင့်နေတာလေ …'

ညမိုးက စိတ်ဝင်တစား ကြည့်လိုက်သည်။ တိုင်ထိပ်မှ ပေါက်ကောင် ထုပ်နှီးနှီးသည့် ခြုံသံတလွင်လွင်နှင့် ကျလာသည်။ ပေါက်ကောင်ဖွင့်မည့်သူက အဝတ်အနီစကို ဖြည်လိုက်ရာ သေတ္တာ ငယ်တစ်ခုထွက်လာသည်။ ၃၆ ကောင်ထီဖွင့်ပွဲအား ကြည့်နေသူများထဲတွင် ဒေါက်တာသူရိန်နှင့် အိုက်စံတို့ နယ်လှည့် ဆေးကုသော အဖွဲ့လည်း တခြားကျေးရွာများသို့ ဆေးကုရန်ထွက်လာရာမှ မိုင်းမွန်သို့ ရောက်လာခဲ့ကြသည်။ ၃၆ ကောင်ထီဖွင့်ပွဲနှင့် ကြုံနေသောကြောင့် ခေတ္တခဏရပ်ကြည့်နေကြသည်။

အမှတ်မထင် လူအုပ်ကြားထဲမှ ညစိုးအား လှမ်းမြင်တွေ့မိလိုက်သည်။

ဒေါက်တာသူရိန်သည် ညစိုးအား ဘေးတိုက်အနေအထားမှ မြင်တွေ့ရာမှ လက်ကိုဖမ်းဆွဲလိုက်ပြီး ဝမ်းသာအားရ နှုတ်ဆက်လိုက်သည်။

'နယ်စားလေးလည်း မိုင်းပွန်ကိုရောက်နေတာကိုး …'





ညစိုးကသူ့လက်ကို ဖမ်းဆွဲခံလိုက်ရသောကြောင့် လန့်သွားပြီး လှည့်ကြည့်လိုက်သည်။

သပ်သပ်ရပ်ရပ်ဝတ်ဆင်ထားသူတစ်ယောက် ဒီအရပ်ဒေသတွင် သူနှင့် သိကျွမ်းရင်းနှီးသူမရှိ၊ သူ့အသိလည်း မဟုတ်ငေးကြောင်စွာ ပြန်ကြည့်နေမိသည်။

'နယ်စားလေး ဘာကြောင့် ကြည့်နေတာလဲ၊ ကျွန်တော့်ကိုမမှတ်မိတော့ဘူးလား ဒေါက်တာသူရိန်လေ…'

ညစိုးကခေါင်းခါပြသည်။ လူအုပ်များကြားတွင် သူမသိသော လူတစ်ယောက်က တရင်းတနှီးလာရောက်နှုတ်ဆက်နေသောကြောင့် အံ့သြနေမိသည်။

အိုက်စံက ဒေါက်တာသူရိန် အနားသို့ ကပ်ပြီးခပ်တိုးတိုးလေး ပြောလိုက်သည်။

'ဆေးဆရာလုံ လူမှားနေပြီ သူကနယ်စားလေးမဟုတ်ဘူး…'

ဟုတ်တော့လည်း ဟုတ်သည်။ အမှတ်တမဲ့ နယ်စားလေးနှင့် ရုပ်ချင်းခွဲမရအောင်တူသောကြောင့် ဒေါက်တာသူရိန် မှားပြီးခေါ်လိုက်မိခြင်းဖြစ်သည်။ မျက်နှာအသွင်အပြင်မှာ နယ်စား

www.burmeseclassic.com



လေးနှင့်ခွဲမရအောင် တူလွန်းသည်။ တစ်ပုံစံတည်း ဖြစ်သည်။ သို့သော် ဝတ်စားဆင်ယင်မှုများက သိသိသာသာကွဲပြားခြားနား လျက်ရှိသည်။

နယ်စားလေးသာဖြစ် မည်ဆိုပါက ယခု မြင်တွေ့ရသော ညစိုးဝတ်ဆင်ထားသည့် အဝတ်အစားနွမ်းနွမ်းများကို ဝတ်ဆင် ထားမည်မဟုတ်ပေ။

'ဆောရီးဗျာ၊ ကျွန်တော် လူမှားသွားတယ် …'

ဒေါက်တာသူရိန်နှင့် အိုက်စံတို့သည်လည်း လူအုပ်ထဲမှ အပြင်သို့ ထွက်လိုက်ကြသည်။

'ရွှေနဂါး …'

အသံကုန်ဟစ်ပြီးအော်လိုက်သောကြောင့် ပေါက်ကောင် ဖွင့်သူဖက်သို့ ညစိုးလှည့်ကြည့်လိုက်သည်။

ဆလွှာယယ်ထဲမှ အဝတ်နီနှင့် ပတ်ထားသော ကဒ်ပြားကို တစ်ပတ်ချင်းဖြည်ချကာ ကဒ်ပြားကို မြှောက်ပြီး အော်လိုက်ခြင်း ဖြစ်သည်။

ပေးချင်သော အတိတ်ပေး၍ ဖွင့်ချင်သော အကောင်တို ဖွင့်သော ၃၆ ကောင် ထီဖြစ်သည်။





ပေါက်သူများက အုတ်အုတ်ကျက်ကျက် ရွှင်လန်းစွာ အော်ကြသောလူအုပ်ကြီးမှာ ပြုံဆင်းလာသည်။

ညစိုးနှင့် လုံထန်းမှာ လူအများတိုးကြိတ်နေသည့် ကြားမှ လူချင်းကွဲသွားသည်။ ညစိုးနောက်များတွင် ကပ်ပါလာသော ဓါးငမိုးသည် ညစိုးလက်အား လိမ်ချိုးလိုက်ပြီး ခါးကြားအား ဓါးမြှောင်နှင့် ထောက်ထားလိုက်သည်။

'ဟေ့လူ … ဘာလုပ်တာလဲ ..'

'မသေချင်ရင် အသံမထွက်နဲ့ တွေ့တယ်မဟုတ်လား၊ မင်းခါးမှာ ထောက်ထားတဲ့ဓါးမြှောင်က ဗိုက်ထဲကို တစ်ဆုံးဝင်သွား မယ် ဘာမှတ်လဲ လာလိုက်ခဲ့ …'

အရုပ်ဆိုးဆိုး မျက်နှာပေါက်ကျဉ်းကျဉ်း ဓါးငမိုးက လူ အုပ်အပြင်သို့ဆွဲထုတ်လာသည်။ ထိုအချိန်မှာပင် မြင်းခွာသံများ ကြားလိုက်ရသည်။ မြင်းလှတ်တစ်ကောင်ကို ဆွဲခေါ်ရင်း ဘိလူး ကြီးရောက်လာသည်။ ညစိုးက ရုန်းကန်ရင်း ထွက်ပြေးရန် ကြိုးစား သည်။ ဓါးငမိုးကလည်း လျှင်သည် ခါးကို ဓါးနှင့်ထောက် ထားရာမှ ညစိုး နောက်စေ့အား ဓါးနောင့်နှင့် လက်ပြန်ရိုက်လိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



မြေပြင်ပေါ်သို့ ခွေခနဲ ကျသွားသည်။ ဦးခေါင်းထဲတွင် ပူကနဲဖြစ်သွားပြီး မျက်လုံးထဲတွင် ကြယ်တွေလတွေထွက်သွားသည်။

ညစိုး လုံးဝသတိမရတော့ပေ။ ခါးမိုးသည် ဘီလူးကြီးစီးလာသော မြင်းပေါ်သို့ပွေ့တင်လိုက်သည်။ ထို့နောက် ပါလာသော မြင်းလွတ်တစ်စီးပေါ်သို့ ခုန်တက်ရင်း ဒုန်းစိုင်းစီးသွားသည်။

၃၆ ကောင် ထီဖွင့်ပွဲပေါ်သို့ အာရုံစိုက်နေသော လူများမှာလည်း တထိတ်ထိတ်တလန့်လန့် ဖြစ်သွားကြသည်။ မြင်းပေါ်တွင် သတိမေ့ပြီးပါသွားသော ညစိုးအား မြင်လိုက်ရသော လုံထန်းမှာလည်း အော်ဟစ် အကူအညီတောင်းလိုက်သည်။

‘လုပ်ကြပါဦး ကျုပ်ယောက်ဖကို လူဆိုးတွေဖမ်းသွားပြီ …’

‘ဟုတ်တယ် … ဟုတ်တယ် .. အဲဒါ ခါးမိုးနဲ့ ဘီလူးကြီးဘဲ ဒီကောင်တွေက ထောင်ထွက်လူဆိုးတွေ …’

လူအုပ်ကြီးမှာ တစ်ယောက်တစ်ပေါက်နှင့် အော်ဟစ်ပြောဆိုနေကြသော်လည်း ဒုန်းစိုင်းစီးသွားသော မြင်းများနောက်သို့





ဘယ်သူမှ မလိုက်ရဲကြပေ။ မကြာမီမှာပင် လူဆိုးများဖမ်းဆီးသွားသော ညစိုးနှင့် မြင်းများမှာ တောအုပ်ထဲသို့ တိုးဝင်သွားရာမှ ပျောက်ကွယ်သွားကြသည်။

‘ဒုက္ခပါဘဲဗျာ … ကျုပ် ယောက်ဖကို ဘာဖြစ်လို့ ဖမ်းသွားကြတာလဲမသိဘူး …’

စိတ်ပျက်လက်ပျက်ဖြစ်နေသော လုံထန်း အနီးသို့ ဒေါက်တာသူရိန်ရောက်လာသည်။

‘အဖမ်းခံရတဲ့သူက ခင်ဗျားယောက်ဖလား ခင်ဗျားတို့က ဘယ်မှာနေကြတာလဲ …’

‘ဟုတ်တယ် .. ကျုပ်ယောက်ဖ၊ နာမည်က ညစိုးတဲ့၊ ကျုပ်တို့က တောင်ပေါ်မှာ နေတာ မိုင်းပွန်ကို ဈေးလာဝယ်ရင်း အခုလို ဖြစ်ရတာ၊ ဘာဖြစ်လို့ဖမ်းသွားတာလဲ မသိဘူး ကျုပ်တစ်ယောက်တည်းလည်း ပြန်လို့မဖြစ်ဘူး၊ ခက်တော့တာပါပဲ ခင်ဗျာ …’

နယ်စားလေးညမိုးနှင့် ရုပ်ချင်း ဆင်တူသောသူကို ဖမ်းဆီးခေါ်ဆောင်သွားသောကြောင့် ဒေါက်တာသူရိန် စိတ်ဝင်စားသွားသည်။ သူ့မျက်လုံးထဲတွင် စော်ဘွားလေး ညမိုးမျက်နှာပေါ်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ စော်ဘွားလေးနာမည်က ညမိုးဖြစ်ကြောင်းပြောပြဘူးသည်။

ယခုလူဆိုးများ ဖမ်းဆီးခေါ်ဆောင်သွားသူမှာ သူလူများ၏ နှုတ်ဆက်မိသော ညစိုးဖြစ်ကြောင်းသိလိုက်ရသည်။ စော်ဘွားလေး ဟွင် ပျောက်ဆုံးနေသော ညီသော်လည်းကောင်း အစ်ကိုသော်လည်းကောင်း သူ၏အိပ်မက်များအရ သက်ရှိထင်ရှားရှိနေသည်ကို သိရှိထားသည်။ ရုပ်ချင်းကလည်း အံ့သြလောက်အောင် ခွဲ၍ မရအောင် တူညီနေကြသည်။ ညစိုးအားတွေ့ရှိကြောင်း စော်ဘွားလေးသာ သိရှိသွားပါက လွန်စွာမှ ဝမ်းသာသွားပေလိမ့်မည်။

'ကဲ… တောင်ပေါ်ကလူ၊ ခင်ဗျားနာမည်ဘယ်လိုခေါ်လဲ…'

'ကျုပ်နာမည်လုံထန်းပါ …'

'ဟုတ်ပြီလုံထန်း ဘာမှ မစိုးရိမ်နဲ့ လူဆိုးတွေဖမ်းသွားတဲ့ ခင်ဗျားယောက်ဖကို ပြန်ရအောင်ကယ်တင်ပေးမယ်၊ ကျုပ်နဲ့ရင်းနှီးတဲ့ နယ်စားလေးဆီကို အကြောင်းကြားပေးမယ် လောလောဆယ်တော့ ကျုပ်တို့နဲ့ လိုက်ခဲ့ပါ ကျုပ်တို့က အခုမှ နယ်လှည့်ဆေးကုသနေတဲ့ အဖွဲ့ဖြစ်တယ် …'





ဒေါက်တာသူရိန်သည် တပည့်ကျော်အိုက်စံအား နယ်စားလေးထံသို့ အကြောင်းကြားရန် အမြန်ပြန်လွှတ်လိုက်သည်။ မိုင်းမွန်တွင် တည်းခိုရင်း နယ်စားလေး ရောက်လာမည်ကို စောင့်ကြိုနေလိုက်ကြသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အမြွှာညီအစ်ကို

ညစိုး သတိရလာသည်။ သူရောက်ရှိနေသော နေရာမှာ တောနက်တစ်နေရာတွင် ယာယီတဲလေးများ ထိုးထားသော ဓါးငမိုးနှင့် ဘီလူးကြီးတို့၏ စခန်းဖြစ်သည်။ လက်နက်ကိုင် လူဆိုး ငါးယောက်ခန့်ရှိသည်။ သစ်ပင်တစ်ပင်အောက်တွင် ညစိုးအား ကြိုးများနှင့် တုတ်၍ ပူးကပ်ချည်နှောင်ထားကြသည်။

ဒီလူတွေသည် သူနှင့် သိကျွမ်းသူများလည်း မဟုတ် ရန်ငြိုးရန်စလည်းမရှိ။ ဘာကြောင့် ယခုလို ဖမ်းဆီးထားသည်ကို စဉ်းစားမရနိုင်အောင်ရှိရသည်။ သူ့ဆီသို့ လျှောက်လာသော ခြေသံများကို ကြားလိုက်ရသည်။ ဓါးငမိုးနှင့် ဘီလူးကြီးတို့ ခေါင်းဆောင်ပြီး လက်နက်များ ကိုယ်စီကိုင်ထားသော နောက်လိုက်နောက်ပါများနှင့် ရောက်လာသည်။





'ဟေ့ကောင် ... မှန်မှန်ပြောစမ်း ရွှေဒင်္ဂါးပြားတွေကို မင်းတို့ ဘယ်ကရတာလဲ၊ မင်းဆီမှာ ဘယ်လောက်တောင် ရှိနေတာလည်း မှန်မှန်ပြောစမ်း ... '

ဘီလူးကြီးက ဒေါနှင့် မောနှင့် ပြောရင်း သူ့အနီးသို့ တိုးကပ်လာသည်။ ညစိုး သိလိုက်ပြီ သူနှင့် လုံထန်းတို့ ရွှေဆိုင်တွင် ရွှေဒင်္ဂါးများရောင်းလိုက်သည်ကို လူဆိုးများသိရှိသွားကြပြီဖြစ်သည်။ ရွှေဒင်္ဂါးများကို လျှို့ဝှက်စွာမြုပ်နှံထားသည့် နေရာကိုလည်း လုံထန်းနှင့် သူနှစ်ဦးသာသိသည်။ မရမချင်း နှိပ်စက်ညှဉ်းပမ်းကြမည့် လူဆိုးများဖြစ်သည်။ ဘာပဲဖြစ်ဖြစ် အသက်သာ အသေခံမယ် ရွှေဒင်္ဂါးများ မြုပ်နှံထားသည့် နေရာကိုတော့ ထုတ်ဖော်မပြောရန် ဆုံးဖြတ်လိုက်သည်။

ယခုလောက်ဆိုရင် ယောက်ဖဖြစ်သူ လုံထန်းလည်း သူ့အတွက် စိုးရိမ်သောက ရောက်နေပေတော့မည်။ ၃၆ ကောင်ထိမွှင့် ချိန် လူအုပ်ထဲတွင် သူနှင့် လူချင်းကွဲသွားရာမှ ယခုလိုဖြစ်ပျက်ခဲ့မှန်း ညစိုးသတိပြန်လည် အမှတ်ရလာသည်။

' ဒီကောင့်ကို ဒီလိုမေးလို့ရမှာမဟုတ်ဘူး၊ ပေကပ်ကပ်နဲ့ ပညာပေးမှရမယ် ...'



www.burmeseclassic.com

www.burmeseclassic.com



ခါးမိုးက ပါဝင်ပြောလိုက်သည်။ ခါးမိုးလက်ချက်ကြောင့် သူ့ခေါင်းတွင်လည်း သွေးစများ ခြောက်ကပ်လျက်ရှိသည်။ လက်နက်ကိုင် အနိုင်ကျင့် အသက်မွေးဝမ်းကြောင်းပြုနေသော လူဆိုးများ ဖြစ်ကြ၍ မောက်မာထောင်လွှား ရက်စက်ကြမ်းကြုတ်ခြင်းမှာ ပြောစရာမရှိတော့ပေ။ ဘီလူးကြီး၏ ခြေတစ်ဖက်က မြောက်တက်လာပြီး ညစိုးမျက်နှာအား ကျုံး၍ ကန်ထည့်လိုက်သည်။

'ဖောင်း ....'

ခေါင်းထဲတွင် မီးပွင့်သွားမတတ် ပြင်းထန်သောဝေဒနာကို ခံစားလိုက်ရပြီး မူးမိုက်သွားသည်။ ညစိုးသည် ခေါင်းငိုက်စိုက်ကျသွားသလို အဲခဲပြီး ကြိတ်မှိတ်ခံလိုက်သည်။

အဖိုးကြီးထန်ကျင်းထန်ပြောသော စကားများကို ပြန်လည် အမှတ်ရမိလိုက်သည်။ ရွှေဒင်္ဂါးပြားများ ရှိမှန်းသိသွားလျှင် မတော်လောဘရှိသော လူဆိုးတွေက ဒုက္ခပေးလိမ့်မည်ဟု သတိပေးစကား ပြောခဲ့ဖူးသည်။ မှန်လှပေသည်။ ယခုတော့ ထန်ကျင်းထန်ပြောသည့်အတိုင်း လူဆိုးများက သူ့အား ရက်ရက်စက်စက် နှိပ်စက်နေကြသည်။





'ဟေ့ကောင် ပြောလေကွာ၊ မင်းဒီရွှေဒင်္ဂါးပြားတွေကို ဘယ်နေရာကရခဲ့သလဲ ဆိုတာ ငါတို့သိချင်တယ် ...'

ပြောပြောဆိုဆို ခါးမိုး၏ ကြမ်းတမ်းသော လက်ဝါးသည် ညစိုး၏ပါးပြင်အား ဖျန်းခနဲနေအောင်ရိုက်နှက်လိုက်ပြန်သည်။ လက်ဝါးစောင်း လက်သီးချက်များကလည်း အဆက်မပြတ် ဝင်ရောက်လာသည်။ ညစိုးမျက်နှာ ခန္ဓာကိုယ်တစ်ခုလုံးအား နှိပ်စက်ထားသည့် ဒဏ်ကြောင့် ဖူးယောင်ပြီး အညိုအမည်းစွဲလျက်ရှိသည်။

ဘယ်လိုပင်နှိပ်စက်သော်လည်း ညစိုးမပြောပေ ပါးစပ်ထဲမှ သွေးများစီးကျလာသည်။ ကြိတ်မှိတ်ပြီး တင်းခံသည်။

'တော်တော်ခေါင်းမာတဲ့ အကောင်ပဲ၊ ဒီလောက်နှိပ်စက်နေတာတောင် စကားလုံး တစ်လုံးမှ ထွက်မလာဘူး၊ တွေ့ကြသေးတာပေါ့ကွာ ... ဟေ့ကောင်တွေ ... ဒီကောင့် ကို ဒီအတိုင်းသာ ပစ်ထားလိုက် နောက်နေ့ကျမှ မသေမချင်း ညှဉ်းဆဲပြီး မရ ရအောင်ဖော်ထုတ်ရမယ် ...'

ခါးမိုးက သူ့တပည့်များအား မှာကြားပြီး တဲထဲသို့ ဝင်သွားကြသည်။ ညနေပိုင်းသို့ ရောက်လာပြီဖြစ်ပြီး ချက်



www.burmeseclassic.com

www.burmeseclassic.com



ပြုတ်စားသောက်ကြရင်း အရက်ဝိုင်းဖွဲ့သောက်ကြသည်။ တဲထဲ ကွင် ဘီလူးကြီး၊ ခါးငမိုးနှင့် တပည့်များ စကားပြောသံ ဆူညံ ညံ့အသံများကြားနေရသည်။

တဖြည်းဖြည်းနှင့် နေရောင်ကွယ်ပျောက်သွားသဖြင့် ညအမှောင်ရိပ်များ ကျလာသည်။ ညစိုးအဖို့ တောတောင်သဘာဝ ၏ အအေးဒဏ် ရိုက်နှက်နှိပ်စက်ထားခြင်းခံရသော ဒဏ်ရာများ ကြောင့် ကိုက်ခဲနာကျင်လျက် ပြင်းထန်စွာခံစားနေရသည်။

ထိုအချိန်တွင် သူ့အနီးသို့ လိပ်ပြာနက်လေးတစ်ကောင် ဝဲပျံလာရင်း သူ့ပခုံးပေါ်တွင် နားလိုက်သည်ကို သတိပြုမိ လိုက်သည်။ ညစိုးဝမ်းသာသွားသည်။ ဒီလိပ်ပြာနက်ကလေး သည် သူတစ်ယောက်တည်းသာ နားလည်နိုင်သည့် ကွယ်လွန်သွားသော သူ့မိခင်ဝိညာဉ် ဖြစ်သည်။ မိခင်ဝိညာဉ်များ ပူးကပ်နေ သော လိပ်ပြာနက်ကလေး ရောက်လာပြီဖြစ်၍ ဆိုးဝါးကြုံတွေ့နေရသော ဒုက္ခများမှ မကြာခင် လွတ်မြောက်တော့မည်ဟု သူကောင်းစွာ ယုံကြည်နားလည်လိုက်မိသည်။

* * *





မြင်းလေးကောင်ကသော ဒေါက်ကပ်ရထားက ဒေါက်တာ သူရိန်တို့ တည်းခိုနေသော နယ်လှည့် ဆေးကုသရေးအဖွဲ့သားများ ရှိရာသို့ ရောက်ရှိလာကြသည်။ အိုက်စ်ပြောပြချက်အရ နယ်စား လေးကိုယ်တိုင် မိုင်းပွန်မြို့သို့ အမြန်ဆုံးရောက်လာကြသည်။

'ကဲ ကိုညမိုး သိပ်တွေ့ချင်မြင်ချင်နေတဲ့ ညီ ဒါမှမဟုတ် အစ်ကို တစ်ယောက်ယောက်ကို တွေ့ရတော့မယ်၊ ကိုညမိုးနဲ့ ရုပ် ချင်းချွတ်စွပ်တူတဲ့ သူတစ်ယောက်ကို ၃၆ ကောင်ထိဖွင့်တဲ့နေရာ မှာတွေ့လိုက်ရတယ်၊ ကျွန်တော်ကတောင် ကိုညမိုးလားလို့ အထ မှားပြီး သွားနှုတ်ဆက်မိသေးတယ် ... ဒီမှာ သူက လုံထ လို့ခေါ်တယ် ကိုညမိုးနဲ့တူတဲ့သူက သူ့ယောက်ဖပဲ၊ အခုတေ လူဆိုးတွေဖမ်းခေါ်သွားတယ် လုံထန်းကိုသာ အကျိုးအကြော င်း သေချာသိရအောင် မေးကြည့်ပေတော့ ...'

လုံထန်းကိုယ်တိုင်ကလည်း နယ်စားလေး ကိုညမိုး ကို မြင်တွေ့လိုက်ရသောအခါ နားမလည်နိုင်အောင်ဖြစ်ရသည် တူလွန်းသည်။

တကယ့်ကို အတူတူပင်ဖြစ်နေသည် တအံ့တသြလည်း ဖြစ်ရသည်။ နယ်စားလေးသည် သူ့ယောက်ဖဖြစ်သူ ညစိုး



www.burmeseclassic.com

www.burmeseclassic.com



လူချင်းခွဲမရအောင် တူနေပေသည်။ နယ်စားလေးအား ရိုရိုကျိုးကျိုး အရိုအသေပြုကာ မဝံ့မရဲဖြစ်နေသောကြောင့် နယ်စားလေးက ပြန်ပြောလိုက်သည်။

'ထိုင်ပါ ကိုလုံထန်း၊ ခင်ဗျားယောက်ဖက ကျွန်တော်နဲ့ ခွဲခြားလို့မရအောင် အတော့ကို တူသလား သူက ခင်ဗျားတို့ ဆီဘယ်လိုလုပ်ပြီးရောက်လာတာလည်း သေသေချာချာပြောပြ ပါဦး ...'

လုံထန်းက သူတို့နေထိုင်ရာသို့ ရောက်ရှိလာပုံကို အစ အဆုံးပြောပြလိုက်သည်။

'တောထဲမှာ ဒရယ်အုပ်နောက်လိုက်ရင်း အမဲပစ်ရာမှ စစ်အတွင်းတုန်းက ပျက်ခဲ့တဲ့ လေယာဉ်ပျက်ကြီးကို တွေ့ရတယ် အထဲဝင်ကြည့်တော့ ကျည်ဆံသေတ္တာတွေ ရွှေဒင်္ဂါးပြားတွေ ရှေ ချောင်းတွေကို သွားတွေ့တယ် ရွှေဒင်္ဂါးပြားအနည်းအပါးကို ရွှေဆိုင်မှာ ရောင်းဖို့ မိုင်းပွန်ကို တက်လာကြတာ ... လိုအပ်တဲ့ ကုန်ပစ္စည်းတွေနဲ့ ဈေးဝယ်ပြီး အပြန်မှာ ခုလို ဖြစ်ရတာပါ၊ ယောက်ဖက ဒီကိုမလာခင်ပြောတော့ ပြောသေးတယ်၊ သူ့မှာ ငယ်ငယ်လေးထဲက ကွဲကွာသွားတဲ့ အမြွှာညီအစ်ကိုတစ်ယောက်





ရှိတယ်လို့ပြောတယ်၊ သူ့အစ်ကို ကိုလိုက်ရှာဖို့အတွက် ရှမ်းပြည် တက်လာပါတယ်... '

'ဟုတ်ပြီ ဒါဆိုသေချာပြီ ကိုညမိုး လုံထန်းရဲ့ ယောက်ဖ ညစိုးဟာ နယ်စားလေးရဲ့အမြွှာညီအစ်ကို ဖြစ်မှာသေချာပါတယ်။ အခု ဘယ်လိုလုပ်ကြမလဲ ညစိုးကို လူဆိုးတွေ ဖမ်းသွားကြပြီ လေ ...'

နယ်စားလေးသည် ဘီလူးကြီးနှင့် ခါးငမိုးတို့ ထွက် ပြေးသွားသော တောအုပ်အနီးမှ ရွာသူကြီးများကို အမြန်ခုံးဆင့်ခေါ် လိုက်သည်။ တောအုပ်များထဲသို့ လမ်းကျွမ်းသော မုဆိုးများ အကူ အညီနှင့် တောနင်းပြီးရှာဖွေရန် စီစဉ်လိုက်သည်။

ထိုအချိန်မှာပင် နယ်စားလေး ညမိုးသည်သူ့မျက်နှာကို လက်ဝါးနှင့်လျှင်မြန်စွာအုပ်လိုက်မိသည်။ သူ့ပါးပြင်များမှာလည်း လူတစ်ယောက်က ကြမ်းတမ်းစွာ ရိုက်နှက်လိုက်သကဲ့သို့ ထူပူသွား သည်။ ခေါင်းထဲတွင်လည်း မိုက်ကနဲ မူးဝေနောက်ကျိလာသည်။ သူ့ခန္ဓာတစ်ခုလုံးမှာလည်း ဆိုးဆိုးဝါးဝါး နာကျင်လာသည်ဟု ထင်မိသည်။

'ဒေါက်တာ ကျွန်တော်ဘယ်လို ဖြစ်လာတယ်မသိဘူး

www.burmeseclassic.com



တစ်ကိုယ်လုံးနာကျင်လာတယ်၊ ကျွန်တော့်မျက်နှာကို တစ်ယောက်ယောက်က ဖြတ်ရိုက်လိုက်သလို ထူးထူးဆန်းဆန်း ခံစားရတယ်'

'အင်း…ကျွန်တော်တွေးမိတဲ့အတိုင်းဆိုရင်တော့ ကိုညမိုးရဲ့ ညီကိုညစိုးဟာ လူဆိုးတွေဖမ်းဆီးခေါ်ဆောင်သွားကြပြီးတဲ့နောက် လူဆိုးတွေက ဝိုင်းဝန်းနှိပ်စက်နေကြပြီထင်တယ်၊ စိတ်ခံစားမှုချင်း ဆက်နွယ်နေကြတော့ ကိုညစိုး ခံစားရတဲ့အတိုင်း ကိုညမိုးမှာ လာဖြစ်နေတယ်… ကျွန်တော်တို့ အမြန်ဆုံး သွားကယ်မှဖြစ်မယ် … အချိန်တွေသိပ်ကြာသွားရင် မကောင်းဘူး…'

နယ်စားလေးသည် သူ့လက်အောက်၌ အမှုထမ်းနေကြသောရဲမက်များကို စုဆောင်းခေါ်ယူလိုက်သည်။ ရဲမက်များမှာလည်း ဓါးရေးလှံရေး ကျွမ်းကျင်သူများ သိုင်းပညာ တတ်မြောက်ထားသူများ အတိုက်အခိုက်ကျွမ်းကျင်ပြီး ရဲစွမ်းသတ္တိရှိကြသူများဖြစ်သည်။ ဘီလူးကြီးတို့လူဆိုးများအား မှုစရာမလိုပေ …'

သို့သော်လူဆိုးများက ဘယ်နေရာတွင် ပုန်းအောင်းပြီးစခန်းချနေကြသည်မသိ။ ထိုနေရာကို အမြန်ဆုံးသိဖို့ အရေးကြီးသည်။ နယ်စားလေးသည် သူ့ရဲမက်များအား အသေးစိတ် စီစဉ်ညွှန်ကြားပြီး သူကိုယ်တိုင်ရှာဖွေမည်ဟု အမိန့်ထုတ်လိုက်သည်။





ဒေါက်တာသူရိန်နှင့်ဆေးအဖွဲ့ လုံထန်းတို့ပါ နယ်စားလေးကိုညမိုးနှင့်အတူ လိုက်ပါလာခဲ့ကြသည်။

နယ်စားလေးအမိန့်အရ ကျေးရွာအသီးသီးမှ သူကြီးများအမှုထမ်းများ မုဆိုးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုနေသူများသည် ဘီလူးကြီးတို့ လူဆိုးအဖွဲ့ ခိုအောင်းရာနေရာများကို အပူတပြင်း ရှာဖွေစုံစမ်းကြတော့သည်။ သိပ်မကြာခင်မှာပင်တောအုပ်အတွင်း၌ မသင်္ကာဖွယ်ကောင်းသောလူတစ်စုကို တွေ့မြင်ခဲ့ရကြောင်း မုဆိုးတစ်ယောက်သတင်းပို့သည်။

ဘီလူးကြီးတို့ စခန်းချသည့်နေရာကို သတင်းအတိအကျရလိုက်ပြီဖြစ်သည်။ နယ်စားလေးစိတ်ထဲတွင်လည်း စိုးရိမ်ပူပန်လျက်ရှိသည်။ ငယ်စဉ်ထဲက ကွဲကွာသွားသော ညီငယ်အား တွေ့ချင်မြင်ချင်လှသည်။

ရွှေဒင်္ဂါးပြားများကို လျှို့ဝှက်ထားသောနေရာကို ထုတ်ဖော်မပြောဘဲ ငြင်းဆန်ရာမှ ဘီလူးကြီးတို့ သတ်ပစ်လိုက်မှာကို လွန်စွာမှ စိုးရိမ်လျက်ရှိသည်။

မမျှော်လင့်ဘဲ သူ့ညီဖြစ်သူ ညစိုး အသက်ခံလိုက်ရလျှင်သူ၏ ကြီးမားသော မျှော်လင့်ချက်များ ပျက်စီးသွားပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်ယင်ထဲက ဆင်းရဲချို့တဲ့စွာနှင့် အသက်ရှင်လာသော ညီငယ်၊ အစ်ကိုရှိသည်ဟုအထင်နှင့် ရှမ်းပြည်သို့ ရှာဖွေရန် ရောက်လာသော ညီငယ်၊ သူတို့ ညီအစ်ကို နှစ်ယောက်ဘဝများက ကံဆိုးလှသည်။ အသက်ရှင်လျက်ရှိနေကြပါလျက်နဲ့ ယခုထိ တစ်ယောက်နဲ့ တစ်ယောက် မတွေ့ဆုံမိသေးပေ။ စိတ်ချင်းဆက်နွယ်နေသော အမြွာညီအစ်ကို နှစ်ယောက်ဖြစ်သည်။ ညီဖြစ်သူအား ဓါးမိုးတို့ သတ်ပစ်လိုက်ပါက သေလုအောင် ဝေဒနာများခံစားရင်း သွေးကွဲကွဲရ ပေတော့မည်။

ညီငယ်အား အသက်ရှင်လျက်နှင့်သာရှိနေပါစေဟု ဆုတောင်းနေမိသည်။ အိုက်စံနှင့်လုံထန်းတို့သည် သတင်းလာပေးသော မုဆိုးတစ်ဦးနှင့်အတူ ရေမှ ကြိုထွက်သွားကြသည်။ သုံးဦးစလုံးမှာ တောကျွမ်းသူများဖြစ်ကြသည်။ မကြာမီပြန်လည်ရောက်လာကြသည်။

'သခင်လေး ရေနားမှာ ခြေရာနဲ့ မြင်းခွာရာတွေတွေ့ပါတယ်။ ဒီနားတစ်ဝိုက်မှာဘဲ ရှိပါလိမ့်မယ် ...'

'ခြေရာတွေက ဘယ်ဘက်ကို ဦးတည်နေလဲ...'

'မြောက်ဖက်ရူးရူးကို ပါ ...'





'ကဲအားလုံးသတိဝီရိယထားကြ ဘီလူးကြီးတို့စခန်းချတဲ့နေရာနဲ့ နီးလာပြီ ...'

စော်ဘွားလေးတို့အဖွဲ့သည် ရင်ဘောင်တန်းလျက် ခြေသံလုံလုံထားပြီး တောတိုးလာခဲ့ကြသည်။ လုံထန်းက သစ်ပင်ကြီးတစ်ပင်ပေါ်သို့ ဖက်တွယ်ပြီး တက်သွားသည်။ မျောက်ကလေးတစ်ကောင်ကဲ့သို့ သစ်ကိုင်းများကို ခိုစီးပြီး ဖျတ်ခနဲခုန်ကူးသွားရာ အမြင့်ဆုံးပိုင်းသို့ ရောက်ရှိသွားသည်။ သူကိုယ်တိုင်ကလည်း စိတ်မောလျက်ရှိသည်။ ယောက်ဖဖြစ်သူ ညစိုးအား အသက်ရှင်လျက် အမြန်ဆုံးပြန်လည်ကယ်တင်နိုင်မှဖြစ်မည်။

သူ့ညီမ ချင်လောထုံး ညစိုးအား မခွဲမခွာနိုင်ရက်အောင် ချစ်မြတ်နိုးသူဖြစ်သည်။ သူတို့ဘဝထဲသို့ မမျှော်လင့်ဘဲ ရောက်လာသော ညစိုးအား ဖခင်ဖြစ်သူထောင်ကျုန်းထန် ကိုယ်တိုင်ကလည်း ခင်မင်တွယ်တာနေခဲ့သည်။ သူ့ဖခင် ကြိုပြောထားသည့်အတိုင်း ရွှေဒဂါးပြားတွေက ယခုတော့ ညစိုးအား ဒုက္ခလှလှကြီးပေးခဲ့ပေပြီ။

သစ်ပင်ကြီးထိပ်ဆုံးပိုင်းဖြစ်သောအမြင့်သို့ ရောက်လာသည်။ ပတ်ဝန်းကျင်ရှိအရပ်လေးမျက်နှာသို့ လှေလာကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ တွေ့လိုက်ရပါပြီ။ တောအုပ်တစ်နေရာတွင် မီးခိုးများ တလူလူ လွင့်ပျံ့ထွက်ပေါ်လာသည်ကို မြင်တွေ့လိုက်ရသည်။ သေချာပြီ ရှေ့နားတွင်ရှိသော စိမ်းညို့ညို့ တောအုပ်ထဲတွင် ဘီလူးကြီးတို့စခန်းချနေသော နေရာပင်ဖြစ်ရမည်။

လုံထန်းသည် သစ်ပင်ပေါ်မှ အမြန်ဆုံးဆင်းသက်လာခဲ့ပြီး စော်ဘွားလေးအား သူတွေ့မြင်ခဲ့ရသည့် အနေအထားကို ပြောပြလိုက်သည်။

အတန်ကြာအောင် တောတိုးလာခဲ့ကြသည်။

မျှော်လင့်ထားသည့်အတိုင်း ဘီလူးကြီးတို့ စခန်းချရာတဲကို တောအုပ်ထဲတွင် ဘွားခနဲမြင်တွေ့လိုက်ကြရသည်။ တဲရှေ့ရှိ ကွပ်ပျစ်လေးပေါ်တွင် ဝိုင်းဖွဲ့ပြီး အရက်သောက်နေကြသည်။ စော်ဘွားလေး ညမိုးက သစ်ကိုင်းသစ်ရွက်များကို ဖယ်ရှားပြီးကြည့်လိုက်သည်။ ဘီလူးကြီးတို့လူဆိုးအဖွဲ့မှာ အင်အား သိပ်ရှိပုံမရ။ အလွန်ဆုံးရှိလှ ခြောက်ယောက်၊ ခုနစ်ယောက်လောက်ပဲရှိပေလိမ့်မည်။

မိမိတို့အဖွဲ့က ရဲမက်များနှင့်အတူ လူသုံးဆယ်ခန့်ရှိသည်။ ဝိုင်းဝန်းစီးနင်းပြီးတိုက်ခိုက်လိုက်ပါက အသာလေးပင် ချေမှုန်းနိုင်





သည့် အနေအထားရှိသည်။ ဘီလူးကြီးအဖွဲ့မှာလည်း သောက်စားမူးယစ်လျက် သူတို့အဖွဲ့ဝိုင်းထားခြင်းကို လုံးဝမရိပ်မိပေ။

ဒီအချိန်က အခွင့်ကောင်းဖြစ်သည်။ အလစ်ကို ဝင်စီးမည်။ စော်ဘွားလေးသည် ရဲမက်များအား လက်ထောင်ပြပြီး အချက်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ပုန်းအောင်နေရာ ခြုံတောစပ်ထဲမှ တစ်ဟုန်ထိုးပြေးထွက်လိုက်ကြသည်။ ဓါးလှံလက်နက်များက တပြောင်ပြောင်နှင့် နေရောင်တွင် လင်းလက်ထွက်ပေါ်လာသည်။

လုံထန်းသည် သူ၏ လေးနှင့်မြားကို ထုတ်ယူလိုက်သည်။ လေးညို့မှ ထန်ခနဲ ထွက်ပေါ်သွားသော မြားတံနှစ်ချောင်းသည် အရက်ဝိုင်းထဲရှိ လူဆိုးနှစ်ယောက်၏ မျက်လုံးများထဲသို့ တစ်ချောင်းစီစိုက်ဝင်သွားသည်။ မျက်နှာပြင် တွင် ရဲခနဲသွေးများစီးကျလာသလို မချိမဆံ့ နာကျင်စူးရှုးဝါးဝါးအော်ဟစ်ရင် မြေပြင်ပေါ်သို့ ဝုန်းခနဲပြိုလဲကျသွားသည်။

‘ရန်သူတွေ …ဟေ့ …’

ဓါးငမိုးက အလန့်တကြား ခုန်ထကာ အော်ဟစ်သတိပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဂူး ... အူး ...ဟူး ... ဂူး ...အူး ...'

'ကျား ... ကျား ... ကျား ...'

'တိုက်ဟေ့ ... တိုက်ကြ ... ဝင်ခုတ်ကြ...'

'ခါးပြကောင်တွေ တစ်ကောင်မှ အရှင်မထားနဲ့ ...'

ဆူဆူညံညံညာသံပေးအော်ဟစ်ပြေးဝင်လာသော စော်ဘွားလေး၏ ရဲမက်များကို လှူဆိုးများကလည်း နီးစပ်ရာ လက်နက်များစွဲကိုင်ပြီး ပြန်လည်ခုခံတိုက်ခိုက်ကြသည်။ လူချင်း လုံးထွေးရောယှက်သွားကြသည်။ ရဲမက်တစ်ယောက်က လှံနှင့် ဘီလူးကြီးအား ပစ်သွင်းလိုက်သည်။ ဘီလူးကြီးကလည်း လျင်မြန်လှသည်။ ခန္ဓာကိုယ်အား တစ်ပတ်ကျွမ်းပစ်လိုက်ပြီး လှစ်ခနဲဝင်လာသော လှံချက်အား ရှောင်လိုက်သည်။

'ကျား ...'

အားမာန်သွင်းပြီးအော်ဟစ်သံနှင့်အတူ သူ့လက်ထဲမှ ဓါးသွားမှာ ဝင်းကနဲလက်ကနဲ ဖြစ်သွားသည်။ နောက်ထပ်ပြေးဝင်လာသော လှံသမားတစ်ဦး၏ လှံကို လေထဲမှာပင် ဓါးနှောင့်နှင့် ပင့်ရိုက်လိုက်သည်။ ရဲမက်တစ်ယောက် လှံကိုကိုင်လျက်သားလဲကျသွားသည်။





'ဒိုး ...'

စော်ဘွားလေးညမိုးဓါးချက်က ဝိတုန်းတစ်ကောင်ဝဲသလို ဘီလူးကြီးခေါင်းပေါ်တွင် ဝဲပျံသွားသည်။ ဘီလူးကြီးဟန်ချက်ပျက်သွားစဉ်မှာပင် စောဘွားလေး ညာခြေက ဘီလူးကြီး၏ မေးကိုပင့်ခတ်ပစ်လိုက်သည်။

'ဖုန်း'

ဘီလူးကြီး၏ ယိုင်ထွက်သွားသော ခန္ဓာကိုယ်မှာ မြေပြင်ပေါ်သို့ပစ်ကျသွားသည်။ ရဲမက်သုံးဦး၏ လှံဖျားများက လည်မျိုရင်ညွန့်နှင့် ဗိုက်များကို ထောက်ထားလိုက်သည်။ ဘီလူးကြီးမလှုပ်နိုင်တော့ အညံ့ခံလိုက်ရသည်။

မြင်းခွာသံများကြားလိုက်ရသည်။ ဒဏ်ရာရထားသောခါးငမိုးသည် လျှင်မြန်စွာခုန်တက်ပြီး ဒုန်းစိုင်းစီးထွက်သွားသည်။ သံထန်း၏လေးညှို့မှ မြားတစ်စင်းကလည်း ထွက်သွားသည်ခါးငမိုးကျောပြင်ပေါ်သို့တန်းတန်းမတ်မတ်စိုက်ဝင်သွားသည်။ မြင်းရောလူပါဒလိမ့်ခေါက်ကွေးလဲကျသွားသည်။

ဒေါက်တာသူရိန်က သစ်ပင်အောက်တွင် ခေါင်းငိုက်လျက်သတိမေ့နေသော ညစိုးအား ကြိုးများဖြည်ပေးပြီးသတိပြ



www.burmeseclassic.com

www.burmeseclassic.com



ရလာရန် ပြုစုပေးလျှက်ရှိသည်။ တိုက်ပွဲကား ဘာမှ မကြာလိုက် ခါးငမိုးနှင့် လူဆိုးနှစ်ယောက်အလောင်းကား မြင်မကောင်းအောင် လဲကျသေဆုံးနေကြသည်။ ဘီလူးကြီးနှင့် လူဆိုးလေးယောက်ကို အရှင်ဖမ်းမိလိုက်ကြသည်။

အိုက်စံက သွေးများစွန်းပေနေသော လှံကြီးကို မြေကြီးတွင် ထိုးဆွသွေးသုတ်လိုက်သည်။

'နိုးဆိုးတိုက်နိုက်နေတဲ့အကောင်တွေ ခုလောက်ဆို သေမင်းတိုင်းပြည်ရောက်ကုန်ကြပြီ သေမင်းတိုင်းပြည်ရောက်တာ တောင် ဒီကောင်တွေ နောင်တရချင်မှ ရမှာ ..'

ဟုအလောင်းများကို စက်ဆုပ်စွာ ပြောလိုက်သည်။ စော်ဘွားလေးသည် ဒေါက်တာသူရိန် ပြုစုနေသော ညစိုးအား ရင်ခွင်ထဲဆွဲပွေ့ယူလိုက်ရင်း ပီတိအပြာနှင့် ဝမ်းသာအားရစွာ ခေါ်လိုက်သည်။

'ညီလေး မသေလို့ပြန်တွေ့ရတဲ့ ငါ့ညီလေး ဘဝက လည်း ကံဆိုးလိုက်တာ ညီလေးရယ် ...'

မရှိတင်ကဲပြောဆိုရင်း ကြင်နာယုယစွာ ထွေးပွေ့ထား လိုက်သည်။ တစ်အူတုံ့ဆင်းအမိဝမ်းတွင်မှ အချင်းတစ်ခုတည်း





ရှေ့ဆင့်နောက်ဆင့် မွေးဖွားလာခဲ့သော အမြွာညီအစ်ကို နှစ်ယောက် မွေးဖွားလာခဲ့ပြီး အနှစ်နှစ်အလလ ကွဲကွာခဲ့ကြရာမှ ယခုမှပင် လူဆိုးများဖမ်းဆီးရာနောက်ရာဖွေရင်း ပြန်လည်ဆုံဆည်းမိကြတော့ သည်။

* * *

နယ်စားလေးသည် သူ့ယာယီစံမြန်းနေထိုင်သည့် ကျောက် ဖြူရဲတိုက်ကြီးသို့ ညီဖြစ်သူ ညစိုးအား ခေါ်ဆောင်လာခဲ့သည်။ လုံထန်းလည်း ပြန်လည်လိုက်ပါလာသည်။ ဒေါက်တာသူရိန်က လည်း လူဆိုးများရိုက်နှက်ထားသည့် ဒဏ်ရာများကို ပျောက်ကင်း သည်အထိ ကြပ်မတ်ကုသပေးခဲ့သည်။

ထို့ကြောင့် ညစိုးမှာ ယခင်ကကဲ့သို့ ပြန်လည်ကျန်းမာ လာသည်။

ညစိုးမွေးဖွားကြီးပြင်းလာခဲ့သည့် ဆိုးဝါးသော ဘဝကြမ်း များကို ကြားသိလိုက်ရသော နယ်စားလေးမှာ စိတ်မကောင်းခြင်း များစွာဖြစ်ရသည်။ ညစိုးအား အသက်ရှင် လူလားမြောက်သည် အထိ ကျွေးမွေးပြုစုခဲ့သော အဖွားဒေါ်ကျည်းတန်ကိုလည်း ကျေးဇူး

www.burmeseclassic.com



တင်နေမိသည်။ ဒေါ်ကျည်းတန်သာ ယခုလို ပြုစုစောင့်ရှောက်ခဲ့ပြီးမရှိပါက သူတို့ ညီအစ်ကို နှစ်ယောက် ယခုကဲ့သို့ ပျော်ရွှင်စွာ ပြန်လည်တွေ့ဆုံနိုင်ကြမည် မဟုတ်ပေ။

ကျောက်ဖြူရဲတိုက်ကြီးကား အဆောင်ဆောင်အခန်းခန်းနှင့် ခမ်းနားထည်ဝါလှသည်။ နယ်ရှင်ပယ်ရှင်စော်ဘွားလေးတစ်ဦး၏အဆင့်အတန်းက မြင့်မားလှသည်။ ကျောက်ဖြူရဲတိုက်ကြီးသို့ ရောက်လာသော လုံထန်းအဖို့ တအံ့တသြဖြစ်နေမိသည်။ တောခေါင်ခေါင်တဲလေးတစ်လုံးတွင် နေထိုင်ခဲ့ဖူးသော လုံထန်းအတွက် ကျောက်ဖြူရဲတိုက်ကြီးမှာ နတ်ဘုံနတ်နန်း ဖြစ်နေပေသည်။

'ယောက်ဖရာ မင်းက သူဌေးပဲ၊ စော်ဘွားမျိုးရိုးလည်းဖြစ်တယ် အခုအစ်ကိုဖြစ်သူနဲ့လည်း ပြန်တွေ့ရပြီ မင်းရည်ရွယ်ချက်လည်း ပြည့်ဝသွားပြီဆိုတော့ မင်း ဒီမှာနေကျန်ခဲ့မှာလား '

လုံထန်းက စိုးရိမ်စိတ်နှင့်ပြောပြသည်။ ညစိုးသာလျှင် စော်ဘွားလေးညီအရင်းဖြစ်သည့်အလျောက် ဆင်းရဲချို့တဲ့သော သူတို့ဘဝကို မေ့သွားပြီလား၊ သူ့ညီမဖြစ်သူ ချင်လောထုံကို ပစ်ထားတော့မှာလားဟု စိုးရိမ်ပူပန်နေမိသည်။

'လုံထန်း မင်းဘာမှ မစိုးရိမ်နဲ့၊ စော်ဘွားမျိုးနွယ်ဖြစ်တာ





စော်ဘွားလေးရဲ့ ညီဖြစ်တာမှန်တယ်၊ ဒါပေမယ့် ငါမနေဘူး၊ တောင်ပေါ်ကိုပဲ မင်းနဲ့အတူပြန်လိုက်မှာ ...'

ထိုသို့ပြောမှ လုံထန်းကလည်း ညစိုးအတွက် စိတ်ချသွားရသည်။ အစ်ကိုဖြစ်သူ ညမိုးက သူ့အား မခွဲလိုပေ။ သူနှင့်အတူ လာရောက်နေထိုင်ရန် အမျိုးမျိုးပြောပြစည်းရုံးသော်လည်း ညစိုး မပျော်ပိုက်ပေ။ ပြန်ချင်လှပြီ။ တောင်ပေါ်တဲကလေးတွင် သူ့အား စောင့်မျှော်နေမည့် ချစ်ဖနီးလေး ချင်လောထုံမျက်နှာကိုသာ အမြဲမြင်ယောင်သတိရလျက်ရှိသည်။

'အစ်ကိုနဲ့ တွေ့ရမယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ ရှမ်းပြည်နယ်ဘက်ကို စွန့်စွန့်စားစား ထွက်လာခဲ့တာပါ။ ကျွန်တော် မျှော်လင့်ယုံကြည်ထားတဲ့အတိုင်း အစ်ကို့ကို ပြန်တွေ့ရတာ အရမ်းပျော်ရွှင်ကြည်နူးရပါတယ်။ ကျွန်တော့်စိတ်အထင်မှာတော့ အမေက ကျွန်တော့်ဘဝတစ်လျှောက်လုံး လိုက်လံစောင့်ရှောက်ပေးနေတယ်လို့ ထင်တယ်၊ အစ်ကိုကတော့ ယုံချင်မှ ယုံမယ်၊ ငယ်ငယ်လေးထဲက ကျွန်တော့်ဘဝက သချိုင်းထဲမှာကြီး ပြင်းခဲ့ရတယ်။ အမေ့မြေပုံပေါ်မှာ နားနားနေတဲ့ လိပ်ပြာနက်လေးက ဘယ်မှပျံမသွားဘဲ ကျွန်တော့် ခန္ဓာကိုယ်အနားမှာပဲ လှည့်ပတ်ပျံဝဲနေတတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ပခုံး ပေါ်လာနားရင်နားတယ်။ ကျွန်တော့်စိတ်ထဲမှာ ထူးထူးခြားခြား ခံစားရသလို လိပ်ပြာနက်ကလေးမှာ အမေ့ရဲ့ ဝိညာဉ် ပူးကပ်နေတယ်လို့ ထင်မှတ်ထားတယ်၊ ဘယ်လောက် ထူးဆန်းလဲ ...'

'နောက်ပြီးကျွန်တော်ရှမ်းပြည်နယ်ကို တက်လာတော့ မန္တလေးကားဝင်းထဲမှာ ဘယ်သွားလို့ဘယ်လာရမှန်းမသိဘူး၊ အဲဒီ အချိန်မှာ လိပ်ပြာနက်ကလေး ပေါ်လာပြီး ကုန်ကားကြီးရဲ့ ရှေ့ခန်း မှာ နားပြတယ်။ ကျွန်တော့်ကို အဲဒီကုန်ကားကြီးနဲ့လိုက်ခဲ့ဖို့ လမ်းညွှန်ပြပေးနေတာပဲ၊ ဒါကြောင့် ကုန်ကားမှာ စပယ်ယာအခက် အခဲဖြစ်နေတုန်း စပယ်ယာအဖြစ်နဲ့ လိုက်ခွင့်ရခဲ့တာပေါ့ ...'

'နောက်တစ်ခါ တောထဲမှာလုံထန်းနဲ့ ဒရယ်တွေနောက် ကိုလိုက်ရင်းလေယာဉ်ပျက်ကြီးကိုသွားတွေ့တယ်၊ ရွှေဒင်္ဂါးတွေရဖို့ လိပ်ပြာနက်ကလေးကဘဲ ပျံသန်းပြီးလိုက်ပြတယ်လို့ ကျွန်တော် ထင်တယ်။ အခု ကျွန်တော့ဘဝရဲ့ မျှော်လင့်ချက်တွေ ပြည့်ဝသွား ပါပြီ၊ ကျွန်တော့်ဘဝမှာ အမေ့ဝိညာဉ်ပူးကပ်နေတဲ့ လိပ်ပြာလေး က နောက်ဆုံးအစ်ကိုနဲ့ တွေ့ဆုံဖို့ ဖန်တီးပေးလိုက်တာပဲဖြစ်ရမယ် လို့ ကျွန်တော်ယုံကြည်တယ် ...'





'ခုလောက်ထိ ရက်ကြာနေတာကို ချင်လောထုံနဲ့ အဖိုးကြီး ထောင်ကျင်းထန်တို့ စိတ်ပူနေကြပါလိမ့်မယ်။ ကျွန်တော့် ဘဝဟာ အစ်ကို့ဘဝနဲ့ ဘယ်လိုမှ ပတ်သက်နေထိုင်လို့မရပါဘူး၊ တောင် ပေါ်ကိုပဲ ကျွန်တော်ပြန်ချင်တယ်။ အဲဒီမှာ ကျွန်တော့်ဘဝနဲ့ ထိုက်တန်တဲ့ ဘဝတစ်ခုကို ကျွန်တော်ကိုယ်တိုင် ယူခဲ့ပြီးပါပြီ၊ အစ်ကို နားလည်ခွင့်လွှတ်ပေးစေလိုပါတယ် ...'

ညီဖြစ်သူညစိုးပြောပြသည့်စကားများကို နားထောင်ရင်း စော်ဘွားလေးက ခေါင်းတညိတ်ညိတ်နှင့် ပြုံးလိုက်သည်။ဒါ လည်း အမှန်ပဲဖြစ်နေသည်။ တစ်ယောက်က ရွှေဘုံပေါ်မှာစံစား ရသော်လည်း တစ်ဦးက သံချိုင်းမြေတွင် ကြီးပြင်းလာခဲ့ရသူ အမြွှာညီအစ်ကိုများဖြစ်သော်လည်း ဘဝပေးအနေအထားချင်း မတူ ညီကြပေ။

ရှင်သန်ကြီးပြင်းလာသောဘဝများက မိုးနဲ့မြေလို ကွာခြား နေကြသည်။

နေခွင့်ရသည့် အခိုက်လေးမှာပင် ညီအစ်ကိုနှစ်ယောက် ပျော်ရွှင်စွာနေထိုင်ခဲ့ကြသည်။ ညီဖြစ်သူ ညစိုးအား သူဘဝထဲ သို့ ဆွဲခေါ်ယူထားချင်သည်။ သူ့လိုပင် ချမ်းချမ်းသာသာပြည့်စုံစွာ



www.burmeseclassic.com

www.burmeseclassic.com



နေစေလိုသည်။ သို့သော် ညစိုးမှာ သူ့ဘဝနှင့်သူနေလိုသည့် ဆန္ဒများပြင်းပြလျက်ရှိသည်။

ထို့ကြောင့်လည်း ရက်အနည်းငယ်ကြာ ကျောက်ဖြူရဲ တိုက်ကြီးတွင် နေထိုင်ကြပြီးနောက် နားလည်ခွင့်လွှတ်စွာ ပြန်ခွင့် ပြုလိုက်ရပေတော့သည်။

'အစ်ကို ကျွန်တော်သွားမယ်၊ ကျွန်တော်ဘယ်မှာရှိတယ် ဆိုတာ အစ်ကိုသိနေသလို အစ်ကိုဘယ်မှာရှိမယ်ဆိုတာ ကျွန်တော် သိသွားပြီ၊ ကျွန်တော့်ဆီအစ်ကိုလာနိုင်သလို အစ်ကို့ဆီကိုလည်း ကျွန်တော်နောက်ရောက်လာဦးမှာပါ ကျွန်တော့်ကို သွားခွင့်ပြုပါ'

လုံးထန်းနှင့် ညစိုးတို့သည် ကျောက်ဖြူနန်းတော်ကြီးမှ ထွက်ခွာလာခဲ့ပြီး တောင်ကုန်းတောင်တန်းများကို ဖြတ်ကာ တောင် ပေါ်တဲငယ်လေးဆီသို့ ပြန်လာခဲ့ကြသည်။

* * *



## ချစ်သူ့ရင်ခွင်ထဲမှာ တစ်သက်လုံး

တောင်ကုန်းလေးပေါ်တွင် လှုနေတဲလေး ငါးတဲသာရှိ သည်။

တစ်တဲနှင့် တစ်တဲမှာလည်း ဝေးကွာလှသည်။

ငါးအိမ်တစ်စု တောင်ပေါ်ရွာလေးဖြစ်သည်။ သနားစဖွယ် ညှိုးငယ်စွာ စောင့်မျှော်နေသော ချင်လောထုံမျက်နှာလေးက တရေးရေး ပေါ်လာသည်။

ခြေလှမ်းတွေကို သွက်သထက်သွက်အောင် လှမ်းလိုက် သည်။

မကြာမီ ရွာသို့ ရောက်တော့မည် တောင်ခြေသို့ ရောက် လာကြသည်။

နေ့စဉ်နှင့်အမျှ စောင့်မျှော်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုဖြစ်သူလုံထန်းနှင့် ယောက်ျားဖြစ်သူ ညစိုး မိုင်းပွန် သို့ ရွှေဒဂါးပြားများ သွား ရောင်းကြသည်မှာ ရက်ကြာလှပြီ။

ဘာများဖြစ်နေကြပါလိမ့်။

တစ်နေ့ထက်တစ်နေ့ ပြန်မရောက်မချင်း စိုးရိမ်ပူပန်မှုတွေက ပိုမိုကြီးထွားလာသည်။

တကယ်ဆိုလျှင် မိုင်းပွန်ခရီးသည် အသွားအပြန် ၆ ရက် တစ်ပတ်မျှသာကြာသောခရီးဖြစ်သည်။

ယခုမူတစ်လကျော်ခန့် ကြာမြင့်ခဲ့ပြီ။

ရက်ကြာလာသည်နှင့်အမျှ စိုးရိမ်သောကစိတ်များက ပို၍ ပို၍ ဖြစ်ပေါ်လာသည်။

နေ့စဉ်နှင့်အမျှ တောင်ပေါ်တွင် ပြန်လာမည့်လမ်းကို မျှော်ကြည့်နေရသည်မှာလည်း စိတ်မောလှသည်။

'ဟော'

တောင်ပေါ်တက်လာသူနှစ်ဦးကို မသဲမကွဲ မြင်တွေ့လိုက်ရသည်။

တဖြည်းဖြည်းနှင့် သဲကွဲထင်ရှားစွာမြင် တွေ့လိုက်ရသည်။





အစ်ကိုနှင့် ချစ်သူတို့ပြန်လာကြပြီ။ ချင်လောထုံသည် တောင်ပေါ်မှ အပြေးဆင်းကြိုလိုက်သည်။

လုံထန်းကလည်း ညီမဖြစ်သူ ချင်လောထုံကို မြင်လိုက်သည်နှင့် ဆီးမေးလိုက်သည်။

'အဖေရော နေတယ်မဟုတ်လား…'

'နင်တို့ထွက်သွားပြီးထဲက ရက်တွေကြာလာတော့ အရမ်းစိုးရိမ်နေတယ်၊ နောက်ရက်မှာ မိုင်းပွန်ကို သူကိုယ်တိုင်လိုက်သွားမယ်ဆိုပြီးပြောနေတယ်၊ တော်သေးတယ်၊ နင်တို့ အချိန်မီရောက်လာပေလို့၊ အဖေသာ နင်တို့ကို လိုက်ရှာရင် လမ်းလွဲသွားမှာ၊ ဘာပြုလို့ဒီလောက်ကြာနေတာလဲ၊ ရွှေဒင်္ဂါးပြားတွေက ရောင်းမရဘူးလား…'

ချင်လောထုံက သိချင်သမျှမေးခွန်းတွေကို မနားတမ်း ဆက်တိုက်မေးသည်။

'ကဲ… လာပါ၊ တဲထဲရောက်မှ အေးအေးဆေးဆေးပြောပြမယ်'

မိုင်းပွန်မြို့တွင် ဘာတွေဖြစ်ခဲ့ပျက်ခဲ့ကြသည်ကို ချင်လောထုံ အရမ်းသိချင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



တဲဝတွင်လည်း စိုးရိမ်စိတ်နှင့် ထွက်ကြိုနေသော အဖိုးကြီးထန်ကျင်းထန်ကို တွေ့လိုက်ရသည်။

'မင်းတို့ထွက်သွားတာကြာလိုက်တာ၊ နောက်နေ့ဆိုရင် ငါကိုယ်တိုင်လိုက်လာတော့မလို့ …'

'ဟုတ်တယ်အဖေ ရက်တွေကြာသွားတယ် ဟောဒီညစိုးပြဿနာတွေဖြစ်နေလို့'

စကားပြောရင်း တဲထဲသို့ ဝင်လာခဲ့သည်။ လုံထန်းက ဝယ်ခြမ်းလာသော ပစ္စည်းများဆားအိတ်များကို ချလိုက်သည်။ စင်ပေါ်တွင် အဆင်သင့်ရှိသော ခေါင်ရေအိုးအား ဆွဲယူရင်း တကျိုက်ကျိုက်မော့ချလိုက်သည်။

ညစိုးကလည်း လုံထန်းနည်းတူ ခေါင်ရေတစ်အိုးဆွဲယူလိုက်ပြီး သောက်လိုက်သည်။ ယခုတော့ သူလည်း ကချင်လူမျိုးဓလေ့ထုံးစံများကို ကချင်လူမျိုးကဲ့သို့ နားလည်သဘောပေါက်ခဲ့ပြီဖြစ်သည်။

'ဟူး… ခုမှဘဲ အမောပြေတော့တယ် …'

'မင်းတို့ဘာတွေဖြစ်ခဲ့ကြတာလဲ …'

အဖိုးကြီးထန်ကျင်းထန်က သိလိုစိတ်ပြင်းပြစွာမေးသည်။





ချင်လောထုံကိုယ်တိုင်ကလည်း ညစိုးအနီးတွင် ကပ်ထိုင်ရင်း သူ့တို့နှစ်ယောက် ပြောပြမည့်စကားကို စိတ်မောစွာ နားထောင်နေမိသည်။

'ဖြစ်ပုံက ဒီလိုအဖေရ ညစိုး၊ ရှမ်းပြည်နယ်ထဲကို ရောက်လာခဲ့တဲ့အတိုင်း ငယ်ငယ်လေးထဲက ကွဲသွားတဲ့သူ့အစ်ကိုကို ပြန်တွေ့ခဲ့တယ်။

ရုပ်ချင်းကတော့ ချွတ်စွတ်ဘဲ ဒါကြောင့် အမြွှာညီအစ်ကိုလို့ပြောတာ၊ အဖေ ဘယ်သူများထင်သလဲ ..'

'ဘယ်သူများလဲ …'

'တခြားသူမဟုတ်ဘူး အဖေ၊ မိုင်းပွန်မြို့မှာတွေ့ခဲ့ရတဲ့သူက နမ်ဆမ်နယ်စားလေးဘဲ နယ်စားလေးက ကျောက်ဖြူရဲ့တိုက်ကြီးမှာနေတုန်း တွေ့ခဲ့ရတာ၊

အဲဒါ ညစိုးရဲ့အစ်ကိုပဲ၊ နယ်စားလေးနာမည်က ညမိုးလို့ခေါ်တယ် …'

'ဟေ မင်းတို့ဟာ ဟုတ်မှ ဟုတ်ပါ့မလားကွ …'

'ဟုတ်ပါတယ် အဖေ …'

'ဒါဖြင့် ငါ့ယောက်ျားက နမ့်ဆမ်နယ်စားလေးညီပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို နင်ဟော်နန်းကိုပြန်သွားရတော့မှာပေါ့၊ ငါတို့ကို ထားခဲ့ပြီပေါ့’

‘မဟုတ်ပါဘူး ညီမရယ်၊ နယ်စားလေးက သူနဲ့ အတူနေဖို့ ခေါ်ပါတယ်၊ ညစိုးကိုယ်တိုင်က သူ့အစ်ကိုနဲ့ လိုက်မနေဘူး ငါတို့နဲ့ပဲနေမှာ …’

‘နင်တကယ်ပြောတာနော် …’

ချင်လောထုံက ညစိုးပြန်လည်ထွက်ခွာသွားမည်ကို စိုးရိမ်နေမိသည်။

‘ဟုတ်ပါတယ်ညီမငါဘယ်မှ မသွားဘူး နင်တို့နဲ့ပဲ နေမှာ၊ ဒီမှာငါဝယ်လာတဲ့ နင့်ဖို့အဝတ်အစားတွေ လှတယ်မဟုတ်လား သေချာကြည့်ပါဦး …’

ညစိုးက သူဝယ်လာသော အဝတ်အထည်များကို ထုတ်ပေးရင်းပြောလိုက်သည်။

‘အေး နင်ဝယ်လာတွေကြိုက်ပါတယ်။ ဒါမျိုးတွေကို ငါတစ်ခါမှ မဝတ်ဖူးဘူး၊ ဒါပေမယ့် ဒီအဝတ်အစားတွေက အကြောင်းမဟုတ်ပါဘူး၊ နင်တို့ပြန်ရောက်လာတာပဲ ငါဝမ်းသာလှပါပြီ …’





လုံထန်းကလည်း ယောက်ဖဖြစ်သူ၏ ထူးဆန်းသော အဖြစ်အပျက်များ ခါးပြဘီလူးကြီးနှင့် ခါးငမိုးတို့က ရွှေဒင်္ဂါးပြားများကို ရွှေဆိုင်၌ ရောင်းချစဉ် မသင်္ကာ၍ ညစိုးအား တောထဲ ဖမ်းဆီးခေါ်သွားပုံ နှိပ်စက်ခံရပုံ၊ စော်ဘွားလေးတို့က ကယ်တင်ခဲ့ပုံများကို ဖခင်နှင့် ညီမဖြစ်သူအား အကြောင်းစုံပြောပြသည်။ တကယ်တော့လည်း ညစိုးသည် သူတို့ဘဝထဲသို့ ဘုရားသခင် ဖန်ဆင်းပေးလိုက်သော လူတစ်ယောက် ဖြစ်နေမလား မသိပေ။

‘ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ နင်အသက်မသေဘဲ ပြန်လာတာ ငါပျော်တယ်၊ ငါ့ဘဝမှာ နင်ကို ဘယ်လောက်ချစ်တယ်ဆိုတာ နင်သိပါတယ် …’

‘ဟုတ်တယ်၊ ညီမ ငါ့ဘဝမှာလည်း ဒီမှာတစ်သက်လုံး နေဖို့ ငါ့အမေ့ဝိညာဉ်ပူးနေတဲ့ လိပ်ပြာနက်ကလေးက ဒီကိုခေါ်လာတာ၊ နောင်ဆို ငါဘယ်မှ မသွားတော့ဘူး၊ နင်တို့နဲ့ပဲ တစ်သက်လုံးနေတော့မှာ …’

ကချင်မလေး ချင်လောထုံ၏ မျက်နှာပေါ်တွင် ဝမ်းသာကြည်နူးသောမျက်ရည်များစီးကျလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤမြူတောခေါင်ခေါင် တောနက်သော တောင်ပေါ်ရွာလေးတွင် သူ့အပေါ်စွဲလမ်းမြတ်နိုး စွာချစ်နေသည့် ကချင်မလေးနှင့် ထူးဆန်းစွာ ဖူးစာဆုံရသည်။

သူ့ဘဝတွင် တောင်ယာစိုက်အမဲလိုက်မည်။ ခေါင်ရည်သောက်မည်။

ချစ်စရာကောင်းသော ကချင်မလေးတစ်ယောက်ကလည်း မခွဲမခွာ ရှိနေသည်။

ဒါကပင် ညစိုးဘဝ ဖြစ်သည်။

ယောက်ဖဖြစ်သူလုံထန်းက လက်မောင်းသွေးဖောက်ပြီး သစ္စာဆိုနိုင်းထားခဲ့သည်။

ဒီအရပ်ဒီမြေမှာ တစ်သက်လုံးနေထိုင်သွားပါမည်ဟု သစ္စာစကားဆိုထားသည်။ ဒီအရပ်ဒီဒေသမှ ခွဲထွက်မသွားချင်တော့ပေ။

ယုယကြင်နာတတ်သော ကချင်မလေး ချင်လောထုံသည် အလိုက်တသိပင် ခေါင်ရေဘူးများကို ယူလာပေးသည်။

ညစိုးက ခေါင်ရေများကို တရှိုက်မက်မက်သောက်ချလိုက်သည်။





'မျက်ရည်တွေသုတ်လိုက်ဦး ညီမ၊ ငါ့ဒီတ[illegible] မသွားဘူး၊ နှင့်ရင်ခွင်ထဲကနေပြီး ဘယ်ကိုမှ ထွက်မပြေး[illegible] စိတ်သာချ၊ ကြားလား ...'

'တကယ်လား ...'

'တကယ်ပြောတာပါ ညီမရယ်၊ ဟောဒီက အချစ်[illegible] မယားနဲ့ ဘယ်တော့မှ မခွဲတော့ဘူး ...'

ညစိုးသည် ချင်လောထုံ၏ လက်ကလေးကို ဆွဲယူ[illegible] အပြင်ဘက်သို့ ထွက်လာခဲ့ကြသည်။

အဖိုးကြီး ထန်ကျင်းထန်နှင့် လုံထန်းတို့သားအဖသည် ခေါင်ရည်မူးပြီးအိပ်ပျော်သွားကြသည်။

ချင်လောထုံကတဲကြီးနောက်ဘက်ရှိ မှောင်ရိပ်ကျသော ခဝဲစင်များ အောက်ရှိ ဝါးကွပ်ပျစ်လေးဆီသို့ ခေါ်လာခဲ့သည်။

ဝါးကွပ်ပျစ်လေးပေါ်တွင် နှစ်ယောက်ယှဉ်တွဲထိုင်[illegible]ကြသည်။

ထိုနေရာလေးသည်ပင် ပထမဆုံး ချစ်စကားများ [illegible] ရင်ဖွင့်ပြောခဲ့ကြသည့် နေရာဟောင်းလေးဖြစ်သည်။

ညက မှောင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ထဲတွင် တစ်ဦးရင်ခုန်သံ တစ်ဦးကြားနေရသည်။

ညစိုးသည် ကချင်မလေး ချင်လောထုံ ၏နူးညံ့အိစက်သော ကိုယ်လုံးလေးအား တင်းကျပ်စွာပွေ့ဖက်ထားရင်း ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်လေတော့သည်။

ဒေဝီ

ဖိုးလပြည့်စာပေ

www.burmeseclassic.com